## အပိုင်းကြီး (၂)
## လူနှင့်သူ၏ကမ္ဘာ(Man and His World)
### ကောင်းကင်တမန်များ(Angels)

ကျမ်းစာက ကောင်းကင်တမန်များကြောင်းကို ကောင်းကင်ဘုံအကြောင်းထက် ပို၍နည်းစွာ ပြောပြသည်။ ကျမ်းစာက အမှားလုပ်ခြင်း မဟုတ်ပါ။ ကယ်တင်ခြင်းအကြောင်း ကျွန်တော်တို့ သိဖို့လိုသမျှကို ပေးထားပါသည်။ ကျွန်တော်တို့၏ စပ်စုချင်သောစိတ် ကျေနပ်ဖို့တော့ ပြောမပြပါ။ ထို့ကြောင့် ကောင်းကင်တမန်များနှင့်ပတ်သက်၍၊ မှန်းဆကြရမည်မဟုတ်ပါ၊ ကောင်းကင်တမန်များသည် ကျွန်တော်တို့ဘဝများနှင့် ကယ်တင်ခြင်းတွင် နေရာရကြပါ သည် ဆိုယုံလောက်နှင့် ကျေနပ်ကြရပါမည်။

ကောင်းကင်တမန်များသည် ဝိညာဉ်များဖြစ်ကြသည်၊ ကောင်းကင်ဘုံသည် သူတို့၏အိမ်ဖြစ်သည်ဟု သိကြရပါသည်။ ကျမ်းစာအရ ကောင်းကင်တမန်တို့၏ နာမည်နှစ်ခုကိုလည်း သိရပါသည်၊ ဂါဗြေလ (ဂေဘရီအဲလ်)နှင့် မိက္ခေလ(မိုက်ကယ်) တို့ဖြစ်သည်။ ကောင်ကင်တမန် အမျိုးမျိုးရှိကြသည်ကိုလည်း သိရပါသည်၊ ကောင်းကင်တမန် မင်းများ(archangel)၊ ခေရုဗိန်(cherubim = ခြေရုဗင်မ်)၊ ဆီရာဖင်းမ်(seraphim = ဆရာယုဒသန်က "ကောင်းကင်တမန်သရပ်"ဟုဘာသာပြန်သည်၊ ဟေရှာ ၆း၂၆) စသည်တို့ဖြစ်သည်။ သူတို့တွင် မတူသောအဆင့်အတန်းများလည်းရှိကြပါသည်၊ ကောင်းကင်တမန်မင်းများ(archangel = chief angel = ခေါင်းဆောင်ကောင်းကင်တမန်များ) ကောလော သဲ ၁း၁၆။ သူတို့၏တာဝန်များလည်း ခြားနားကြသည်ဟု ကျမ်းစာကပြောပါသည်။ မိုက်ကယ်(မိက္ခေလ)သည် ခေါင်းဆောင်၊ စစ်သူရဲ၊ မင်းသားလဲ ဖြစ်ပါသည် (ဒံ ၁၂း၁၊ ယုဒ ၉၊ ဗျာ ၁၂း၇)။ ဂေဘရီအဲလ်(ဂါဗြေလ)သည် အမြဲတမ်း သံတော်ဆင့်(သတင်းပို့သူ)အနေနှင့် တွေ့ရပါသည် (လု ၁း၁၉၊၂၆)။ ဆီရာဖင်းမ်(ကောင်းကင်တမန်သရပ်) တို့သည် ဘုရားသခင့်ရှေ့တော်မှောက်တွင် ဝတ်ပြုကြသူများအဖြစ်တွေ့ရသည် (ဟေရှာ ၆း၁-၄)။ ခြေရုဗင်မ်(ခေရုဗိန်) တို့ အား ဘုရားသခင်၏ လှုပခန်းနားခြင်းနှင့်ဂုဏ်ကျက်သရေတို့ကို စောင့်ရှောက်ရသူများအဖြစ် တွေ့နိုင်ပါသည် (ကမ္ဘာ ၃း၂၄၊ ထွက် ၂၅း၁၈-၂၂၊ ယေဇ ၁၀း၁-၂၀)။

ကောင်းကင်တမန် အမြောက်အများရှိသည်ဟု ကျမ်းစာကပြောပါသည်။ ဟေဗြဲ ၁၂း၂၂ က ရေတွက်၍မကုန်နိုင်အောင် များပြားလှသောကောင်းကင်တမန်များဟု ပြောပါသည်။ သို့သော် အချို့ကောင်းကင်တမန်များသည် စာတန်နှင့်အတူ ကျဆုံးခဲ့ကြပါသည် (ဗျာ ၁၂း၄)။ ထိုသို့ အချို့ကောင်းကင်တမန်များနှင့်လူတို့ ကျဆုံးရခြင်းသည် ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း၊ ငြင်းပယ်တော်မူခြင်း အမိန့်တော်ကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ကျမ်းစာ တွင် ရွေးကောက်ခြင်းခံရသော ကောင်းကင်တမန်များ(၁တိ ၅း၂၁)ဟူ၍သာ ဖတ်ရသည်မဟုတ်ပါ၊ ထာဝရသံကြိုး များဖြင့် နောက်ဆုံးသောနေ့တရားစီရင်ခြင်းခံရချိန်တိုင် ချည်နှောင်ခြင်းခံရသော ကောင်းကင်တမန်များအကြောင်း ကိုလည်း ဖတ်ရပါသည် (ယုဒ ၆)။ ဟေဗြဲ ၁၂း၂၂ ကပြောသည့် ရွေးကောက်ခြင်းခံရသောကောင်းကင်တမန်များ သည် ကောင်းကင်သစ်မြေကြီးသစ်၏ ဂုဏ်ကျက်သရေတွင် တစိတ်တပိုင်း ပါဝင်ရပါမည်။ ကျဆုံးသောကောင်းကင် တမန်များမှာ၊ ဆိုးညစ်သောလူသားများနှင့်အတူ ငရဲထဲသို့ ပို့ခြင်းခံကြရမည်ဖြစ်သည် (ယုဒ ၆၊ ဗျာ ၂၀း၁၀)။

ထိုအချက်များမှလွဲ၍ ထပ်သိရခြင်းမရှိတော့ပါ။ သို့သော် သိရသမျှက အတော်လေးနှစ်သိမ့်စရာကောင်းပါ သည်။ ကောင်းကင်တမန်များနှင့်ပတ်သက်၍ ကျမ်းစာပြောသမျှကို ဟေဗြဲ ၁း၁၄ ဖြင့် ခြုံ၍ပြောနိုင်ပါမည်၊ "ကောင်းကင်တမန်များတို့ကား ကယ်တင်တော်မူခြင်းကျေးဇူးကို အမွေခံရလတံ့သောသူတို့ကို ပြုစုစေခြင်းငှာ စေလွှတ်တော်မူသော အစေခံဝိညာဉ်များ ဖြစ်ကြသည်မဟုတ်လော။" မည်မျှနှစ်သိမ့်စရာကောင်းပါသနည်း!

ထို့ကြောင့် ကောင်းကင်တမန်တို့၏ အဓိကအလုပ်မှာ ဘုရားသခင့်အစေခံများအဖြစ် ဘုရားသခင့်လူတို့ကို ကူညီရန်၊ သူတို့၏ကယ်တင်ခြင်းကို စောင့်ရှောက်ပေးရန်ဖြစ်သည် (ဒံ ၁၀း၁၃၊၁၄၊ ၁၂း၁၊ ဗျာ ၁၂း၇-၁၀)။ ထိုအတွက်ကြောင့် ကျွန်တော်တို့၏ ကယ်တင်ခြင်းနှင့်ပတ်သက်သည့် အဖြစ်အပျက်ကြီးတိုင်း၌ ကောင်းကင်တမန်တို့ ပါ နေရခြင်းဖြစ်သည်၊ သခင်ခရစ်တော်မွေးဖွားချိန် (လုကာ ၂း၉-၁၄)၊ သဲကန္တာရထဲတွင် စုံးစမ်းနှောက်ယှက်ခံရချိန် (မ သဲ ၄း၁၁)၊ ဂေသရှေမန်ဥယာဉ်တွင်း ဝေဒနာခံစားချိန် (လုကာ ၂၂း၄၃)၊ သခင်ယေရှု ထမြောက်ချိန် (လုကာ ၂၄း ၄-၇)၊ ကောင်းကင်သို့တက်ကြွချိန် (တမန် ၁း၁၀၊၁၁)။ မိမိလူများကို သူ့ထံသို့ သိမ်းယူရန် သခင်ယေရှု ဒုတိယအ ကြိမ် ပြန်လာချိန်တွင်လည်း ကောင်းကင်တမန်တို့ ရှိနေမည်ဖြစ်သည် (၂သက် ၁း၇)။

ကျွန်တော်တို့၏ကယ်တင်ခြင်းနှင့် အဆုံးသတ်ဂုဏ်ကျက်သရေရှိခြင်းတို့၌ ကောင်းကင်တမန်များ၏ စိတ်ဝင် စားခြင်းကို ကျမ်းစာကပြောပါသည် (၁ပေ ၁း၁၂)။ ကောင်းကင်တမန်တို့သည် ပရောဖက်များက ကြိုတင်ပြောခဲ့ သော သခင်ယေရှု၏ဝေဒနာခံစားခြင်းများ၊ ထို့နောက် ဆက်လိုက်လာသော ဂုဏ်ကျက်သရေရှိခြင်းအကြောင်းတို့ကို

အလွန်ကြည့်ချင်ကြသည်ဟု ထိုကျမ်းပိုဒ်ကပြောပါသည်။ ကျွန်တော်တို့၏ကယ်တင်ခြင်းအတွက် သူတို့ မည်မျှ ဂရုစိုက်ကြောင်း လှပသောသက်သေဖြစ်သည်။ ထို့ကြောင့် ကောင်းကင်တမန်များ တကယ်ရှိကြောင်း ယုံကြည်ရခြင်း သည် မည်မျှ နှစ်သိမ့်စရာကောင်းပါသနည်း!

ဧလိရှဲက သူ့တပည့်အား ကောင်းကင်တမန်များကိုမြင်ရန် မျက်စိကို ဖွင့်ပေးခြင်းမျိုး၊ ကျွန်တော်တို့အတွက် မလိုအပ်ပါ(၃ရာ ၆း၁၇)။ သူတို့ကို မမြင်ရသော်လည်း ကျွန်တော်တို့အနီးတွင် ရှိနေကြပါသည်။ ဘုရားသခင်က သူ့နတ်ကပတ်တော်ထဲတွင် ပြောပြထားပြီးဖြစ်ပါသည်။

## နတ်ဆိုးများ (Devils)

ကောင်းကင်တမန်များနှင့်ပတ်သက်၍ အဖြေမပေးနိုင်သော မေခွန်းအမြောက်အများရှိသလို၊ နတ်ဆိုးများ နှင့်ပတ်သက်၍လည်း အဖြေမပေးနိုင်သော မေးခွန်း အမြောက်အများရှိပါမည်။ သို့သော် ကျွန်တော်တို့ သိသင့်သိ ထိုက်သည်များကို ကျမ်းစာထဲတွင် ပြောပြထားပါသည်။

နတ်ဆိုးတို့သည် အပြစ်ထဲသို့ ကျဆုံးခဲ့ကြသော ကောင်းကင်တမန်များဖြစ်ကြပါသည်။ ကျမ်းပိုဒ်အတော် များများက စာတန်နှင့်သူ၏နတ်ဆိုးများကို ကောင်းကင်တမန်များဟု ခေါ်နေဆဲဖြစ်ပါသည် (၂ကော ၁၁း၁၄၊ ယုဒ ၆၊ ဗျာ ၁၂း၇-၉)။ ၂ပေ ၂း၄ နှင့် ယုဒ ၆ နှစ်နေရာစလုံးတွင် သူတို့သည် အပြစ်ပြု၍ "မိမိတို့နေရာမှန်ကို မစောင့် ထိန်းသူများ"ဟု ပြောထားသဖြင့်၊ သူတို့၏ ကျဆုံးခဲ့ခြင်းအကြောင်းကို ရှင်းစွာပြညွှန်ခြင်းဖြစ်သည်။ ဟေရှာယ ၁၄း ၄-၂၃ က စာတန်၏အပြစ်သည် မာနကြီးခြင်း၊ ဘုရားသခင်ကို တော်လှန်ပုန်ကန်ခြင်းဟု ပြောပြပါသည်။

ထိုဟေရှာယကျမ်းပိုဒ်က ဗာဗုလုန်နိုင်ငံဘုရင်ကို ရည်ညွှန်းခြင်းဖြစ်သော်လည်း၊ စာတန်ကိုလည်း ရည်ညွှန်း ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဗာဗုလုန်နိုင်ငံကို နောက်ကွယ်မှ ကြိုးကိုင်သည့်တန်ခိုးသည် စာတန်ဖြစ်ပါသည်။ ထို့အပြင် ဟေရှာယ (၁၄)တခုလုံး၏ ပရောဖက်ပြုခြင်းများက ဗာဗုလုန်ဘုရင်ထက် စာတန်ကိုရည်ညွှန်းနေကြောင်း တွေ့နိုင်ပါသည်။ ထို့ကြောင့် ဟေရှာယ(၁၄)က စာတန်၏ မကျဆုံးခင်နာမည်ကိုပင် ပြောပြပါသည်၊ ထိုစဉ်က သူ့ကို "လူစီဖာ၊ နံနက်သားမိုးသောက်ကြယ်"ဟု ခေါ်ခဲ့ကြသည်။

စာတန်ကျဆုံးခြင်းသည်၊ လူသားမကျဆုံးခင် ဖြစ်ပျက်ခဲ့ပါသည်။ ထို့ကြောင့် စာတန်သည် လူသားကျဆုံး ခြင်းကို အဓိကဖြစ်စေသူ ဖြစ်လာသည် (ယော ၈း၄၄)။ ဗျာဒိတ်ကျမ်း ၁၂း၄ ကို စာတန်နှင့်သူ့ကောင်းကင်တမန် များ ကျဆုံးခန်းဟု ယေဘုယျနားလည်ကြသည်။ ထို့ကြောင့် ကောင်းကင်တမန် အမြောက်အများ သူနှင့်အတူ ကျဆုံး ခဲ့ကြပါသည်။ သို့သော် အရေအတွက်အရ တကယ့်သုံးပုံတပုံ ကျဆုံးခဲ့ပါသလား? (သို့) နိမိတ်ပုံလား ဆိုသည်ကို တော့ ပြောရခက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုစာအုပ်ထဲမှ နံပတ်အတော်များများသည် နိမိတ်ပုံများ ဖြစ်ကြ သည်။

နတ်ဆိုးတွင် ကြီးသောတန်ခိုးစွမ်းအားရှိပါသည်။ စာတန်ကို ဤလောကကြီး၏ဘုရား၊ အိမ်ရှေ့မင်းသားဟု ခေါ်ပါသည် (ယော ၁၂း၃၁၊ ၂ကော ၄း၄)။ သူ၏တန်ခိုးစွမ်းအား ကြီးလွန်းသဖြင့် မိမိတို့၏ခွန်အားဖြင့် ကျွန်တော် တို့ သူ့ကို မခံနိုင်ပါ (ဧဖက် ၆း၁)။ ၁ပေ ၅း၈ က သူ့ကို ဟိန်းဟောက်နေသောခြင်္သေ့ကြီးနှင့် ခိုင်းနှိုင်းပါသည်။ မည် သူ့ကို ကိုက်ဖဲ့စားသောက်ဝါးမြိုပစ်ရမည်နည်းဟု ရှာနေပါသည်။

စာတန်၏တကယ့်တန်ခိုးသည် လိမ်ညာခြင်း၊ ကလိန်ကျခြင်း၊ ဖျားယောင်းခြင်းတန်ခိုး ဖြစ်သည်(ယော ၈း ၄၄၊ ဗျာ ၁၃း၁၄၊ မသဲ ၄)။ အထက်ဖော်ပြသောနည်းလမ်းတို့ဖြင့် ဤကမ္ဘာကြီး၏သားသမီးတို့ကို စာတန်က ကျွန် အဖြစ် ချုပ်ကိုင်ထားသည် (၂ကော ၄း၄)။ သူသည် အသင်းတော်နှင့်ယုံကြည်သူတို့အတွက် တကယ့်ရန်သူကြီး ဖြစ်ပါသည်။ သူ၏နာမည်ကိုယ်၌က ထိုအချက်ကိုပြောပြပါသည်။ "စာတန်"ဆိုသည်မှာ "ဆန့်ကျင်သူ" "စွပ်စွဲသူ"ဖြစ် သည်။ "နတ်ဆိုး"ဆိုသည်မှာ "မကောင်းပြောသူ"ဟု အဓိပ္ပါယ်ရပါသည်။ သူ၏ လိမ်ညာခြင်းများနှင့် မကောင်းပြော ခြင်းများကြောင့် သူ့ကို "အပိုလီယွန်" ဖျက်ဆီးသူဟုလည်း ခေါ်ပါသည် (ဗျာ ၉း၁၁)။ သူ၏လိမ်ညာခြင်းဖြင့် ကျွန် တော်တို့၏ ပထမဆုံးမိဘများကို သတ်ဖြတ်ခဲ့ပါသည် (ယော ၈း၄၄)၊ ယနေ့တိုင်အောင် ယောက်ကျားမိန်းမ အများ ကို ဆက်၍ သတ်ဖြတ်ဆဲဖြစ်ပါသည်။

စာတန်သည် တန်ခိုးကြီးလှသော်လည်း သူ့ကို ကျေးဇူးတော်အားဖြင့် ခုခံတားဆီးနိုင်ကြောင်းသိခြင်းသည် ခရစ်ယာန်တို့အဖို့ အရေးကြီးပါသည်။ ထိုအခါ သူသည် ထွက်ပြေးသွားပါမည်။ ယာကုပ် ၄း၇ က သခင်ယေရှု၏စုံ စမ်းခြင်းခံရမှုမှ ကျွန်တော်တို့လည်း မည်ကဲ့သို့ စာတန်ကို ခုခံတားဆီးနိုင်ကြောင်း သင်ပြပေးပါသည်။ ဘုရားသခင် ၏ကျမ်းစာကို သိခြင်း၊ ဝန်ခံခြင်း၊ ဆုတောင်းခြင်းတို့ဖြင့် ခုခံတားဆီးနိုင်ပါသည်။

စာတန်သည် တန်ခိုးကြီးသော်လည်း၊ သူသည် ဘုရားသခင်၏အစိုးရတော်မူသော ထိန်းချုပ်ခြင်း၊ လမ်းညွှန်ခြင်း အောက်၌သာ ရှိနေကြောင်း သိထားရပါမည် (မဿဲ ၁၂း၂၉၊ ဗျာ ၂၀း၂)။ ထို့နောက် သူ့ကို ဆိုးညစ်ခြင်းအမှု ပြုသူ များအားလုံးနှင့်အတူ ထာဝရငရဲမီးအိုင်သို့ ချပစ်မည်ဖြစ်သည်(ဗျာ ၂၀း၁၀)။ ထို့ကြောင့် မာတင်လူသာက "ခွန်အား ကြီးလှသောရဲတိုက်သည် ငါတို့ဘုရားဖြစ်သည်၊" "အမှောင်ကမ္ဘာ၏အိမ်ရှေ့မင်းသား ခက်ထန်တင်းမာ၏၊ သို့သော် ငါတို့မကြောက်"ဟု သီချင်းဖွဲ့ဆိုခဲ့ခြင်းဖြစ်သည်။

နတ်ဆိုးတို့အကြောင်းအား ကျွန်တော်တို့ထံ သိစေသည့်အကြောင်းမှာ ဘုရားသခင်၏သံကိုယ်ချပ်အင်္ကျီ ဝတ်လျှက်၊ သူ၏မီးမြားများကို ခုခံနိုင်ရန်ဖြစ်သည်။ ထိုသို့ပြုကြပါမည်၊ မတုန်လှုပ်ကြပါ။

## ခြောက်ရက်အတွင်းဖန်ဆင်းခြင်း(Creation in Six Days)

ယနေ့ခေတ်လူအများက ကမ္ဘာဦးကျမ်း ၁ မှ ၃ တွင် ပြောပြသော ဖန်ဆင်းခြင်းအကြောင်းကို အမှန်ဟု မယူဆကြတော့ပါ။ အံ့ဩစရာတော့မဟုတ်ပါ။ အံ့ဩစရာကောင်းသည်မှာ အချို့ခရစ်ယာန်များကလည်း ကမ္ဘာဦး ကျမ်း ၁ မှ ၃ အထိကို ယုံချင်ယုံ၊ ဆင့်ကဲဖြစ်ပေါ်မှုသီအိုရီကို ယုံချင်ယုံ ဘာမှမထူးပါဟု တွေးလာကြခြင်းဖြစ်ပါ သည်။ ကျမ်းစာက မှတ်တမ်းတင်ပေးသော ဖန်ဆင်းခြင်းအကြောင်းကို တကယ့်သမိုင်းအဖြစ်အပျက်ဖြစ်သည်ဟု လက်ခံခြင်းသည် မရှိမဖြစ်အရေးကြီးကြောင်း ကျွန်တော်တို့ယုံကြည်ပါသည်။ ကျမ်းစာက ဘာကြောင့်အရေးကြီးခြင်း ကို ပြပါသည်။

ကမ္ဘာ ၁ မှ ၃ကို ငြင်းပယ်ခဲ့လျှင်၊ ကျမ်းစာသည် အစမှအဆုံးတိုင် ဘုရားသခင်ကမှုတ်သွင်းထားသဖြင့် မမှား နိုင်ကြောင်းကို ငြင်းပယ်ရာရောက်ပါသည်။ ၂တိ ၃း၁၆ "ကျမ်းစာရှိသမျှသည် ဘုရားသခင်၏ မှုတ်သွင်းတော်မူခြင်း အားဖြင့် ဖြစ်သည်၊"ကို ငြင်းလိုက်ခြင်းဖြစ်သည်။

ထိုမျှမကပါ၊ ထိုသို့ယုံလျှင် အခြားသောကျမ်းပိုဒ်အတော်များများကိုလဲ ငြင်းပယ်ဖို့လိုလာပါမည်။ ထိုသို့ပြု ခြင်းဖြင့် ဘုရားသခင်နှင့်သခင်ယေရှုခရစ်တော်သည် လိမ်ညာသူများဖြစ်သည်ဟု ပြောရာရောက်ပါသည်။ ဥပမာ စတုတ္ထပညတ်တော်ကိုကြည့်ပါ၊ "ခြောက်ရက်ပတ်လုံး အလုပ်မျိုးကို ကြိုးစား၍ လုပ်ဆောင်လော့၊ သတ္တမနေ့ရက် သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏၊ အကြောင်းမူကား ထာဝရဘုရားသည် မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင်ဖန်ဆင်း၍ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာ နေတော်မူ၏၊ ထို့ ကြောင့် ထာဝရဘုရားသည် သတ္တမနေ့ကိုကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ၏"(ထွက် ၂၀း၉-၁၁)။ ဘုရားသခင် သူဘာလုပ်ခဲ့ကြောင်း မသိဘဲနေမည်လော?

သင်က လူသားသည် "ဆင့်ကဲပြောင်းလဲမှုဖြင့်"ဖြစ်ပေါ်လာသည်ဟု ထင်နေလျှင် သခင်ယေရှုပြောသော စ ကားကို တွေးကြည့်ပါ၊ "ကိုယ်တော်က အစအဦး၌ ဖန်ဆင်းတော်မူသောသူသည်၊ ယောကျ်ားနှင့်မိန်းမ နှစ်ယောက် တည်းကို ဖန်ဆင်းတော်မူ၏၊ ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကို စွန့်၍ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့်၊ ထိုသူနှစ်ယောက်တို့သည် တသားတကိုယ်တည်း ဖြစ်ရလိမ့်မည်ဟု ကျမ်းစာဆိုသည်ကို မဖတ်ဘူးကြသလော၊" (မ ဿဲ ၁၉း၄၊၅)။ သခင်ယေရှုကရည်ညွှန်းသောကျမ်းပိုဒ်တို့မှာ ကမ္ဘာ ၁း၂၇၊ ၂း၂၄ တို့ဖြစ်သည်။ သခင်ယေရှုက ကမ္ဘာ ဦးကျမ်း၏ ပထမအခန်းကြီး နှစ်ခန်းကို မှန်သည်ဟု ယုံကြည်ပါသည်။ ကျွန်တော်တို့လဲ ယုံကြည်သင့်သည် မဟုတ် ပါလော?

လူသည် ဆင့်ကဲပြောင်းလဲမှုဖြင့် ဖြစ်လာသည်ဟု သင်ယုံကြည်လျှင်၊ တကယ့်အာဒံ မရှိပါဟု ယုံလာရပါ မည်၊ ထိုအခါ အပြစ်ထဲကျဆုံးသွားမှုမရှိ၊ မူလအပြစ်မရှိဟု ပြောလာရပါမည်၊ ၎င်းတို့ကို သင်ပေးသော ရောမဩဝါဒ စာ အခန်းကြီး(၅)သည် မဖြစ်နိုင်ပါဟု ပြောရတော့မည်ဖြစ်သည်။ ထိုကျမ်းပိုဒ်က တကယ့်လူသား အာဒံရှိခဲ့သည်၊ သူ အပြစ်ထဲ ကျဆုံးခဲ့သည်၊ သူ့အားဖြင့် အပြစ်နှင့်သေခြင်းသည် လူသားတရပ်လုံးထံရောက်လာသည်ဟု ပြောနေပါ သည်။ ကမ္ဘာဦးကျမ်း ၁ မှ ၃ ၏မှန်ကန်မှုကို ငြင်းပယ်ခြင်းသည်၊ တကယ့်လူသားတယောက် ရှိခဲ့ဘူးသည်ကို ငြင်း နေခြင်းဖြစ်သည်၊ ထို့ကြောင့် အပြစ်နှင့်သေခြင်းအတွက် အဖြေမရှိခြင်းဖြစ်သည်။ ထို့အပြင် ပထမဆုံးလူသားအာဒံ ရှိခဲ့ကြောင်းကို ငြင်းလျှင်၊ နောက်ဆုံးအာဒံဖြစ်သော သခင်ယေရှုကို မည်သို့ယုံကြည်နိုင်မည်နည်း? သူ့အားဖြင့်သာ ကယ်တင်ခြင်းရှိသည်ကို မည်သို့ယုံနိုင်မည်နည်း? (၁ကော ၁၅း၄၅၊၄၇)။

ကမ္ဘာဦးကျမ်း၏ ဖန်ဆင်းခြင်းအကြောင်းကို ငြင်းပယ်လျှက်၊ သခင်ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် ယုံကြည် ခြင်းသည် မဖြစ်နိုင်သောကိစ္စဖြစ်ပါသည်။ ခရစ်တော်သည် နောက်ဆုံးအာဒံ ဖြစ်ယုံသာမကပါ၊ ဖန်ဆင်းခြင်းအ ကြောင်း၊ အပြစ်ထဲကျဆုံးခြင်းအကြောင်းတို့ကြောင့်သာ သူ့ကို လိုအပ်ရခြင်းဖြစ်ပါသည်။ ပထမဆုံးအာဒံ မရှိခဲ့ပါဟု ဆိုခြင်းသည်၊

အပြစ်ထဲသို့ ကျဆုံးခဲ့ခြင်းလဲ မရှိခဲ့ပါဟု ဆိုရာရောက်ပါသည်။ အာဒံထံမှဆင်းသက်လာသော မူလအ ပြစ် မရှိပါ၊ ထို့ကြောင့် ခရစ်တော်လဲ မလိုအပ်ပါဟု ပြောခြင်းဖြစ်ပါသည်။ သူသည် လူသား၏ဆင့်ကဲဖြစ်ပေါ် ပြောင်းလဲမှုဖြစ်စဉ်တွင် မှားယွင်းနေခြင်းတခုခုကို မှန်အောင်ပြင်ပေးပေးဖို့သာ လာရောက်လျှက်၊ အသေခံတော်မူခဲ့ ခြင်းတော့ မဟုတ်ရပါခြေ။

ဖန်ဆင်းခြင်းကိုယုံကြည်မှုဩဝါဒနှင့် ဆင့်ကဲဖြစ်ပေါ်ပြောင်းလဲမှုဩဝါဒကြားရှိ ခြားနားမှုသည် အရေးကြီးလှ ပါသည်။ ကယ်တင်ခြင်းနှင့်ပတ်သက်သည်အထိ အရေးကြီးပါသည်။ ထိုသို့ပြော၍ ထိုဝါဒဖြင့် လိမ်ညာခြင်းခံနေကြရ သော တကယ့်ယုံကြည်သူများ မရှိပါဟု ပြောခြင်းတော့မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော်တို့သည် ဖန်ဆင်းခြင်းနှင့် ဖန်ဆင်းသူကို ယုံကြည်ကြရပါမည်။ ထိုအကြောင်းကို သင်ပေးသောကျမ်းစာနှင့် သခင်ခရစ်တော်ကို ယုံကြည်ကြပါ မည်၊ သူသည် ဖန်ဆင်းရှင်ဖြစ်ပါသည် (ယော ၁း၃)၊ ဘုရားသခင့်ကျေးဇူးတော်အားဖြင့် ဖန်ဆင်းခြင်းအကြောင်းကို ယုံကြည်ကြလျှက်၊ မိမိတို့၏ကယ်တင်ခြင်းလိုအပ်မှုကို သိလာကြသူများ၏ ကယ်တင်ရှင်လည်း ဖြစ်တော်မူပါသည်။

## ဆင့်ကဲဖြစ်ပေါ်မှုဝါဒအကြောင်း (Evolutionism)

တခါတရံ လူအများက ဒါဝင်နောက်လိုက်များ (သို့) ထိုသို့သောသူများ၏ သွန်သင်ချက်ဖြစ်သော ဆင့်ကဲ ဖြစ်ပေါ်မှုဝါဒ သီအိုရီသည်၊ သိပ္ပံနည်းကျသည်ဟု ထင်နေကြပါသည်၊ ထို့ကြောင့် ကျမ်းစာက သင်ပေးသော ဖန် ဆင်းခြင်းအကြောင်းနှင့် ထိုဝါဒ၏ပြောပြမှုတို့ ဆန့်ကျင်ဖက်ဖြစ်သောအခါ ဆင့်ကဲဖြစ်ပေါ်မှုဝါဒသာမှန်သည်ဟု ယူ ဆလေ့ရှိကြပါသည်။ ဆင့်ကဲဖြစ်ပေါ်မှုဝါဒသည် အချက်အလက်စနစ်ကျသည်၊ ဖန်ဆင်းခြင်းအကြောင်းမှာ ဘာသာ ရေးအရ ယုံကြည်မှုတခုမျှသာဟု ပြောကြလေ့ရှိပါသည်။ ထိုသို့ပြောခြင်းသည် လိမ်ညာခြင်းဖြစ်ပါသည်။

ဆင့်ကဲဖြစ်ပေါ်မှုဝါဒ၏ အခြေခံအကျဆုံးအကြောင်းတရားသည် စနစ်ကျသောအချက်အလက်တို့ မဟုတ် ပါ၊ ယုံကြည်ချက်တခုသာ ဖြစ်ပါသည်။ ဆင့်ကဲဖြစ်ပေါ်မှုဝါဒသည် ဘာသာရေးတခုကဲ့သို့ ယုံကြည်ချက်တခုမျှသာ ဖြစ်ပါသည်။ ကျမ်းစာက အရာခပ်သိမ်းတို့၏အစကို ပြောပြသလို၊ ဆင့်ကဲဖြစ်ပေါ်မှုဝါဒကလည်း အရာခပ်သိမ်း၏အ စကို ပြောပြပါသည်။ အမှန်အတိုင်းပြောရလျှင် ဆင့်ကဲဖြစ်ပေါ်မှုဝါဒသည် ဘုရားသခင်မပါဘဲ အရာခပ်သိမ်း၏အစ ကို ရှင်းပြချင်သော လူတစု၏ ဘာသာရေးတမျိုး ဖြစ်ပါသည်။ ထိုသူတို့က ဘုရားသခင်ကို ဖန်ဆင်းရှင်အဖြစ်မှ၄င်း၊ အရာခပ်သိမ်းကို ဖန်ဆင်းပြီး ဆက်လက်စောင့်ရှောက်သော ဘုရားအဖြစ်မှ၄င်း မောင်းထုတ်ချင်ကြပါသည်။

ထို့ကြောင့် ဆင့်ကဲဖြစ်ပေါ်မှုဝါဒကို အမှန်အတိုင်းပြောရလျှင်၊ ဘုရားမဲ့ဝါဒ ဖြစ်ပါသည်။ ဘုရားသခင်၏ တည်ရှိမှုကို ငြင်းဆိုသောဘာသာရေး၊ ဘုရားသခင်ကို မိမိဖန်ဆင်းသောနေရာတွင် နေရာမပေးချင်သော ဘာသာ ရေးတခု ဖြစ်ပါသည်။ ၄င်းဝါဒသည် မယုံကြည်သူတယောက်က ဘုရားမပါဘဲ အရာခပ်သိမ်း၏အစကို ရှင်းပြနိုင်ဖို့ ကြိုးပမ်းချက်တရပ်သာ ဖြစ်ပါသည်။ ထို့ကြောင့် ကျမ်းစာနှင့် သိပ္ပံပညာဟု မှားယွင်းစွာခေါ်နေကြသော ဆင့်ကဲဖြစ် ပေါ်မှုဝါဒ၏ သင်ပေးမှုတို့ကို ရောနှော၍ မဖြစ်နိုင်ပါ (၁တိ ၆း၂၀ - O Timothy, keep that which is committed to thy trust, avoiding profane *and* vain babblings, and oppositions of science falsely so called: [KJV])။

ဆင့်ကဲဖြစ်ပေါ်မှုဝါဒ၏ "အချက်အလက်"ဟု ခေါ်သောအရာတခုကို ဥပမာပြပါမည်၊ အချက်အလက် လည်း မဟုတ်သလို၊ သိပ္ပံနည်းကျစွာ သက်သေပြထားခြင်းလည်း မဟုတ်ကြောင်း တွေ့ရပါမည်၊ ၄င်းမှာ "တပြေးတ ညီတည်းရှိခြင်းဝါဒ"၏ဥပဒေသ(the principle of uniformitarianism)ဖြစ်ပါသည်၊ ထိုဥပဒေသက ပြောချင်သည်မှာ အရာခပ်သိမ်းတို့သည် သတ်မှတ်ထားသော၊ မည်သည့်အခါတွင်မျှ မပြောင်းလဲသော သဘာဝဥပဒေသတို့ဖြင့် ဖြစ် နေကြသည် ဟူ၍ဖြစ်သည်။ ထို့ကြောင့် တပြေးတညီတည်းရှိခြင်းဝါဒ မမှန်လျှင်၊ ဆင့်ကဲဖြစ်ပေါ်မှုဝါဒလည်း မှန်နိုင် မည်မဟုတ်ပါ။ ထို့အပြင် မည်သည့်သိပ္ပံပညာရှင်ကမှလည်း ဆင့်ကဲဖြစ်ပေါ်မှုဝါဒ မှန်ကန်ကြောင်း သက်သေပြနိုင် ခြင်း မရှိပါ။ ဘုရားသခင်ကဲ့သို့ အရာခပ်သိမ်း စတင်ခဲ့သောအချိန်မှ ယနေ့ချိန်အထိ နေနိုင်သူကသာ မည်သည့် အ ခါတွင်မှ ပြောင်းလဲခြင်းမရှိပါဟု မည်ကာမတ္တခေါ်နေကြသော "သဘာဝဥပဒေသများ" ရှိနိုင်မည် မရှိနိုင်မည်ကို သိ နိုင်ပါမည်။

ကျမ်းစာက တပြေးတညီတည်းရှိခြင်းဝါဒ ဥပဒေသများ မှားကြောင်း ပြောပြပါသည်။ တပြေးတညီတည်းရှိ ခြင်းဝါဒက အရာခပ်သိမ်းသည် အစအဦးကအတိုင်း ဆက်လက်၍ တည်ရှိနေကြသည်ဟု ပြောပါသည်။ မည်သည့် အချိန်တွင်မဆို ထိုသို့ဖြစ်သည်ဟု ပြောပါသည်။ ၄င်းဝါဒက ဓါတ်ရောင်ခြည်ထုတ်လွှင့်မှုလျော့ပါးခြင်း(radioactive decay)၊ အနယ်ထိုင်ခြင်းနှုန်းထား(sediments)၊ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်တည်မှုနှုန်းထား(formation of fossils)၊ ပွတ် တိုက်စားခြင်း(erosions) စသည်တို့ကဲ့သို့သောအရာများသည် သတ်မှတ်ထားသောသဘာဝဥပဒေသများအရသာ(ac-

cording to fixed natural laws) ဖြစ်နေကြသည်ဟု ပြောကြပါသည်။ ကျမ်းစာက ထိုသို့မဟုတ်ကြောင်း ရှင်းလင်းစွာ ပြောပြပါသည် (၂ပေ ၃း၃-၇)။ တနေ့သောအခါ ထိုသို့သော မယုံကြည်သူတို့၏ ဝါဒအများ ပေါ်လာမည်ကို ကြိုသိ ၍၊ သန့်ရှင်းသောဝိညာဉ်တော်က အရာခပ်သိမ်းသည် အမြဲတမ်း တပုံစံတည်း မဟုတ်ကြောင်း ထိုကျမ်းပိုဒ်တို့၌ပြော ထားပါသည်။ ရေလွှမ်းမိုးခြင်းမတိုင်မှီက အလွန်ခြားနားသောကမ္ဘာကြီး ရှိခဲ့ပါသည်။ ထိုကမ္ဘာကြီးသည် ကြီးမားလှ သောရေလွှမ်းမိုးခြင်းကြောင့် ပျက်ဆီးသွားပြီဖြစ်သည်၊ မရှိတော့ပါ။ ဘုရားသခင်ကိုယ်တိုင်က ရေလွှမ်းမိုးခြင်းဖြင့် ကမ္ဘာကြီး၏ သဘာဝကို လုံးဝပြောင်းပစ်ခဲ့ပါသည်။ နောက်ဆုံးသောအချိန်ရောက်လျှင် နောက်တခါ ထိုသို့ လုံးလုံး ပြောင်းပစ်ခြင်းကို လုပ်ဦးမည်ဖြစ်သည်။ ထို့ကြောင့် လူတို့၏ "သိပ္ပံနည်းကျ"ဟုခေါ်သော "ဝါဒ"များသည် ရေလွှမ်း မိုးပြီးနောက်ပိုင်းချိန်များကိုသာ ထောက်ခံနေပါသည်။ ရေလွှမ်းမိုးခြင်း မတိုင်မှီကခေတ်နှင့်ပတ်သက်၍ ဘာကိုဘာမှ မပြောနိုင်ကြပါ။

ကျွန်တော်တို့သည် ဖန်ဆင်းခြင်းဝါဒကို သက်သေပြရန် မကြိုးစားပါ၊ ကျမ်းစာကပြောပြသော ခြောက်ရက် အတွင်း ဘုရားသခင်က အရာခပ်သိမ်းကို ဖန်ဆင်းသည်ဟုဆိုခြင်းသည် သက်သေပြခြင်းနှင့် မဆိုင်ပါ၊ ဘုရားသခင် ကို ယုံကြည်ခြင်းနှင့်သာ ဆိုင်ပါသည်။ "ယခုမြင်ရသောအရာတို့သည် အရင်ထင်ရှားသောအရာထဲက မဖြစ်ဘဲ၊ လောကဓါတ်တို့သည် ဘုရားသခင်၏အမိန့်တော်ကြောင့်သာ တည်ကြသည်ကို ငါတို့သည် ယုံကြည်ခြင်းအားဖြင့် သိ ကြ၏" (ဟေဗြဲ ၁၁း၃)။ ဆင့်ကဲဖြစ်ပေါ်ခြင်းဝါဒသည် မယုံကြည်ခြင်းဖြစ်သည်။ ယုံကြည်ခြင်းက လူသားထက် ဘု ရားသခင်ကိုသာ နားထောင်ပါသည်။

### ဘုရားသခင်ရှိကြောင်းလက်ခံသော ဆင့်ကဲဖြစ်ပေါ်မှုဝါဒအကြောင်း (Theistic Evolutionism)

ဒါဝင်ခေတ်မှစ၍၊ လမ်းမှားနေသောခရစ်ယာန်အချို့တို့သည် ဆင့်ကဲဖြစ်ပေါ်မှုဝါဒနှင့်ကျမ်းစာကို ရောနှော လျှက် ဝါဒတရပ်ကိုတည်ထောင်ရန် အမြဲကြိုးပမ်းခဲ့ကြပါသည်။ ထိုသို့ကြိုးပမ်းသောဝါဒများကို "ဘုရားရှိကြောင်း လက်ခံသောဆင့်ကဲဖြစ်ပေါ်မှုဝါဒ"ဟုခေါ်နိုင်ပါမည်။ ထိုဝါဒ၏ဥပမာများကို အောက်ပါအတိုင်းတွေ့နိုင်ပါမည်၊-

ကွာဟချက်သီအိုရီ (gap theory)၊ ထိုသီအိုရီက ကမ္ဘာဦးကျမ်း ၁း၁ နှင့် ၁း၂ ကြားတွင် ကွာဟနေသောအ ချိန်ကာလကြီးတခုရှိသည်၊ ထိုအချိန်သည် နှစ်သန်းထောင်ပေါင်းများစွာကြာသည်၊ ထိုအချိန်များတွင် ဆင့်ကဲဖြစ်ပေါ် မှုဖြစ်လာခဲ့သည်၊ ထိုပထမကမ္ဘာကြီးသည် ပျက်သွားခဲ့သည်၊ ထို့ကြောင့် ဆင့်ကဲဖြစ်ပေါ်မှုဝါဒပြောသော နှစ်ပေါင်း များစွာကြာခဲ့သည် ဆိုသည့်အထောက်အထားများသည် ထိုပထမကမ္ဘာတွင်ဖြစ်ခဲ့သောအရာများဖြစ်သည်ဟု ပြောပါ သည်။ သို့သော် ကျမ်းစာက ထိုသို့သောအဖြစ်အပျက်ရှိသည်ဟု နည်းနည်းကလေးမှ အထောက်အထားမပေးပါ။

နေ့တနေ့သည်နှစ်များစွာကြာသည်ဟုပြောသောသီအိုရီ(day-age theory) (သို့) အချိန်ကာလသီအိုရီ(period theory) ထိုသီအိုရီက ကမ္ဘာဦးကျမ်း ၁ နှင့် ၂ တွင်ပြောသောနေ့များသည် အမှန်ဆိုလျှင် ကြာညောင်းလှသောအ ချိန်ကာလကြီးများကို ဆိုလိုသည်ဟု ယူဆပါသည်။ ထိုသို့ကြိုးပမ်းချက်ကို ထွက်မြောက်ရာကျမ်း၂၀း၈-၁၁ ဖြင့်လွယ် ကူစွာအဖြေပေးနိုင်ပါသည်။ ထိုကျမ်းပိုဒ်က ကမ္ဘာဦးကျမ်း ၁ မှ နေ့များသည် ၂၄ နာရီ တရက်ဖြစ်ကြောင်း ရှင်းစွာ ပြောပြပါသည်။

ဒဏ္ဍာရီသီအိုရီ(myth theory) ထိုသီအိုရီက ကမ္ဘာဦးကျမ်း ၁ မှ ၃ အထိသည် တကယ့်သမိုင်းအဖြစ်အပျက် မဟုတ်ပါ၊ ဂန္ထဝင်ကဗျာရှည်ကြီး၊ ဒဏ္ဍာရီတပုဒ်၊ (သို့) အမှန်တရားတစုံတခုကို သင်ပြသောအကြောင်းအရာတခုမျှ သာဖြစ်သည်၊ တကယ်ဖြစ်ပျက်ခဲ့ခြင်းကို မှတ်တမ်းတင်ထားသည်မဟုတ်ပါဟု ယူဆသည်။ ဤသီအိုရီအတွက်အခက် အခဲမှာ သခင်ယေရှုနှင့်တမန်တော်များက ကမ္ဘာဦးကျမ်း ၁ မှ ၃ ကို တကယ့်သမိုင်းအဖြစ်အပျက်ဟု လက်ခံခြင်းပင် ဖြစ်သည် (မဿဲ ၁၉း၄၊ ရောမ ၅း၁၂၊ ၁ကော ၁၅း၄၅-၄၇)။

ထိုသီအိုရီအားလုံးသည် ကျမ်းစာ၏ရှင်းလင်းစွာသင်ပြနေသော ခြောက်ရက်အတွင်းဖန်ဆင်းတော်မူခြင်း၊ ကမ္ဘာဦးကျမ်း၏ ပထမအခန်းကြီးများ၏ သမိုင်းအရတကယ်ဖြစ်ပျက်မှန်ကန်ခြင်းတို့အောက်တွင် ဆုံးရှုံးကြပါသည်။

ဘုရားသခင်ကိုယ်တိုင်က ထွက်မြောက်ရာကျမ်း ၂၀း၈-၁၁ တွင် သာမန်ခြောက်ရက်အတွင်း အားလုံးကိုဖန် ဆင်းသည်ဟု ပြောပြပါသည်။ ထိုနေ့များသည် ကျွန်တော်တို့၏နေ့ရက်များနှင့် အတူတူဖြစ်ကြပါသည်။ သခင်ယေရှု နှင့်ရှင်ပေါလုတို့ကလည်း တကယ့်အာဒံရှိခဲ့ကြောင်း ယုံကြပါသည်။ ထိုပထမဆုံးလူသားကို ဘုရားသခင်က ဖန်ဆင်း ခဲ့ခြင်းဖြစ်သည်၊ ဆင့်ကဲဖြစ်ပေါ်မှုအရ ဖြစ်လာခဲ့ခြင်းမဟုတ်ပါ (မဿဲ ၁၉း၄-၆၊ ၁ကော ၁၅း၄၅)။ ရှင်ပေတရုသည် ဖန်ဆင်းခြင်းဝါဒီ(creationist)ဖြစ်ပါသည် (၂ပေ ၃း၅)။ ယောဟန်လဲ ထို့အတူပင် (၁ယော ၃း၁၂)။

ဘုရားသခင်က ပညတ်တော်များကိုပေးသည့်အချိန်၌ သူဘာပြောသနည်းဆိုသည်ကို မသိခဲ့ပါဟု မည်သူပြောရဲပါသနည်း? သခင်ယေရှုက ထိန်းမြားခြင်း၏နမူနာပုံစံအဖြစ် အာဒံနှင့်ဧဝတို့အကြောင်းကို ပြောနေသောအခါ၊ အဓိပ္ပါယ်မရှိသော ပေါက်ကရစကားများ ပြောနေခြင်းဖြစ်သည်ဟု မည်သူပြောရဲပါသနည်း? ရှင်ပေါလုက အာဒံကို ပထမဆုံးလူသားဟု ခေါ်သည့်အခါ သူသည် လိမ်ညာနေသည်ဟု မည်သူပြောရဲပါသနည်း?

ထို့ကြောင့် ကမ္ဘာလောကကြီး၏အစ ဖြစ်ပေါ်မှုနှင့်ပတ်သက်၍ ဘာကိုယုံယုံ ကိစ္စမရှိပါဟု ပြောခြင်းသည် လိမ်ညာခြင်းဖြစ်ပါသည်။ ထို့ကြောင့် အခြားသောယုံကြည်ချက်များကို မထိခိုက်ဘဲ ဆင့်ကဲဖြစ်ပေါ်မှုဝါဒကို လက်ခံနိုင်ပါသည်ဟုပြောခြင်းသည်၊ အထူးသဖြင့် သခင်ခရစ်တော်ကို ကယ်တင်ရှင်အဖြစ်ယုံကြည်ခြင်းကို မထိခိုက်ပါဟု ပြောခြင်းသည် လိမ်ညာခြင်းသာဖြစ်ပါသည်။ သခင်ယေရှု၏မှုကန်ခြင်း၊ ဘုရားသခင်၏ဖြောင့်မှန်မှန်ကန်ခြင်းကို စော်ကားခြင်းဖြစ်ပါသည်။

သို့သော် ဆင့်ကဲဖြစ်ပေါ်မှုဝါဒနှင့်ပတ်သက်၍ အငြင်းပွားမှုသည်၊ ဘုရားသခင်၏မှန်ကန်ခြင်း၊ ကျမ်းစာရေးသားသူများ၏မှန်ကန်ခြင်းနှင့်သာ ပတ်သက်သည်မဟုတ်ပါ၊ ကျမ်းစာ၏ဩဝါဒနှင့်လည်း တိုက်ရိုက်သက်ဆိုင်ပါ သည်။ ကျမ်းစာက ကမ္ဘာဦးကျမ်း ၁ မှ ၁၁ အထိ၏ သမိုင်းကြောင်းအရ မှန်ကန်ခြင်းကို တောက်လျှောက် ဖော်ပြပါ သည်။ ကျမ်းစာက မှန်ကန်လျှက်၊ လူသားတို့က လိမ်ညာသူများဖြစ်နေပါသလား? (သို့) လူသားတို့က ကြိုက်ရာသီ အိုရီများကို တင်ပြလျှက် အမှန်တရားကိုပြောကြကာ၊ ကျမ်းစာက လိမ်ညာလှည့်ဖြားနေခြင်း ဖြစ်ပါသလား? မည် သည့်အချက်မှန်သည်ဟု သင်ထင်ပါသနည်း?

**ဖန်ဆင်းခြင်းနှင့်ပတ်သက်၍နေ့တနေ့သည်နှစ်များစွာကြာသည်ဟုယူဆသောသီအိုရီအကြောင်း (Day-age theory)**

နေ့တနေ့သည် နှစ်များစွာကြာသည်ဟု ပြောသောသီအိုရီ(day-age theory)ကို တခါတရံ အချိန်ကာလသီအိုရီ(period theory)ဟုလည်း ခေါ်တတ်ပါသည်။ ကမ္ဘာဦးကျမ်း ၁ မှ နေ့များသည် အင်မတန်ကြာညောင်းသော ကာလကြီးများ (သို့) နှစ်များကို ပြောခြင်းဖြစ်သည်ဟု ဤသီအိုရီက ပြောချင်ပါသည်။ ထို့ကြောင့် ဆင့်ကဲဖြစ်ပေါ်မှုဝါဒ နှင့် ကျမ်းစာကို ညှိနှိုင်းဖို့ ကြိုးပမ်းမှုတခုသာဖြစ်သည်။ ထိုကြိုးပမ်းမှုများ မှားယွင်းနေသည်ကို လွယ်ကူစွာ သက်သေပြနိုင်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုအိုင်ဒီယာများ မမှန်နိုင်ခြင်းကို ကျမ်းစာအား သေချာစွာလေ့လာခြင်းဖြင့်သာ ဖော်ထုတ်နိုင်သည်ကို ဆက်၍ပြချင်ပါသည်။ ကျမ်းစာကို ကျမ်းစာအားဖြင့် အနက်ဖွင့်ခြင်းသည် ကျွန်တော်တို့၏ သေချာသော၊ လုံခြုံသော လမ်းပြဖြစ်ပါသည်။

တစုံတဦးက ကျမ်းစာထဲရှိ “နေ့”ဆိုသည့်စကားလုံးကို လေ့လာလျှင်၊ သူသည် အလျှင်အမြန် အကြောင်းအရာနှစ်ခုကို သတိပြုမိလာမည်ဖြစ်သည်။ ထိုသို့လေ့လာလျှင် နေ့ ဆိုသောစကားလုံးက ကျမ်းစာထဲတွင် ရှည်လျှားသောအချိန်ကာလကိုလည်း ရည်ညွှန်းနိုင်ကြောင်းကို တွေ့လာပါမည် (၂ပေ ၃း၈-၁၀)။ ထိုအချက်ကို သံသယဖြစ်စရာအကြောင်း မရှိပါ။

သို့သော် ထပ်၍လေ့လာသည့်အခါ၊ နေ့ ဆိုသောစကားလုံးအား ပထမ၊ ဒုတိယ၊ တတိယ စသဖြင့် အစီအစဉ်ကိုဖော်ပြသော(ကိန်း)တို့ဖြင့် တွဲလျှက်သုံးလျှင်၊ ဘယ်တော့မှ အချိန်ကာလရှည်ကြီးတခုကို မရည်ညွှန်းကြောင်း တွေ့လာပါမည်။ ကျမ်းစာတွင် နေ့ ဆိုသောစကားလုံးအား အစီအစဉ်ကိုဖော်ပြသော(ကိန်း)တို့ဖြင့် တွဲသောအခါ၊ အမြဲတမ်း ၂၄ နာရီတရက်၊ သာမန်နေ့ကိုသာ ရည်ညွှန်းပါသည်။ နေ့ ဆိုသောစကားလုံးကို ကမ္ဘာဦးကျမ်း ၁ တွင် အစီအစဉ်ကိုဖော်ပြသော(ကိန်း)တို့ဖြင့် တွဲ၍သုံးသဖြင့်၊ ၎င်းသည် သာမန် နေ့များ ကိုသာ ရည်ညွှန်းရပါမည်။ ထိုသို့ ကျမ်းစာသည် ကျမ်းစာကို အနက်ဖွင့်နေပါသည်။

ဘုရားသခင်ကိုယ်တိုင်က သာမန် နေ့ရက်များ ရှိရမည်ဟု တည်ဆောက်ခြင်းဖြစ်သည်၊ ပထမတွင် ကမ္ဘာဦးကျမ်း ၁ ၌ဖြစ်သည်၊ မနက်နှင့်ညနေဟု ပြောလျှက် တည်ဆောက်တော်မူခြင်းဖြစ်သည်။ ထို့နောက် ထွက်မြောက်ရာကျမ်း ၂၀ တွင်ဖြစ်သည်၊ ထိုနေရာတွင် တပတ်တာအချိန်များကို မည်သို့အသုံးပြုရမည့်အကြောင်း အမြဲတည်သောပုံစံတခုကို ဖန်ဆင်းခြင်းနေ့ရက်များဖြင့် ပြောပြတော်မူခြင်းဖြစ်သည်။ ကမ္ဘာဦးကျမ်း ၁ မှ နေ့ရက်များသည်၊ ကျွန်တော်တို့ အလုပ်လုပ်ရသောနေ့ရက်များနှင့် အတူတူဖြစ်သည်ဟု ဘုရားသခင်ကပြောနေပါသည်။ ထို့နောက် ဆက်လေ့လာသောအခါ၊ “ညဦးနှင့်နံနက်အချိန်”ဟု တွဲ၍သုံးတိုင်း ကျမ်းစာတွင် အဓိပ္ပါယ်တခုသာရှိသည်၊ ၎င်းမှာ ကျွန်တော်တို့၏သာမန်ဘဝများထဲ နေ့စဉ်တွေ့ကြုံရသလိုမျိုးသာဖြစ်သည်ဟူ၍ တွေ့လာပါမည်။ ကျမ်းစာကို ကျမ်းစာက အနက်ဖွင့်နေပြန်ပါပြီ။

ဤနေရာတွင် ကျမ်းစာကိုလေ့လာသူတိုင်းအတွက် သတိပေးချက်တခုရှိနေပါသည်။ ၎င်းမှာ၊ ကျွန်တော်တို့သည် ကျမ်းစာထံသို့ လာရမည်၊ ကျမ်းစာပြောသည်ကို နားထောင်ရမည်ဖြစ်သည်။ ကျွန်တော်တို့သည် မိမိတို့၏ ကိုယ်ပိုင်အနက်ဖွင့်ချက်များကို ကျမ်းစာသို့ ယူမလာရပါ၊ ဘုရားသခင်၏နုတ်ကပတ်တော်ကို အတင်းအကြပ် ကိုက်အောင် မညှိရပါ။ ကျွန်တော်တို့၏ တာဝန်မှာ ကျွန်တော်တို့၏ ကိုယ်ပိုင်အနက်ဖွင့်ခြင်းကို ပေးဖို့မဟုတ်ပါ၊ ကျမ်းစာများကို သေချာစွာလေ့လာကာ၊ ၎င်းတို့ဘာသာ အနက်ဖွင့်ကြရန် ဂရုတစိုက် နှိုင်းယှဉ်လေ့လာခြင်းဖြစ်သည်။ ထို့ နောက် ကျွန်တော်တို့သည် ၎င်းတို့၏သင်ပေးခြင်းကို ယုံကြည်ရမည်၊ နာခံရပါမည်။

ဘုရားသခင်ရှိကြောင်းလက်ခံသော ဆင့်ကဲဖြစ်ပေါ်မှုဝါဒသည် ကျမ်းစာကဘာပြောသနည်းဆိုသည်ကို ငြင်းပယ်သောဝါဒဖြစ်သည်၊ ကမ္ဘာဦးကျမ်း ၁ မှ ၃ သာမကပါ၊ ထိုအခန်းကြီးသုံးခန်းကို အနက်ဖွင့်သော၊ အလင်းပေး သော အခြားကျမ်းပိုဒ်များအားလုံးကိုပါ ငြင်းပယ်နေပါသည်။ ဘုရားသခင်ရှိကြောင်းလက်ခံသော ဆင့်ကဲဖြစ်ပေါ်မှု ဝါဒသည် ဝိညာဉ်တော်က ဘာပြောသနည်းဆိုသည်ကို ငြင်းဆန်သော ဝါဒဖြစ်ပါသည်၊ ဝိညာဉ်တော်ကို ထိုကမ္ဘာဦး ကျမ်း သုံးခန်းအား ရေးသူအနေနှင့်၎င်း၊ ထိုအခန်းများကို အစိုးရတော်မူစွာအနက်ဖွင့်သူအနေနှင့်၎င်း၊ ကျမ်းစာအား လုံးကို အနက်ဖွင့်သူအနေနှင့်၎င်း ငြင်းဆန်သောဝါဒဖြစ်ပါသည်။

ပြဿနာသည် ဖန်ဆင်းခြင်းဝါဒနှင့်ဆင့်ကဲဖြစ်ပေါ်မှုဝါဒတို့ ငြင်းခုံနေကြခြင်းမဟုတ်ပါ၊ ကျမ်းစာကို ဘုရားသခင်က မှုတ်သွင်းတော်မူသည်၊ ကျမ်းစာ၏ဩဇာအာဏာ၊ ကျမ်းစာ၏လုံလောက်မှု စသည်တို့အပေါ် ပြဿနာဖြစ်နေခြင်း ဖြစ်ပါသည်။ ထိုအချက်သည် ဆင့်ကဲဖြစ်ပေါ်မှုဝါဒနှင့် ကျမ်းစာကို ရောမွှေရန် ကြိုးစာမှုမှန်သမျှတွင် ကျမ်းစာ၏အမှန်တရားတို့ကို သိပ္ပံပညာ၏အချက်အလက်တို့ဟု ခေါ်နေကြသော အရာများ၌ ဆုံးရှုံးနေရခြင်းဖြစ်ပါသည်၊ မယုံကြည်သော ဆင့်ကဲ့ဖြစ်ပေါ်မှုဝါဒ၏ သီအိုရီများ၌ ကျမ်းစာ၏အမှန်တရားတို့ ဆုံးရှုံးနေရခြင်း အကြောင်းတရားဖြစ်ပါသည်။

တခါက တဦးသောသူ ပြောခဲ့သလိုဖြစ်ပါသည်၊ "ယောနက ဝေလငါးကြီးကို မြိုလိုက်တာကွလို့ ဘုရားသခင် က ပြောတာနဲ့၊ သိပ္ပံပညာရှင်တယောက်က ငါးတကောင်က လူတယောက်ကို မြိုချတယ်ဆိုတာ မဖြစ်နိုင်ပါဘူးကွာ လို့ ပြောတာနဲ့ ဘာကိုရွေးမလဲလို့ မေးလာခဲ့ရင်၊ ငါကတော့ ဘုရားပြောတာဘဲ ရွေးမှာပါ။" ဘုရားသခင်သည် အမြဲ မှန်ပါသည်၊ လူသည် အမြဲ လိမ်ညာပါသည်။ ဖန်ဆင်းခြင်းနှင့်ပတ်သက်၍ ဘုရားသခင်ပြောသမျှသည် မမှားနိုင်ပါ။

## ဘုရားသခင်၏စောင်မတော်မူခြင်းအကြောင်း(God's Providence)

စောင်မတော်မူခြင်း(Providence)ဆိုသည့်စကားလုံးကို ကျမ်းစာတွင်မတွေ့ရပါ။ ဘုရားသခင်သည် နေရာတိုင်းတွင်ရှိသော ဖန်ဆင်းခြင်းတခုလုံးကို အုပ်စိုးတော်မူသူဖြစ်သည် ဆိုသည့်ကျမ်းစာ၏သွန်သင်ချက်အတွက် အသုံးပြုသော နာမည်တခုဖြစ်ပါသည်။

ဖန်ဆင်းခြင်းတခုလုံးကို အစိုးရတော်မူစွာ အုပ်စိုးသူအနေနှင့် ဘုရားသခင်သည် သူ၏ဖန်ဆင်းခံအားလုံး၏ လိုအပ်ချက်များကို ထောက်မပါသည်၊ ဂရုစိုက်စောင့်ရှောက်ပါသည်။ စောင်မတော်မူခြင်း ဆိုသည့်စကားလုံးက ဘုရားသခင်၏ ထောက်ပံ့မစတော်မူခြင်းကိုသာ ပြောသည်မဟုတ်ပါ၊ သူ၏ ထိန်းချုပ်ခြင်း၊ လမ်းညွှန်ခြင်း၊ သူ၏ရည်ရွယ်တော်မူချက်ပြည့်စုံရန် အရာခပ်သိမ်းကို အသုံးပြုခြင်း စသည်တို့ကိုလည်း ပြောပြပါသည်။ "(ဘုရားသခင်သည်) ကောင်းကင်ဗိုလ်ခြေတို့၌၎င်း၊ မြေကြီးသားတို့၌၎င်း အလိုတော်ရှိသည်အတိုင်း စီရင်ပြုပြင်တော်မူ၏၊ လက်တော်ကို အဘယ်သူမျှ မဆီးတားနိုင်၊ အဘယ်သို့ပြုသနည်း?ဟု ကိုယ်တော်ကို ဆိုနိုင်သောသူ မရှိ။" (ဒံယေလ ၄း၃၅)။ ၎င်းသည်လည်း သူ၏စောင့်မတော်မူခြင်းဖြစ်ပါသည်။

စောင်မတော်မူခြင်းဆိုသည်မှာ မည်သည့်အရာမျှ ဖြစ်ချင်သလို မဖြစ်ပါ၊ မတော်တဆ၊ ကံကြောင့် ဖြစ်ခြင်း မရှိ(မဿဲ ၁၀း၂၉-၃၀)၊ အရာခပ်သိမ်းသည် ဘုရားသခင်၏လုပ်ဆောင်ချက်ကြောင့် ဖြစ်ရသည်ဟု ဆိုလိုခြင်းဖြစ် သည်။ လူဆိုးတို့၏ အပြစ်ပြည့်သောအပြုအမူလုပ်ဆောင်ချက်များသည်ပင်၊ နတ်ဆိုး၏ လှုပ်ရှားမှုများအပါအဝင် ဘုရားသခင်၏ ပြည့်ဝသောထိန်းချုပ်မှုအောက်၌ ရှိနေကြပါသည်(ထွက် ၄း၂၁၊ ၁ရာ ၂း၂၅၊ ၂ရာ ၁၆း၁၀၊ ၂၄း၁၊ ၃ရာ ၂၂း၁၉-၂၂၊ ဆာလံ ၁၃၉း၁-၁၆၊ သုတ္တံ ၁၆း၁၊၄၊၉၊ ၂၁း၁၊ ဟေရှာ ၁၀း၁၅၊ ၄၅း၇၊ ၆၃း၁၇၊ ယေရေမိ ၁၀း၂၃၊ ဒံယေလ ၄း၁၇၊ အာမုတ် ၃း၆၊ မဿဲ ၈း၃၁၊ တမန် ၂း၂၃၊ ၁၇း၂၈၊ ရောမ ၉း၁၈)။ ထိုသို့ဖြစ်သော်လည်း ဘုရားသ ခင်သည် ကြီးမြတ်တော်မူလှသဖြင့် လူသားတို့က ပြုလုပ်သမျှသော ဆိုးညစ်ခြင်းများအတွက် တာဝန်ရှိတော်မမူပါ။ သူလုပ်ကိုင်သော ပုံစံတို့သည် ကျွန်တော်တို့၏ပုံစံနှင့် အမှန်ပင် ခြားနားပါသည်၊ သူ၏အတွေးများသည်လည်း ကျွန်တော်တို့တွေးသည်နှင့် အတော်ခြားနားပါသည် (ဟေရှာ ၅၅း၈)။

ကျမ်းစာက ဘုရားသခင်၏စောင်မတော်မူခြင်းအကြောင်းကို ပြောသည့်အခါ သူ၏"လက်တော်"ဟု ပြောလေ့ရှိပါသည်(ဆာလံ ၁၀၉း၂၇၊ ၁ပေ ၅း၆)။ သူ၏လက်တော်ဖြင့် သူဖန်ဆင်းသည်များကို ထောက်ပံ့တော်မူသည်၊ သူတို့၏အသက်ရှင်ခြင်း၊ ထွက်သက်ဝင်သက်တို့ကို ပေးတော်မူပါသည်။ သူ၏လက်တော်အားဖြင့် အရာခပ်သိမ်းတို့ ကို သွားရမည့်လမ်းကြောင်းများသို့ သွားလာစေလျှက်၊ မိမိ၏အံ့ဩစရာရည်ရွယ်တော်မူချက်များကို ပြည့်စုံစေပါ သည်။ သူ၏လက်တော်သည် သူ၏အစိုးရတော်မူသော၊ တန်ခိုးတော်ကြီးလှသော အစွမ်းသတ္တိဖြစ်ပါသည်။

တခါတရံ ဘုရားသခင်က သူ၏ရည်ရွယ်ချက်များပြည့်မြောက်ရန်အတွက် လူသားတို့ကို အသုံးပြုသည့်အ ခါ၊ ထိုအသုံးပြုခံလူသားတို့ကိုပင် သူ၏လက်တော်ဟု ခေါ်တတ်ပါသည် (ဆာလံ ၁၇း၁၃-၁၄ ဆရာယုဒသန်၏ မြန်မာကျမ်းတွင် ထိုစကားလုံးကိုမတွေ့ရပါ၊ ထို့ကြောင့် ဂျိန်းဘုရင်မူမှ ဘာသာပြန်ရလျှင်၊ "ကိုယ်တော့်လက်တော်ဖြစ်သော လူသားတို့ထံမှ၊ ဤလောကသားတို့ထံမှ ကယ်လွှတ်တော်မူပါ"ဟူ၍ဖြစ်ပါမည်။ From men *which are* thy hand, O LORD, from men of the world,)၊ (သို့) သူတို့ကို သူ၏ရည်ရွယ်တော်ချက်ပြည့်မြောက်ရန် အသုံးပြုခံရ သည့် တန်ဆာပလာ နည်းလမ်းများဖြစ်သည့်အခါ ထိုသို့ခေါ်ပါသည် (ကမ္ဘာ ၄၉း၂၄၊ ဆာလံ ၁၇း၁၃၊ ဟေရှာ ၁၀း၁၅)။ ထို့အပြင် ထိုသူတို့ကို သူ၏တန်ဆာပလာများအဖြစ် အသုံးပြုသည့်အခါတွင်လည်း ထိုသူတို့က ဘုရားသ ခင်၏ ထိုသို့ပြုခြင်းကို မေးခွန်းထုတ်နိုင်ခြင်း မရှိကြပါ (ဟေရှာ ၄၅း၉)။

မယုံကြည်သူတို့အတွက် ဤအတွေးအမြင်ပေါ်တွင် စကားဖြင့်ပင်ပြောမထွက်နိုင်သော ကြောက်ရွံ့ထိတ် လန့်မှု ရှိနေပါသည်။ သူတို့ ဘာလုပ်လုပ်၊ ဘယ်ကိုသွားသွား၊ သူတို့သည် ဘုရားသခင့်လက်တော်အတွင်း၌ရှိနေကြ သည်။ သူတို့၏တရားသူကြီး၊ အဆုံးစီရင်မည့်သူ ဘုရားသခင့်အလိုတော်မပါဘဲ ဘာကိုမှ မလုပ်နိုင်ကြပါ။ သို့သော် ယုံကြည်သူတို့အတွက်မူ ဘုရားသခင့်စောင်မတော်မူခြင်း အတွေးအမြင်မှနေ၍ မကုန်ဆုံးနိုင်သော နှစ်သိမ့်မှု၊ စိတ် ချမ်းသာမှုကို ရရှိနေကြပါသည်၊ အဘယ်ကြောင့်ဆိုသော် သူတို့ကို ထိန်းချုပ်ထားသော လက်တော်များသည် သူတို့ ဖခင်၏လက်များ ဖြစ်နေပါသည် (ယော ၁၀း၂၈-၂၉)၊ သူတို့ကို ထာဝရချစ်ခြင်းဖြင့် ထာဝရကာလမှ ချစ်နေသူ၊ အစိုးရတော်မူစွာ၊ ကျေးဇူးဂရုဏာပြည့်စုံစွာ ဂရုစိုက်သူ၏ လက်တော်များဖြစ်ပါသည်။ ကျမ်းစာက သူတို့ကို ဘုရား သခင်၏လက်တော်များတွင် ထွင်းထားသည်ဟုပင် ပြောပါသည် (ဟေရှာ ၄၉း၁၆)။

ထို့သို့ သူသည် သူတို့၏ ကောင်းကင်ဘုံမှဖခင်ဖြစ်ကြောင်း သိရခြင်းက ယုံကြည်သူတို့ကို သူတို့၏ဖခင် သည် အနန္တတန်ခိုးတော်ရှင်ဖြစ်သည်ဟု ဘုရားသခင်၏စောင်မတော်မူခြင်းဩဝါဒမှ သိမြင်လာစေပါသည်။ သူတို့ ကယ်တင်ခြင်းရရန် လိုအပ်သည်မှန်သမျှကို သူသည် လုပ်ပေးနိုင်စွမ်းပါသည်။ သူတို့ဘဝများနှင့်သက်ဆိုင်ပတ်သက် သမျှ အကြောင်းအရာများကို သူက ထိန်းချုပ်တော်မူပါသည်။ သူတို့ကို ဆန့်ကျင်နေသည်ဟု ထင်မှတ်ရသည့်အ ကြောင်းများအပါအဝင်ဖြစ်သည်။ ဖျားနာခြင်း၊ သေခြင်း၊ ဆင်းရဲခြင်း၊ ဒုက္ခခံရခြင်း၊ နှိပ်စက်ခံရခြင်း စသည်တို့သည် မတော်တဆ ရောက်မလာကြပါ၊ သူ၏လူများကို အလွန်ချစ်သော၊ သူ၏တပါးတည်းသာ မွေးထားသော သားတော် ကိုပင် သူတို့ထံသို့ ပေးသောသူ၏ အစိုးရတော်မူစွာ ထိန်းချုပ်ထားမှုအောက်မှနေ၍သာ ဖြစ်လာကြခြင်းဖြစ်သည်။ ထို့ကြောင့် အရာခပ်သိမ်းသည် ဘုရားသခင်ကိုချစ်ကြသောသူတို့အတွက် ကောင်းခြင်းများကိုသာ လုပ်ပေးကြမည် မှာ အသေအချာပင်ဖြစ်ပါသည်(ရော ၈း၂၈)။ သခင်ယေရှုခရစ်တော်၌ရှိသော ဘုရားသခင်၏ချစ်ခြင်းမှနေ၍လည်း သူတို့ကို ဘယ်အရာကမှ ခွဲထုတ်မပစ်နိုင်ပါ (ရော ၈း၃၉)။

### ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်စောင်မတော်မူခြင်းအကြောင်း (Preservation and Providence)

ဘုရားသခင့်စောင်မတော်မူခြင်း၏အသွင်အပြင်တခုကို "ထိန်းသိမ်းစောင့်ရှောက်ခြင်း"ဟုခေါ်ပါသည်။ ထိုစ ကားလုံးဖြင့် ကျွန်တော်တို့ ဆိုလိုချင်သည်မှာ မိမိ၏သတ္တဝါအားလုံးကို အသက်ပေးသူ၊ ဖြစ်တည်မှုပေးသူသည် ဘု ရားသခင်ဖြစ်သည်၊ သူတို့၏ဆက်လက်ရှင်သန်ခြင်းကို ထိန်းသိမ်းပေးသူသည် ဘုရားသခင်ဖြစ်သည်။ သူသည် သား ရဲများ၊ ငှက်များ၊ နက္ခတာရာများ၊ ကြယ်များ၊ မြက်ပင်များ၊ သစ်ပင်များ ကဲ့သို့သော အဆင်အခြင်ကင်းမဲ့သည့် ဖန် ဆင်းခံများအပေါ်တွင်သာမဟုတ်၊ လူများ၊ ကောင်းကင်တမန်များ၊ နတ်ဆိုးများတို့အပေါ်သို့ပင် ထိုသို့ပြုတော်မူခြင်း ဖြစ်သည် (ဆာလံ ၁၀၄း၁၀-၂၄၊ လုကာ ၈း၂၆-၃၃)။ သူ့အထဲ၌ ဖန်ဆင်းခံအားလုံးတို့သည် အသက်ရှင်ကြသည်၊ လှုပ်ရှားသွားလာကြသည်၊ မိမိတို့ဖြစ်တည်မှုများကို ရရှိကြပါသည် (တမန် ၁၇း၂၈)။

၎င်းသည် ကြီးမြတ်သောအမှန်တရားဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် မိမိ၏အနန္တတန်ခိုးတော် အားဖြင့် တစုံတခုသောအရာနှင့်၎င်း၊ ထိုအရာထဲ၌၎င်း အဆက်မပြတ် မရှိပါလျှင် ထိုအရာသည် ဆက်လက် မ

တည်ရှိနိုင်ပါ၊ ဘုရားသခင်က အမြဲတမ်း ၎င်းကို ထောက်မထားပါသည်။ မည်သည့်အရာမှ မိမိတို့ဘာသာမိမိတို့ ဖြစ်တည်မနေပါ၊ ဘုရားသခင်ကြောင့်သာ ဖြစ်တည်နေကြပါသည်။ ထိုအချက်သည် ဤစာကိုရေးဖို့ ကျွန်တော်ထိုင်နေ သောထိုင်ခုံအတွက် မှန်သလို၊ နေ၊ လ၊ ကြယ်တို့ မိမိတို့ပတ်လမ်းများတွင် အမြဲရှိနေခြင်း၌လည်း မှန်နေပါသည်။

ထို့ကြောင့် ဖန်ဆင်းခြင်းအတွင်း၌ရှိနေသော စနစ်တကျရှိခြင်း၊ ဟန်ချက်ညီမျှတနေခြင်းတို့သည် သဘာဝဥပဒေသများဟု ခေါ်နေကြသည့်အရာများကြောင့် မဟုတ်ပါ၊ ဘုရားသခင် နေရာတိုင်း၌ ရှိနေခြင်းကြောင့်သာ ဖြစ်ပါသည်။ သူ၏အနန္တတန်ခိုးတော်ကြောင့်သာ ဖြစ်ပါသည်။ နွေဦး၊ နွေရာသီ၊ ဆောင်းဦး၊ ဆောင်းရာသီတို့သည် နှစ် တိုင်းပုံမှန်ရောက်လာကြပါသည်၊ ထိုသို့ ရောက်လာကြခြင်းသည် သဘာဝဥပဒေသများကြောင့် မဟုတ်ပါ၊ ဘုရား သခင်က သစ္စာရှိစွာ ၎င်းတို့ကို ပို့ပေးလိုက်၍သာ ရောက်လာကြခြင်း ဖြစ်ပါသည်။ ဂြိုဟ်နက္ခတ်များ မိမိတို့လမ်းကြောင်းများအတိုင်း သွားနေကြခြင်းသည် သဘာဝဥပဒေသများကို နာခံကြ၍မဟုတ်ပါ၊ သူတို့ကို လမ်းညွှန်နေ သော၊ ဂိုက်လိုင်းပေးနေသော ဘုရားသခင်ကို နာခံကြသောကြောင့်ဖြစ်ပါသည်။

ထိုဖန်ဆင်းခြင်းထဲရှိ ဘုရားသခင်၏လှုပ်ရှားတော်မူခြင်းသည်၊ လူတိုင်းထံသို့ မိမိရှိကြောင်း သက်သေပေးနေသည့် နည်းလမ်းတခုဖြစ်ပါသည် (တမန် ၁၇:၂၄-၂၈၊ ရောမ ၁:၁၈-၂၀)။ တရားစီရင်ခြင်းနေ့ရက်ရောက်ချိန်တွင် မည်သူကမျှ ဘုရားသခင်ကို “ငါ ခင်းဗျားကို မသိလိုက်မိဘူးကွာ”ဟု ပြောနိုင်ကြမည်မဟုတ်ပါ။ ထိုသို့ သူတို့သည် ဆင်ခြေတက်နိုင်ကြမည်မဟုတ်ပါ၊ ထိုဖန်ဆင်းခြင်းထဲရှိ ဘုရားသခင်၏သက်သေသည် လူတိုင်းအတွက် ကယ်တင်ခြင်းကိုပေးသော ဖွင့်ပြတော်မူချက်တော့မဟုတ်ပါ။

ထိုသို့ ဘုရားသခင်၏ သစ္စာရှိခြင်းနှင့်တန်ခိုးတော်တို့၏ သက်သေများအလယ်တွင် နေထိုင်ကြလျှက်နှင့် လူတို့က သူ့ကို မချီးမွမ်းကြခြင်းသည် ရှက်ဖွယ်လိလိဖြစ်နေပါသည် (ရောမ ၁:၁၈)။ အထူးသဖြင့် ဘုရားသခင်က သူတို့အတွက် အရာခပ်သိမ်းကို ထိန်းသိမ်းစောင့်ရှောက်ကာ စောင်မတော်မူနေခြင်းကြောင့် ဖြစ်ပါသည်။ သူ့အား ကျေးဇူးတင်လျှက် ချီးမွမ်းကြရမည့်အစား၊ သူတို့သည် ရုပ်တုများနှင့် မသန့်ရှင်းခြင်းများသို့ ချိုးကွေ့သွားကြပါသည်။ ရှင်ပေါလုက ရောမ ၁ တွင်ပြောထားသကဲ့သို့ဖြစ်ကြသည်။

ထို့ကြောင့် ရုပ်တုကိုးကွယ်ခြင်းသည် ဘုရားသခင်ကို ရှာဖွေခြင်းမဟုတ်ပါ၊ သူ့ထံမှ ချိုးကွေ့သွားခြင်းသာဖြစ်ပါသည်။ တချိန်ထဲတွင် ရုပ်တုကိုးကွယ်ခြင်းက၊ အရိုင်းအစိုင်းများသည်ပင်လျှင် စစ်မှန်သောဘုရားသခင်နှင့်ပတ် သက်၍ တစုံတခုကိုတော့ သိကြပါသည်ဟု သက်သေပြနေပါသည်။ သူ့ထံတော်မှ ချိုးကွေ့သွားကြသူများဖြစ်သဖြင့် ဘုရားသခင်သည် သူတို့ကို ကမ်းကုန်အောင်ဆိုးညစ်အပြစ်ပြုခြင်းထဲသို့ ပို့လိုက်ပါသည်၊ အထူးသဖြင့် လိင်တူဆက်ဆံခြင်းအပြစ်ထဲသို့ ပို့လိုက်ပါသည် (ရောမ ၁:၂၄-၂၇)။ သို့သော် ထိုအချက်ကိုယ်၌က သူတို့သည် ဘုရားသခင်ကို သိကြသည်ဟု သက်သေပြနေပါသည်။

ထိုဆိုးရွားလှသောအပြစ်များသည် ကျေးဇူးမတင်တတ်သော ထိုသူတို့အတွက် ဖြောင့်မတ်သင့်တော်လှသော ဒဏ်ပေးခြင်းဖြစ်ပါသည်။ အဟိတ်တိရစ္ဆာန်များကဲ့သို့ ပြုမူကြကာ၊ ဘုရားသခင်ကို မသိကြ၍၊ ဘုရားသခင်က သူတို့ ကိုပို့၍ အပြစ်များကို ပြုကြခြင်းအတွင်းသို့ ပစ်ချလိုက်သောအခါ၊ အဟိတ်တိရစ္ဆာန်များထက်ဆိုးဝါးသူများ ဖြစ်လာကြပါသည်၊ တိရစ္ဆာန်များကပင် မလုပ်သော ဒုစရိုက်များကို ပြုလုပ်ကြပါတော့သည်။

ဘုရားသခင်၏ ဖန်ဆင်းခြင်းထဲတွင် မျက်မှောက်ရှိနေခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်သော တန်ခိုးတို့သည် ထိုဘုရားသခင်ကို သခင်ခရစ်တော်အားဖြင့် သိနေကြသော၊ ချစ်ကြသော ယုံကြည်သူများအတွက်မူ အံ့သြစရာကောင်းလှသော သက်သေများ ဖြစ်ကြပါသည်။ မိမိသည် ဘုရားသခင်ထဲ၌ အသက်ရှင်နေသည်၊ လှုပ်ရှားနေသည်၊ မိမိ၏ဖြစ်တည်မှုကို ရနေသည်ဟု သိနေသူအတွက် မည်သည်ကိုမျှ ကြောက်ရွံ့နေမည်မဟုတ်ပါ၊ အမြဲတမ်း ကျေးဇူးတင်နေမည်သာဖြစ်ပါသည်။ သူ၏ဝိညာဉ်ရေးအသက်ကို ဘုရားသခင်က ထိန်းသိမ်းလျှက် ကာကွယ်ပေးသောကြောင့်သာ မကပါ၊ ဘုရားသခင်က သူ့အား နေ့စဉ်နေ့တိုင်း ရှင်သန်ခြင်း၊ အသက်ရှူခြင်းနှင့် အရာခပ်သိမ်းကို ပေးနေခြင်းကြောင့်လည်း ကျေးဇူးတင်ရခြင်းဖြစ်ပါသည် (တမန် ၁၇:၂၅)။ အသက်ကို ပေးသူ၊ ထိန်းသိမ်းပေးသူသည်၊ သူပေးသောအသက်ကို တနေ့သောအခါ ပြန်ယူဦးမည်ဟု သူသည် စိတ်ချစွာ ငြိမ်သက်ခြင်းနှင့် အေးချမ်းစွာ သေမည်ဖြစ်ပါသည်။ သေခြင်း၌ပင် ဘုရားသခင်သည် သူ၏လူများအတွက် သစ္စာရှိသောဖခင်ဖြစ်ပါသည်။

## အုပ်ချုပ်ခြင်းနှင့်စောင်မတော်မူခြင်းအကြောင်း (Government and Providence)

ဘုရားသခင့်စောင်မတော်မူခြင်း၏ အခြားအသွင်အပြင်တခုမှာ သူ၏ အရာခပ်သိမ်းကို အုပ်ချုပ်တော်မူ ခြင်း၊ အုပ်စိုးတော်မူခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် အုပ်စိုးတော်မူကြောင်း ကျမ်းစာက ရှင်းစွာ သင်ပါသည် (ဆာလံ ၂:၂-

၄)။ အရာခပ်သိမ်းကို အုပ်စိုးသူ၊ စောင်မတော်မူသောသူအနေနှင့် ဘုရားသခင်သည် “မင်္ဂလာရှိသော၊ တပါးတည်းသောအရှင် ဖြစ်တော်မူထသော ဘုရင်တကာတို့၏ဘုရင် သခင်တကာတို့၏သခင်” ဖြစ်တော်မူပါသည် (၁တိ ၆း၁၅)။

ထို ဘုရားသခင်၏ စောင်မတော်မူခြင်းအုပ်စိုးမှုဆိုသည်မှာ၊-

အားလုံးအကျုံးဝင်သော(all-compassing) အုပ်စိုးခြင်း။ ဘုရားသခင်က အစိုးရတော်မူစွာ မအုပ်ချုပ်သော အရာ တခုမှမရှိပါ၊ စာတန်နှင့်အပြစ်တို့လည်း အုပ်စိုးတော်ခြင်းအောက်တွင်ဖြစ်ပါသည်(ယောဘ ၁း၁၂၊ ၂း၆)။

အစိုးရတော်မူသော(sovereign)အုပ်ချုပ်ခြင်းဖြစ်သည်။ ဘုရားသခင်က အရာခပ်သိမ်းကိုအုပ်ချုပ်သည့်အ ခါ၊ အရာခပ်သိမ်းက သူ၏အလိုတော်နှင့်ရည်ရွယ်ချက်ကို ထမ်းဆောင်ကြရန် အုပ်ချုပ်ခြင်းမျိုးဖြစ်သည်၊ မည်ကာ မတ္တအုပ်ချုပ်ခြင်းမျိုး မဟုတ်ပါ။ လူသားများ၊ ကောင်းကင်တမန်များ၊ စာတန်နှင့်နတ်ဆိုးများကို အုပ်ချုပ်သည့်အခါ၊ ၎င်းဖန်ဆင်းခံတို့၏ အလိုဆန္ဒများနှင့်ရောနှောလျှက် အုပ်ချုပ်ခြင်းမဟုတ်၊ ၎င်းတို့၏အလိုဆန္ဒများအပေါ်လည်း တည်မှီခြင်းမရှိဘဲ အုပ်ချုပ်ခြင်းဖြစ်သည် (ယောဘ ၉း၁၂)။

ဖြောင့်မတ်သော(righteous)အုပ်ချုပ်ခြင်း။ ဘုရားသခင်က အရာခပ်သိမ်းကို အုပ်ချုပ်သည့်အခါ၊ လူသား များ၊ ကောင်းကင်တမန်များ၊ နတ်ဆိုးများ၏ လုပ်ကိုင်လှုပ်ရှားမှုများအတွက် ရောက်လာမည့်တာဝန်ယူရမှုများကို သူ တို့အပေါ်၌သာ ရှိနေစေလျှက် အုပ်ချုပ်ခြင်းဖြစ်သည်။ ဘုရားသခင်က သူတို့၏အပြုအမူလှုပ်ရှားမှုများအားလုံးကို ထိန်းချုပ်ထားပါသော်လည်း၊ မဖြစ်မနေ ဖြစ်လာစေပါသော်လည်း၊ သူတို့လုပ်သည့်ဆိုးညစ်မှုများအတွက် ဘုရားသ ခင်ကို အပြစ်တင်၍မရပါ(ရောမ ၉း၁၇-၂၀)။

ရည်ရွယ်ချက်အပြည့်နှင့်အုပ်ချုပ်ခြင်း(purposeful)။ ဘုရားသခင်သည် အုပ်စိုးယုံတင်မကပါ၊ မိမိ၏ ပြည့် စုံသော အစီအစဉ်အတိုင်း အုပ်ချုပ်ခြင်းဖြစ်သည်၊ အရာခပ်သိမ်းက ထိုအစီအစဉ်ကို မဖြစ်မနေ လိုက်လုပ်ကြရ သည်၊ ထိုအစီအစဉ်ကို အကောင်အထည်ဖေါ်ကြပါသည်။ နည်းသည့်အရာမျှ မတော်တဆ ဖြစ်မလာကြပါ။ မည် သည့်အရာကမျှ ဘုရားသခင်ကို ထိတ်လန့်သွားအောင် မလုပ်နိုင်ကြပါ၊ သူ၏စိတ်နှင့်အလိုဆန္ဒတော်ကို ပြောင်းလဲ အောင် မလုပ်နိုင်ကြပါ(ဆာလံ ၁၁၅း၃၊ ၁၃၅း၆၊ ရောမ ၉း၂၁-၂၂)။ အရာအားလုံးက ဘုရားသခင့်လူများအတွက် ကောင်းခြင်းများကိုသာ လုပ်ပေးနေကြသည်ဆိုသော်လည်း၊ ကျန်သောလူများအတွက် အပြစ်စီရင်ခံရခြင်းထဲသို့ ရောက်အောင် လုပ်ပေးနေကြသည်ဆိုသော်လည်း၊ ထိုအကြောင်းအရာအားလုံးကို သိမြင်နားလည်ဖို့တော့ မလွယ်ကူ လှပါ။ ကျွန်တော်တို့သည် ယုံကြည်ခြင်းဖြင့်အသက်ရှင်ကြပါသည်၊ မြင်ရခြင်းဖြင့် အသက်မရှင်ကြပါ (၂ကော ၅း၇)။

ကျေးဇူးတော်ပြည့်ဝသော(gracious)အုပ်ချုပ်ခြင်း။ သူ့လူများအကျိုးအတွက် ဘုရားသခင်က အရာခပ်သိမ်း ကို အုပ်ချုပ်သည် (ရော ၈း၂၈)။ အရာခပ်သိမ်းက သူ့အလိုလို ဘုရားသခင်၏လူများအတွက် ကောင်းခြင်းများကို လုပ်ပေးကြသည်မဟုတ်၊ ဘုရားသခင်က အရာခပ်သိမ်းကို ကျွန်တော်တို့၏ကယ်တင်ရှင် သခင်ယေရှုအားဖြင့် ထိန်း ချုပ်၍၊ လမ်းညွှန်နေ၍ ထိုသို့လုပ်ပေးကြခြင်းဖြစ်ပါသည်။

သို့သော် ဘုရားသခင်၏အုပ်ချုပ်ခြင်းသည် လူတိုင်းအတွက်တော့ ကျေးဇူးတော်ပြည့်ဝသောအုပ်ချုပ်ခြင်း မ ဟုတ်ပါ။ ဘုရားမသိသောသူများအပေါ် သူ၏အုပ်ချုပ်ခြင်းသည်၊ သူ၏လူများအပေါ် အုပ်ချုပ်ခြင်းနှင့် ပြောင်းပြန် ဖြစ်ပါသည်။ တရားစီရင်သော ငရဲရောက်စေမည့် အုပ်ချုပ်ခြင်းဖြစ်သည်။ ထိုလူများက ဘုရားသခင်၏အုပ်ချုပ်ခြင်း ကို ငြင်းဆန်ကြသောကြောင့်၊ ဘုရားသခင်ပေးသော လက်ဆောင်များကို အထင်သေးကြသောကြောင့်သာ မကပါ၊ ဘုရားသခင်ကိုယ်၌က သူတို့၏ပျက်ဆီးခြင်းရောက်ဖို့၊ တရားစီရင်ခြင်းသို့ရောက်ဖို့ တက်ကြွစွာ အုပ်ချုပ်နေတော်မူ သောကြောင့်ဖြစ်ပါသည်။ ထိုသို့ပြော၍ ဘုရားသခင်က သူတို့ကို ကောင်းသောအရာများ ပေးမထားပါဟု ငြင်းဆို ခြင်းမဟုတ်ပါ - အသက်ရှင်ခြင်း၊ စားစရာ၊ နားခိုစရာ၊ ကြွယ်ဝခြင်းများနှင့် ကောင်းသောအရာအမြောက်အများကို ပေးထားပါသည် - သို့သော် မည်သည့်အခါတွင်မျှ ထိုအရာများကို ချစ်၍ပေးခြင်းမဟုတ်ပါ။ ကျေးဇူးတော်ကြောင့် ပေးခြင်းမဟုတ်ပါ။

ဤ ဘုရားသခင်၏စောင်မတော်မူခြင်းမှအုပ်ချုပ်ခြင်းကို ယုံကြည်ရပါမည်၊ အဘယ်ကြောင့်ဆိုသော် ကျွန် တော်တို့ မြင်တွေ့နေရသော အဖြစ်အပျက်များသည်၊ အမြဲတမ်း ဘုရားသခင်၏ ဉာဏ်ပညာတော်မှနေ၍ အုပ်ချုပ် နေသည့်ပုံဖြင့် မတွေ့ရသောကြောင့်ဖြစ်သည်။ စည်းစနစ်ကျခြင်းကိုတွေ့ရမည့်အစား၊ စည်းစနစ်မကျမှုများကိုသာ ဖန် ဆင်းခြင်းနှင့်လူ့မှုဘဝထဲတွင် တွေ့နေရပါသည်။ ဖြောင့်မှန်ခြင်းကို တွေ့ရမည့်အစား၊ မတရားမှုများကိုသာ တွေ့နေရ ပါသည်။ သမိုင်းနှင့်ဖန်ဆင်းခြင်းထဲတွင် ဗရမ်းဗတာဖြစ်မှုများ၊ ဖရိုဖရဲဖြစ်နေမှုများဟု ထင်ရသည်များကိုသာ တွေ့နေ

ရပါသည်။ မည်သို့ပင်ဖြစ်ပါစေ၊ ယုံကြည်ခြင်းက ဘုရားသခင်သည် အားလုံးကို ထိန်းချုပ်ထားသည်၊ မည်သည့်အရာ မှ မတော်တဆမဖြစ်၊ အားလုံးသည် ယုံကြည်သူတို့ကောင်းဖို့ချည်းကိုသာ လုပ်ပေးနေကြပါသည်ဟု ယုံကြည်ကာ၊ ဝန်ခံချက်ပြုနေပါသည်။ အရာခပ်သိမ်းက ယုံကြည်သူတို့အတွက် ကောင်းခြင်းများကိုသာ မဖြစ်မနေလုပ်ပေးကြရ မည်ဟု ယုံကြည်ခြင်းက ခိုင်မာစွာ ဆွဲကိုင်ပါသည်။ အရာခပ်သိမ်းသည် အတူတကွစုပေါင်း၍ ဘုရားသခင်ကိုချစ် သောသူတို့အတွက် ကောင်းခြင်းများကိုသာ လုပ်ပေးကြရမည်ဖြစ်သည်။

## ဘုရားသခင်၏အားလုံးအကျုံးဝင်သောစောင်မတော်မူခြင်း

(God's All-compassing Providence)

ဘုရားသခင်၏စောင်မတော်မူခြင်းသည် အရာခပ်သိမ်းအတွက်ဖြစ်ကြောင်း၊ ကောင်းကင်ပေါ်၊ မြေကြီးပေါ်၊ ငရဲထဲရှိ အရာအားလုံးပေါ်ဖြစ်ကြောင်းကို ပြင်းထန်နိုင်သမျှအပြင်းထန်ဆုံးဖြင့် အထူးပြုရပါမည်။ ထိုသို့ပြောခြင်း သည် ဘုရားသခင် တကယ်အစိုးရတော်မူပါသည်ဟု နောက်တမျိုးဖြင့်ပြောခြင်း ဖြစ်ပါသည်။ ကျမ်းစာက ဘုရားသ ခင်သည် အစိုးရတော်မူစွာ အောက်ပါတို့ကို အုပ်ချုပ်သည်ဟု ပြောနေပါသည်၊-

= ကောင်းကင်တမန်များ (ဆာလံ ၁၀၃း၂၀၊၂၁)
= စာတန်/နတ်ဆိုးများ (ယောဘ ၁း၁၂၊ ၂း၆)
= လူအားလုံး (ယေရမိ ၁၀း၂၃၊ တမန် ၁၇း၂၈)
= လူတို့၏နှလုံးသားများ (သုတ္တံ ၁၆း၉)
= လူတို့၏လှုပ်ရှားပြုမူမှုများ (သုတ္တံ ၁၆း၉)
= လူတို့၏အတွေးများ၊ စကားလုံးများ (သုတ္တံ ၁၆း၁)
= လူအားလုံးတို့၏ အပြစ်နှင့်ပြည့်စုံသော ပြုလုပ်ခြင်းများအားလုံး (ဆာလံ ၃၃း၁၀၊ သုတ္တံ ၁၆း၄၊ အာမုတ် ၃း၆၊ တမန် ၂း၂၃)
= မိမိလူတို့၏အပြစ်များ (ဟေရှာ ၆၃း၁၇)
= လူတို့၏နှလုံးသားများ အပြစ်ထဲတွင် ခိုင်မာခြင်း (ထွက် ၄း၂၁၊ ရောမ ၉း၁၈)
= ရာသီဉတုနှင့် ဉတုဖြစ်စဉ်များ (တမန် ၁၄း၁၇)
= ကြွယ်များ၊ ဂြိုဟ်များ (ဆာလံ ၁၀၄း၁၉)
= ဖန်ဆင်းခြင်းထဲမှ ကြီးမားသောအရာများ (ယေ ၅း၂၄၊ ဒံ ၄း၃၅)
= အသေးဆုံးအရာများ၊ အရေးမပါလွန်းပါဟု ထင်ရသောအရာများ (မဿဲ ၁၀း၂၉၊၃၀)
= သဘာဝဘေးဒုက္ခများဟုခေါ်ကြသောအရာများ၊ နှစ်သက်ဖွယ်မကောင်းသည့် အဖြစ်အပျက်များ (ဆာလံ ၁၀၅း ၂၉၊ ၁၄၈း၈)
= စစ်နှင့်ငြိမ်းချမ်းရေး (ဟေရှာ ၄၅း၇)
= ရှင်ခြင်းနှင့်သေခြင်း (ကမ္ဘာ ၄း၁၊ဆာလံ ၃၁း၁၅၊ ၁၀၄း၂၈၊၂၉)
= အရာအားလုံး (ဆာလံ ၁၀၃း၁၉)

သို့သော် ဘုရားသခင်၏စောင်မတော်မူခြင်းသည် အုပ်ချုပ်ခြင်းမျှသာမဟုတ်ပါ။ ထိုအချက်ကို မမေ့ကြရပါ၊ သူသည် အရာခပ်သိမ်းကိုလည်း ဖြစ်ပေါ်လာစေပါသည်၊ လမ်းညွှန်လျှက် ထိန်းချုပ်သည်၊ သူ၏ရည်ရွယ်ချက်နှင့်စိတ် ကျေနပ်မှုကိုရောက်ရန်၊ ပြည့်စုံရန် အရာအားလုံးကို အသုံးပြုပါသည် (ထွက် ၃း၁၉၊၂၀၊ ဟေရှာ ၄၄း၂၈၊ ၄၆း၉-၁၀၊ ဧဖက် ၁း၅၊ ဖိ ၂း၁၃)။

စောင့်မတော်မူခြင်းသည် အံ့ဩစရာကောင်းသလို လျှို့ဝှက်ဆန်းကြယ်လှပါသည်။ ဘုရားသခင်ကဆိုးညစ် ခြင်းများ၊ ဆိုးညစ်စွာပြုမူသူများအပါအဝင် အရာခပ်သိမ်းကို အသုံးပြုလျှက်၊ ထိုသူတို့ပြုသောဆိုးညစ်ခြင်းများအ တွက် တာဝန်မရှိဘဲ နေနိုင်တော်မူခြင်းသည် လျှို့ဝှက်ဆန်းကြယ်မှုဖြစ်ပါသည်။ သူ၏ရည်ရွယ်ချက်အတိုင်း ခေါ်ထား သော မိမိလူတို့၏ကယ်တင်ခြင်းအတွက်နှင့် သူ့ကိုချစ်သောသူများအတွက် ကောင်းဖို့ချည်းကိုဖြစ်စေဖို့၊ အရာခပ် သိမ်းကို အစိုးရတော်မူစွာ အသုံးပြုခြင်းသည် အံ့ဩစရာကောင်းလှပါသည်။ ထိုအရာတို့ကို သူ့လူများ၏အပြစ်များ အတွက် ဝေဒနာခံစားလျှက်၊ အသေခံပေးပြီး၊ သေခြင်းမှပြန်ထလာသူ သခင်ခရစ်တော်အတွက်ကြောင့် လုပ်ခြင်းဖြစ် ပါသည်။

## စောင့်မတော်မူခြင်းနှင့် အားလုံးနှင့်သက်ဆိုင်သောကျေးဇူးတော်အကြောင်း
(Providence and "Common Grace")

မိမိ၏စောင့်မတော်မူခြင်းဖြင့် ဘုရားသခင်သည် သူ၏ဖန်ဆင်းခံများအားလုံး၏ လိုအပ်ချက်များကို ပံ့ပိုးတော်မူပါသည်(တမန် ၁၇း၂၅)။ ဆိုလိုသည်မှာ ဘုရားသခင်က ဆိုးညစ်သူ(မယုံကြည်သူ)တို့ထံ ကောင်းသောအရာများကို ပေးတော်မူပါသည်၊ မိုးရွာခြင်း နေသာခြင်းတို့သာမကပါ၊ အစားအစာ၊ နားခိုစရာ၊ အသက်ရှင်ခြင်း စသည်တို့ကိုလည်း ပေးထားပါသည်၊ ထို့အပြင် တွေးခေါ်နိုင်သောစိတ်၊ လိုအင်ဆန္ဒနှင့် ဝိညာဉ်တို့ကိုလည်း ပေးတော်မူပါသည်။

ထိုအချက်များကိုကြည့်လျှက် လူအများက ဘုရားသခင်သည် လူဆိုး(မယုံကြည်သူ)တို့ကို ချစ်သည်၊ သူတို့အပေါ် ကျေးဇူးတော်ကို ထားသည်ဟု ကောက်ချက်ချတတ်ကြပါသည်။ ထိုအရာများကို "အားလုံးနှင့်ဆိုင်သောကျေးဇူးတော်"ဟု ခေါ်ကြပါသည်။ လူသားအားလုံးအတွက်ထားရှိသော ကျေးဇူးတော်၊ လူဆိုး(မယုံကြည်သူ)တို့ကို ကယ်တင်ခြင်းသို့ရောက်အောင် ခေါ်သွားသောကျေးဇူးတော်တော့ မဟုတ်၊ သို့သော် သူတို့ကို ဘုရားသခင်က မျက်နှာသာပေးကြောင်း၊ ချစ်မြတ်နိုးကြောင်းတို့ကို ပြနေသောသက်သေများဖြစ်ကြသည်ဟု ပြောကြပါသည်။ အားလုံးနှင့်ဆိုင်သော စောင့်မတော်မူခြင်းသည်၊ အားလုံးနှင့်ဆိုင်သောကျေးဇူးတော်နှင့် အတူတူမဟုတ်ပါ၊ ၎င်းတို့ကို မရှုပ်ထွေးသင့်ပါ။ ကျမ်းစာကလည်း ထို ဘုရားသခင်၏ အားလုံးနှင့်ဆိုင်သော စောင့်မတော်မူခြင်းကို "ကျေးဇူးတော်"ဆိုသောစကားလုံးနှင့် မည်သည့်အခါတွင်မျှ အသုံးမပြုပါ။

ထိုသို့ပြောသောကြောင့် ဆိုးညစ်သူ(မယုံကြည်သူ)တို့အပေါ် ဘုရားသခင်ပေးသော လက်ဆောင်များသည် မကောင်းသောအရာများဖြစ်သည်ဟု ပြောနေခြင်းမဟုတ်ပါ (ယာကုပ် ၁း၁၇)။ ဘုရားသခင်က သူတို့ကို ကောင်းသောအရာများပေးသောကြောင့် သူတို့ကိုချစ်တော်မူသည် (သို့) သူတို့အပေါ် ကျေးဇူးတော်ထားရှိသည်ဟု ပြော၍မရပါ။ ဘုရားသခင်က လူဆိုး(မယုံကြည်သူ)တို့ကို ကောင်းသောအရာများပေးသည်ဟုပြောခြင်းသည် ဘာကြောင့် ထိုကောင်းသောလက်ဆောင်များကို ပေးရသည်ဟု ပြောခြင်းမဟုတ်သေးပါ။ ကျမ်းစာက လူဆိုး(မယုံကြည်သူ)တို့ကို ဘုရားသခင်က ကောင်းသောအရာလက်ဆောင်များပေးရခြင်းတွင် ချစ်၍၊ ဂရုဏာထား၍မဟုတ်ဘဲ အခြားအကြောင်းအရာရှိသည်ဟု သေချာစွာရှင်းပြပါသည်။ ဘုရားသခင်က ထိုကောင်းသောအရာလက်ဆောင်များကို မိမိ၏အမျက်ဒေါသမှနေ၍ ပေးခြင်းဖြစ်သည်၊ သူတို့အတွက် ကျော့ကွင်းများဖြစ်အောင်ပေးခြင်းဖြစ်ပါသည် (ဆာလံ၁၁း၅၊ သုတ္တံ ၁၄း၃၅၊ ရောမ ၁၁း၉)။ ကျိန်ခြင်းအမင်္ဂလာအဖြစ် ပေးသည် (သုတ္တံ ၃း၃၃)။ သူတို့ပျက်စီးခြင်းသို့ရောက်ကြ ရန်ပေးခြင်းဖြစ်ပါသည်(ဆာလံ ၉၂း၉)။ ထိုကောင်းသောအရာလက်ဆောင်များအားဖြင့် ဘုရားသခင်က သူတို့ကို ချော်နေသော ဆင်ခြေလျှောများပေါ်သို့ရောက်စေလျှက်၊ ပျက်စီးခြင်းထဲသို့ လျှောကျသွားစေပါသည် (ဆာလံ ၇၃း၃-၇၊ ၁၈)။ လူဆိုး(မယုံကြည်သူ)တို့က ထိုလက်ဆောင်များကို သုံးကြကာ ဘုရားသခင်အားဆန့်ကျင်လျှက် အပြစ်ပြုကြခြင်းတွင် ဤအမှန်တရားကို ရှင်းစွာမြင်နိုင်ပါသည်။ မိမိတို့ကိုယ်ကို အပြစ်စီရင်ခံထိုက်သူများ ဖြစ်လာစေကြသည်။

ထိုအချက်မှန်ကန်ဖို့အတွက် ကျမ်းစာက ကျွန်တော်တို့ကို မိမိတို့ရန်သူများအားလည်း ကောင်းစွာပြုမူဆက်ဆံကြရန်ပြောပြပါသည်၊ ဘုရားသခင်ကို အတုယူလျှက် ထိုသို့ပြုရန်ပြောပါသည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့က သူတို့ကို ကောင်းစွာဆက်ဆံကြသော်လည်း ထိုသူတို့က နောင်တမရ၊ မပြောင်းလဲဘဲနေကြလျှင်၊ ကျွန်တော်တို့က သူတို့အပေါ်ပြုကြသော ကောင်းမြတ်ခြင်းများသည် သူတို့အပြစ်စီရင်ခြင်းခံရဖို့ အကြောင်းအရာများဖြစ်လာတော့မည်ဖြစ်သည်(ရောမ ၁၂း၂၀၊၂၁)။

ပေးလိုက်သောလက်ဆောင်က ကောင်းသောအရာဖြစ်နေလျှက် အထက်ကဖေါ်ပြသောအကြောင်းအရင်းများနှင့်ပေး၍ရသည်ဆိုခြင်းက ကျွန်တော်တို့ကို မအံ့သြစေသင့်ပါ။ အဘယ်ကြောင့်ဆိုသော် အဖေတယောက်က မိမိ၏ကလေးငယ်ကလေးအား ထက်မြနေသောသားလှီးဓါးတချောင်းကို ပေးလျှင် - မီးဖိုချောင်အတွက်တော့ အင်မတန်အသုံးဝင်ပါသော်လည်း - ကျွန်တော်တို့အတွက် ထိုသို့ကောင်းမြတ်သောအရာကို ပေးခြင်းသည် ချစ်၍၊ သနား ၍ဟုတ်ပါမည်လောဟု တွေးမိကြမည်အမှန်ဖြစ်သည်။ ထိုကလေးက မိမိကိုယ်မိမိ ဒုက္ခပေးဖို့ အမှန်ပင်သုံးတော့မည်ဖြစ်ပါသည်။ ထိုသို့ပင် လူဆိုး(မယုံကြည်သူ)တို့လည်း ဘုရားသခင်၏ကောင်းသောလက်ဆောင်များကို အသုံးပြုကြပါသည်။

အားလုံးနှင့်ဆိုင်သောကျေးဇူးတော်သြဝါဒကို သင်ခြင်း၏ အကြီးဆုံးသောအန္တရယ်မှာ ဘုရားသခင့်ထံမှရရှိသော ကျွန်တော်တို့၏နှစ်သိမ့်မှုကို ဖျက်ဆီးပစ်ခြင်းဖြစ်ပါသည်။ အကယ်၍ မိုးရွာခြင်း၊ နေပူခြင်း၊ ကျန်းမာခြင်း၊ အသက်ရှင်ခြင်းတို့သည် ကျေးဇူးတော်များသာဖြစ်ခဲ့ပါလျှင်၊ ကျွန်တော်တို့ထံသို့ ဘုရားသခင်က ထိုအရာများ၏ ဆန့်

ကျင်ဖက်ဖြစ်သည့် - ဖျားနာခြင်း၊ ဆင်းရဲခြင်း၊ မိုးခေါင်ခြင်း၊ သေဆုံးခြင်း - တို့ကို ပို့လိုက်သည်ဆိုလျှင် မည်သို့ပြောရတော့မည်နည်း? ထိုအရာများသည် ကျိန်ခြင်းအမင်္ဂလာများ ဖြစ်ကြပါသလော? ထိုသို့ဆိုလျှင် ဘုရားသခင်က ကျွန်တော်တို့ကို မုန်းတော်မူ၍ ပို့လိုက်ခြင်းဖြစ်သလော? "ကောင်းသောအရာများထဲတွင်"ကျေးဇူးတော်ရှိနေပါသည်ဆိုလျှင်၊ ထိုအရာများကို ဘုရားသခင်က ကျွန်တော်တို့ထံ မပေးသောအခါ၊ ကျွန်တော်တို့သည် သူ့ထံမှ ကျေးဇူး တော်ကို မရကြပါဟု ဆိုရမည်လော? ထိုသို့မဟုတ်ပါ၊ ဘုရားသခင်က သူ့လူများဖြစ်ကြသည့် ကျွန်တော်တို့ထံ ပို့လိုက်သည်မှန်သမျှသည် - ကျန်းမာခြင်းဖြစ်စေ၊ ဖျားနာခြင်းဖြစ်စေ၊ ဆင်းရဲခြင်းဖြစ်စေ၊ ကြွယ်ဝခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ သေခြင်းဖြစ်စေ - ချစ်တော်မူ၍ လွှတ်လိုက်ခြင်းများသာဖြစ်သည်၊ ကျေးဇူးတော်မှ လွှတ်လိုက်ခြင်းဖြစ်သည်၊ ကျွန်တော်တို့ ကောင်းဖို့ချည်းသာဖြစ်သည်ဟု သိရပါမည် (ရောမ ၈း၂၈)။ တချိန်ထဲတွင် ဘုရားသခင်က ထိုကောင်းသောအရာများကို လူဆိုး(မယုံကြည်သူ)တို့ထံ ပို့လိုက်သောအခါ၊ သူတို့၏ပျက်စီးရာသို့ ရောက်ဖို့အတွက် ပို့လိုက်ခြင်းဖြစ်ပါသည်။ ထိုသို့ဖြင့် ကျွန်တော်တို့ခံရသော ဝမ်းနည်းစရာများ၊ အခက်အခဲများကြားတွင် နှစ်သိမ့်မှုကို ရရှိကြမည်ဖြစ်သည်။

## ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်အပြစ်ဒုစရိုက်ကိုထိန်းချုပ်ခြင်းအကြောင်း
(Providence and Restraint of Sin)

ဘုရားသခင်သည် သူ၏စောင်မတော်မူခြင်းဖြင့် ဖြစ်ပျက်သမျှအရာတိုင်းကို ထိန်းချုပ်လမ်းညွှန်ပါသည်။ လူတို့ဘဝများ၏ အသေးစိတ်အကြောင်းအရာအားလုံးသည်ပင် ဘုရားသခင်၏အစိုးရတော်မူသော ထိုထိန်းချုပ်မှုအောက်တွင်သာ ရှိနေပါသည်။ နေဗုခဒ်နေဇာဘုရင်ကြီးက ပြောခဲ့သလိုဖြစ်သည်၊ "ကောင်းကင်ဗိုလ်ခြေတို့၌၄င်း၊ မြေကြီးသားတို့၌၄င်း အလိုတော်ရှိသည်အတိုင်း ပြုပြင်တော်မူ၏" (ဒံ ၄း၃၅)။ ထို့ကြောင့် ဘုရားသခင်သည် မိမိ၏စောင်မတော်မူခြင်းနှင့် လူတို့၏ အပြစ်ပြုခြင်းအလုပ်များအားလုံးကိုလည်း ထိန်းချုပ်လမ်းညွှန်တော်မူပါသည်။ ဥပမာ နေဗုခတ်နေဇာ ဘုရင်ကြီးနှင့် အခြားသူများ၏ဘဝများတွင် ထိုသို့တွေ့နေရပါသည် (၁ရာ ၂း၂၅၊ ၂ရာ ၁၆း၁၀၊ ၂၄း၁၊ ၃ရာ ၂၂း၁၉-၂၂၊ တမန် ၂း၂၃၊ ရောမ ၉း၁၈)။ ထို ဘုရားသခင်၏ အစိုးရတော်မူသော စောင်မတော်မူခြင်းအလုပ် တွင် အပြစ်ဒုစရိုက်ကို ထိန်းချုပ်ခြင်းလည်း ပါဝင်ပါသည်။ ဘုရားသခင်သည် စောင်မတော်မူခြင်းဖြင့် လူတို့၏ ဒုစရိုက်အပြစ်များကို နည်းလမ်းမျိုးစုံမှနေ၍ ထိန်းချုပ်တော်မူပါသည်။

ထိုအပြစ်ဒုစရိုက်အားထိန်းချုပ်ခြင်းအကြောင်းကို ကျမ်းစာက ဥပမာအများ ပေးထားပါသည်။ ကမ္ဘာဦးကျမ်း ၆း၃ သည် ပထမဆုံး ဥပမာဖြစ်ပါသည်။ ထိုနေရာတွင် ဘုရားသခင်သည် လူ၏အသက်ကို တိုစေခြင်းဖြင့် အပြစ်ကို ထိန်းချုပ်ပါသည်။ ဗာဗုလုန်ရဲတိုက် တည်ဆောက်ကြချိန်တွင်လည်း ဘုရားသခင်သည် လူ၏ဘာသာစကားကို မျိုးစုံဖြစ်စေခြင်းဖြင့် အပြစ်ကို ထိန်းချုပ်ပါသည်။ ဘုရားသခင်က တစုံတဦးကို အပြစ်၏လက်သို့ အပ်လိုက်တော်မူသည် ဟု ပြောသောကျမ်းပိုဒ်များကလည်း၊ ပထမပိုင်းတွင်တော့ ထိန်းချုပ်ထားခဲ့ပါသည်ဟု ပြောရာရောက်ပါသည် (ဆာ လံ ၈၁း၁၂၊ တမန် ၇း၄၂၊ ရောမ ၁း၂၄-၂၈)။

အချို့က ထိုကျမ်းပိုဒ်များကို ကိုးကားလျှက် "အားလုံးနှင့်ဆိုင်သောကျေးဇူးတော်"၏ ဥပမာများဟု ပြောချင်ကြပါသည်။ ထိုသူတို့က ဘုရားသခင်သည် အပြစ်လူသားကို အပြစ်မှထိန်းချုပ်ခြင်းသည် လူတိုင်းတို့အပေါ် ကျေးဇူးတော်ထားသောကြောင့်ဖြစ်သည်ဟု ပြောချင်ကြပါသည်။ လူအချို့ကဆိုလျှင်၊ ထိုအားလုံးသောကျေးဇူးတော်အားဖြင့် ဘုရားသခင်သည် လူတို့ကို ကယ်တင်ခြင်းအဆင့်သို့မရောက်စေသော်လည်း၊ လူတို့၏နှလုံးသားများ၊ စိတ်များ၊ အလိုဆန္ဒများထဲတွင် အကျိုးအာနိသင်တမျိုးကို ရောက်စေလျှက်၊ လုံးလုံးလျှားလျှားပျက်ဆီးခြင်းအဖြစ်မှ လွတ်စေပြီး၊ ဧဝံဂေလိတရားကို ထိုသူတို့ထံဟောသောအခါ ထိုသူတို့က လိုချင်လျှင် လက်ခံ၊ မလိုချင်လျှင် ငြင်းပယ်နိုင်သော အခြေ အနေသို့ ပို့ပါသည်ဟုပင် ပြောကြပါသည်။

သို့သော် ထိုသို့ပြောခြင်းသည် မမှန်ပါ၊ မည်သည့်နေရာတွင်မှ အပြစ်မှထိန်းချုပ်ခြင်းသည် ကျေးဇူးတော်ကြောင့်ဟု ပြောမထားပါ။ အပြစ်ကို မည်ကဲ့သို့ ထိန်းချုပ်သနည်း? အဘယ်ကြောင့်ထိန်း ချုပ်ရသနည်း?ဆိုသည့်မေးခွန်းများကို ထပ်မေးရပါမည်။

ထိုအပြစ်မှထိန်းချုပ်ခြင်းကို ဘုရားသခင်၏တန်ခိုးတော်အားဖြင့်သာ ဖြစ်စေပါသည်ဟု ကျမ်းစာက ရှင်းစွာသင်ပေးပါသည်။ ဝိညာဉ်တော်၏ကျေးဇူးတော်ဖြင့် လုပ်ဆောင်ပေးခြင်းမဟုတ်ပါ။ ထိုသို့ထိန်းချုပ်ခြင်းသည် ခွေးဆိုးကြီးတကောင်၏ ပါးစပ်ကို ချုပ်ကြိုးများဖြင့် ချည်နှောင်ထားခြင်းနှင့်တူပါသည်။ ထိုသို့ဖြင့် ထိုခွေးသည် အခြားသူများကို မကိုက်နိုင်တော့ပါ။ သို့သော် ထိုခွေးကြီး၏ရန်လိုခြင်းကိုတော့ ဘာမှပြောင်းမပစ်ပါ။ ထိုသို့ ဘုရားသခင်သည် နည်းလမ်း

မျိုးစုံကိုသုံးလျှက်၊ အထူးသဖြင့် နောက်ဆက်တွဲရလဒ်များကို ကြောက်ရွံ့စေခြင်းဖြင့်၊ လူတို့၏ဆိုးညစ်ခြင်းများကို၊ ၎င်းတို့၏ စိတ်သဘောအား ပြောင်းစေခြင်းမရှိဘဲ၊ ထိန်းချုပ်တော်မူပါသည်။ ထိုသို့ ကျေးဇူးတော်မပါဘဲ အစိုးရတော်မူစွာ အပြစ်ဒုစရိုက်အား ထိန်းချုပ်ခြင်းကို ဟေရှာယ ၃၇း၂၉တွင် တွေ့ရပါသည်၊ ဘုရားသခင်က အာဆီးရီးယန်းဘုရင်ကို ဤသို့ ပြောပါသည်၊ "ငါ၌ သင်၏အမျက်ဟုန်းခြင်း၊ စော်ကားခြင်းကို ငါကြားရသောကြောင့်၊ သင့်ကို နှာရှုတ်တပ်၍ ဇက်ခွံ့ပြီးမှ၊ သင်လာသောလမ်းဖြင့် ငါပြန်စေမည်။" ကျေးဇူးတော်အကြောင်း တလုံးမှ မတွေ့ရ။

ထိုဟောရှာယကျမ်းပိုဒ်၌ပင် ဘာကြောင့် ထိန်းချုပ်ရခြင်းကိုလည်း ရှင်းပြပါသည်။ ထိန်းချုပ်ရခြင်း၏ရည်ရွယ်ချက်မှာ ဘုရားသခင်၏လူတို့ကို ဤကမ္ဘာပေါ်တွင် ကာကွယ်ဖို့ စောင့်ရှောက်ထိန်းသိမ်းပေးဖို့ ဖြစ်ပါသည်။

ဘုရားသခင်၏ အားလုံးအပေါ် စောင်မတော်မူခြင်းသည် အားလုံးနှင့်ဆိုင်သောကျေးဇူးတော် မဟုတ်ပါ။ ကျေးဇူးတော်ဆိုသည်မှာ ဘုရားသခင်က သူ့လူများကို ကယ်တင်သော တန်ခိုးတော်ဖြစ်ပါသည် (ဧဖက် ၂း၈-၁၀)။ ထိုအံ့ဩစရာကောင်းသော၊ မြတ်နိုးစရာကောင်းသော၊ ကယ်တင်သော ကျေးဇူးတော်မှလွဲ၍ အခြားကျေးဇူးတော် မရှိပါ။ ထို့အတွက် ဘုရားသခင်ကို ချီးမွမ်းရပါမည်။

## လူကိုဖန်ဆင်းခြင်း(The Creation of Man)

လူကို ဘုရားသခင်က ဖန်ဆင်းသည်ဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ လူသည် ဆင့်ကဲဖြစ်ပေါ်လာခြင်း မဟုတ်ပါ။ အမှန်ပြောရလျှင် သူ့ကို ဖန်ဆင်းခြင်းသည်၊ အစအဦး ဘုရားသခင်ဖန်ဆင်းသမျှထဲတွင် အထွဋ်အထိပ်ဖြစ်ပါသည်။ ဘုရားသခင်၏ကြီးမြတ်ခြင်းကို ဩဇာကြီးစွာ သက်သေခံနေခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ကမ္ဘာထဲတွင် လူသည် ပြိုင်ဖက်ကင်းသောနေရာကိုရကြောင်း ပြောပြနေခြင်းဖြစ်ပါသည်။

ကျမ်းစာက လူ၏ပြိုင်ဖက်ကင်းသောအခြေအနေကို ခြားနားသောပုံစံမျိုးစုံဖြင့် ပြောပြပါသည်၊-

= လူကို မဖန်ဆင်းခင် ဘုရားသခင်သည် သူ့ကိုယ်သူ စကားပြောသည်၊ အခြားအရာများကို ဖန်ဆင်းချိန်တွင် ထိုသို့ မပြု (ကမ္ဘာ ၁း၂၆)။

= လူကို ဘုရားသခင်က သူ၏ပုံသဏ္ဍာန်အတိုင်း ဖန်ဆင်းသည် (ကမ္ဘာ ၁း၂၆-၂၇)။

= လူကို ဘုရားသခင်က မိမိ၏နှစ်ထပ်ကွမ်းလုပ်ဆောင်မှုဖြင့် ဖန်ဆင်းတော်မူသည် (ကမ္ဘာ ၂း၇)၊ အခြားသောသတ္တဝါများဖြစ်သည့် သားကောင်များ၊ ငှက်များ၊ ငါးများကိုမူ ဖြစ်လာရန် ခေါ်ထုတ်လိုက်ခြင်းသာပြုသည်။ လူကိုမူ ထိုသို့ ခေါ်ထုတ်ယုံဖြင့် မဖန်ဆင်းပါ။ သေချာစွာ ဖန်ဆင်းတော်မူသည်။

= လူကို ဘုရားသခင်က သူနှင့်အတူ မိတ်ဆွေများကဲ့သို့နေရန် ဖန်ဆင်းသည် (ကမ္ဘာ ၂း၁၅-၁၇)။

= ဘုရားသခင်က လူနေရာ စပယ်ရှယ်အိမ်ကို လုပ်ပေးသည် (ကမ္ဘာ ၂း၈)။

= လူကို ဖန်ဆင်းပြီးသည့်အခါ၊ သူ့ထံ တိုက်ရိုက်စကားပြောတော်မူသည် (ကမ္ဘာ ၁း၂၈)။

= ဘုရားသခင်က လူကို အခြားဖန်ဆင်းခံအားလုံးကို အုပ်ချုပ်စေသည် (ကမ္ဘာ ၁း၂၈)။

ကျမ်းစာမှပြောပြသော လူကိုဖန်ဆင်းခြင်းအကြောင်းနှင့် ဆင့်ကဲဖြစ်ပေါ်မှုသီအိုရီတို့သည် အခြေခံမှပင်ခြားနားပါသည်။ ဆင့်ကဲဖြစ်ပေါ်မှုဝါဒက လူသည် အဟိတ်တိရိစ္ဆာန်တို့နှင့် အဆင့်အရသာကွခြားသည်၊ သဘာဝအားဖြင့်၎င်း၊ အမျိုးအနွယ်အားဖြင့်၎င်း တိရိစ္ဆာန်တို့နှင့် ဘာမှမခြားဟု ထင်ပါသည်။ ထို့ကြောင့် ထိုဝါဒအရ လူတွင် ဘုရားကိုသိနိုင်ခြင်းအစွမ်း၊ သူနှင့်အတူ မိတ်ဆွေများကဲ့သို့နေနိုင်ခြင်းအစွမ်းတို့ မရှိပါဟု ယူရမည်ဖြစ်သည်။ လူနှင့် သားရဲတိရိစ္ဆာန်တို့အကြား တကဲ့ခြားနားမှုကို မတွေ့ကြသဖြင့်၊ ဆင့်ကဲဖြစ်ပေါ်မှုဝါဒီတို့သည် ထိုနှစ်မျိုးကို အခြားသောရှုထောင့်များ၌လည်း ရှုပ်ထွေးစွာမြင်လာကြပါတော့သည်၊ ထို့ကြောင့် "တိရိစ္ဆာန်အခွင့်အရေး"(animal rights) ဆိုသည်မျိုး ပြောလာကြသည်၊ လူ့သန္ဓေသားလောင်းများကို ကြိုက်သလိုလုပ်၍ရသည်၊ မလိုချင်လျှင် လွှင့်ပစ်၍လည်းရသည်ဟု တွေးလာကြသည်၊ ယဉ်ကျေးမှု မဖွံ့ဖြိုးသောလူများကို ရှေးဦးလူသားများဟု မြင်လာကြတော့သည်။

မည်သို့ပင်ဖြစ်ပါစေ၊ ပို၍အရေးကြီးသည်မှာ လူသည် အင်မတန်ထူးခြားစွာ ဖန်ဆင်းခံရပါသည်၊ ဖန်ဆင်းစကမ္ဘာကြီးတွင် သူ၏နေရာသည် မြင့်မားလှပါသည်၊ အပြစ်ထဲကျဆုံးသွားခြင်းဖြင့် သူသည် ထိုအခြေအနေများကို အတော်ကလေးဆုံးရှုံးခဲ့ရပါသည် ဆိုသည့်အကြောင်းများဖြစ်သည်။ လူသား ပထမတွင်ရရှိခဲ့သော ဂုဏ်ကျက်သရေက သာ သူ၏မျက်မှောက် ဆင်းရဲဒုက္ခရောက်နေရသောအခြေအနေကို ပြောနိုင်ပါသည်။ ဘုရားသခင်နှင့်မိတ်သဟာယ ဖွဲ့နိုင်သူအဖြစ် ဖန်ဆင်းခြင်းခံခဲ့ရသူသည်သာ၊ မျက်မှောက်တွင် စာတန်နှင့် မိတ်သဟာယဖွဲ့၍ နေနိုင်ပါသည်။ မြင့်မားစွာ ဖန်ဆင်းခံရသူသည်သာ နိမ့်ကျစွာ ကျဆုံးနိုင်ပါသည်။ ထာဝရအသက်ကို ရနိုင်သူအဖြစ် ဖန်ဆင်းခြင်းခံရသူသည်သာ အပြစ်အားဖြင့် မိမိကိုယ်ကိုအပေါ်သို့ ထာဝရသေခြင်းကို ရောက်ရှိလာစေနိုင်ပါသည်။

ဆင့်ကဲဖြစ်ပေါ်မှုဝါဒီများက မျက်မှောက်လူသား၏အခြေအနေမှန်ကို မသိနိုင်ပါ။ ထို့ကြောင့် သူတို့သည် မျက်မှောက်လူသား၏ပြဿနာအရပ်ရပ်ကို ပညာရေး၊ လူမှုရေးပြုပြင်မှု၊ နိုင်ငံရေး၊ အခြားသောလူသားတတ်နိုင်သည့် ဖြေရှင်းမှုများဖြင့် ကုစားနိုင်မည်ဟု မျှော်လင့်နေကြပါသည်။ ဆင့်ကဲဖြစ်ပေါ်မှုဝါဒီတဦးက လူသားသည် ပျောက်ဆုံးနေသူဖြစ်ကြောင်း၊ သူ၏အခြေအနေသည် သနားဖွယ်ဖြစ်ကြောင်း၊ သူ၏အနေအထားသည် ကူရာကယ်ရာမဲ့ဖြစ်နေကြောင်း မယုံနိုင်ပါ၊ ယုံလည်းမယုံပါ။ လူသား၏ပြဿနာအရပ်ရပ်ကို ဖြေရှင်းဖို့ ကြိုးစားနသော လောကနှင့်ဆိုင်သည့်၊ ယျွချိန်နှင့်သာဆိုင်သည့် ဖြေရှင်းမှုများသည် မျှော်လင့်ချက်မဲ့ဖြစ်ကြောင်း မမြင်နိုင်ပါ။ ကျမ်းစာမှနေ၍သာ ကျွန်တော်တို့သည် လူသား၏ မူလအစအခြေအနေမှန်ကိုငှင်း၊ သူ၏ကြီးမားသောလိုအပ်မှုများကိုငှင်း မှန်ကန်စွာ နားလည်နိုင်ကြပါသည်။

လူသားသည် မည်သည့်အခြေအနေ၌ရှိခဲ့သည်၊ အပြစ်ကြောင့် ဘယ်အခြေအနေသို့ရောက်လာသည်တို့ကို နားလည်လျှင်၊ လူသည် သူ့ဘာသာကြိုးစားမှုဖြင့်တော့ မြင့်မားသောအခြေအနေသို့ ပြန်ရောက် နိုင်တော့မည် မဟုတ်ပါဟု သဘောပေါက်နိုင်ပါမည်။ (သို့) မိမိလိုအပ်ချက်များအတွက် ကုစားစရာလမ်းကိုပင်တွေ့နိုင် မည်မဟုတ်တော့ပါ။ ကျွန်တော်တို့သည် လူသားတို့က တွေးတောကြံဆသည့် အဖြေများကို အားကိုးကြသည်မဟုတ်ပါ၊ သခင်ယေရှုကိုသာ အားကိုးကြပါသည်။ သူသည် တဦးတည်းသာဖြစ်သော လူသား၏ဆင်းရဲဒုက္ခအောက် ရောက်နေခြင်းမှ ကယ်လွှတ်နိုင်သူ ဘုရားသခင်၏ကုထုံး ဖြစ်ပါသည်။

### ဘုရားသခင့်ပုံသဏ္ဍာန်တော်ထဲမှလူသားအကြောင်း(Man in The Image of God)

လူသားကိုဖန်ဆင်းခြင်း၏ အံ့ဩစရာအများထဲမှတခုမှာ မူလအစတွင် သူ့ကို ဘုရားသခင့်ပုံသဏ္ဍာန်တော်ထဲ၌ ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က သူသည် အချို့သောနေရာတို့၌ ဘုရားနှင့်တူခဲ့ပါသည်။ ထိုအချက်ထက် မည်သည်ကမှ ပို၍ အံ့ဩစရာမကောင်းပါ။

ကိုယ်ခန္ဓာအရတော့ လူသည် ဘုရားနှင့်မတူနိုင်ပါ၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ဝိညာဉ်ဖြစ်ပါသည်၊ မည်သည့်လူသားကမှ မတွေ့ဖူးပါ၊ တွေ့လည်း မတွေ့နိုင်ပါ (ယော ၄း၂၄၊ ၁တိ ၆း၁၆)။ ထို့ကြောင့် ဘုရားနှင့်တူခြင်းသည် ဝိညာဉ်၌တူခြင်းဖြစ်သည်။ ကျမ်းစာက ဧဖက် ၄း၂၄ နှင့် ကော ၃း၁၀ တို့တွင် လူသားက ဘုရားနှင့်တူသောအရာ သုံးမျိုးရှိသည်ဟု ပြောပြပါသည်။ လူသားထံတွင် ဘုရားသခင်၏ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် ဉာဏ်ပညာတို့ ရှိပါသည်။ ထိုအခြေအနေသည် အပြစ်ထဲသို့ မကျဆုံးခင်၊ အပြစ်ဒဏ်စီရင်ခြင်းမခံရခင် ရှိနေခဲ့သော လူ၏အခြေအနေဖြစ်သည်။

လူသားကို ဘုရားပုံသဏ္ဍာန်ဖြစ်စေရခြင်းမှာ ဘုရားကို သိရန်၊ ချစ်ရန်၊ သူနှင့်အတူ ပျော်ရွှင်စွာနေရန်ဖြစ်ပါသည်။ ထိုအခြေအနေသည် တိရိစ္ဆာန်များအတွက်၊ သက်မဲ့ဖန်ဆင်းခံများအတွက် မဖြစ်နိုင်သောအခြေအနေဖြစ်သည်။ ၎င်းတို့ထံတွင် ဘုရားသခင်၏ပုံသဏ္ဍာန်တော် ရှိမနေပါ။

နောက်မေးတတ်သည့်မေးခွန်းမှာ အပြစ်ထဲသို့ ကျဆုံးပြီးသော လူသား၌ ဘုရားသခင်၏ပုံသဏ္ဍာန်တော် ကျန်နေပါသေးသလား? ဆိုသည့်မေးခွန်းဖြစ်သည်။ အရေးကြီးသောမေးခွန်းဖြစ်ပါသည်။ အကယ်၍သာ လူသား၏ အပြစ်များ ပြည့်နေသောအခြေအနေတွင် ဘုရားသခင့်ပုံသဏ္ဍာန်တော်နှင့်ပတ်သက်သည့်အရာ အနည်းငယ်ကလေးပင် ကျန်နေခဲ့ပါလျှင်၊ လူသားထံ၌ အနည်းငယ်သောကောင်းမြတ်မှုနှင့်ထိုက်တန်မှု ရှိနေဦးမည်ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အမြဲတမ်း ကောင်းမြတ်သောဘုရား ဖြစ်သောကြောင့်ဖြစ်သည်။ အကယ်၍သာ လူသားထံ၌ ဘုရားသခင့်ပုံသဏ္ဍာန်တော် အနည်းငယ်မှမကျန်ခဲ့လျှင်၊ သူ့ထံ၌ ကောင်းမြတ်ခြင်းတခုမှ ရှိတော့မည် မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်တပါးတည်းသာ ကောင်းမြတ်သောကြောင့်ဖြစ်ပါသည်။

ဤမေးခွန်းနှင့်ပတ်သက်၍ ကျမ်းစာက ရှင်းလင်းသောအဖြေကို ပေးပါသည်။ ကျမ်းစာက ပေးသောအဖြေမှာ အပြစ်သို့ကျဆုံးပြီးလူသားထံတွင် ဘုရားသခင့်ပုံသဏ္ဍာန် အနည်းငယ်မှ မကျန်ခဲ့ပါ ဟူ၍ဖြစ်သည်။ လုံးလုံးလျားလျားပျက်ဆီးနေသောလူသားကို သူသည် ဘုရားသခင်နှင့်တူပါသေးသည်ဟုပြောခြင်းသည် တွေး၍ပင်မဖြစ်နိုင်ပါ။ သခင်ယေရှုက ယော ၈း၄၄ တွင် မယုံကြည်သူဖါရိရှဲများနှင့် သူ့ကို မယုံကြည်သူအားလုံးထံ “သင်တို့၏ဖခင်သည် နတ်ဆိုးဖြစ်သည်၊ သင်တို့ဖခင်ကြီး၏ တပ်မက်မှုများကို သင်တို့လည်း လိုက်လုပ်ကြသည်”ဟု ပြောခဲ့ပါသည်။ နောက်တမျိုးနှင့်ပြောရလျှင် ယျွချိန် လူသားထံတွင်ရှိနေသော ပုံသဏ္ဍာန်သည် စာတန်မာရ်နတ်၏ပုံသဏ္ဍာန်ဖြစ်ပါသည်၊ ထိုအချက်က လူတို့၏အကျင့်စရိုက်များကို ပြောပြနေပါသည်။

လူတို့က ယနေ့ချိန်တွင် ဘုရားသခင့်ပုံသဏ္ဍာန်တော်ကို ပိုင်ဆိုင်ကြပါသေးသလား?ဆိုသည့်မေးခွန်းကို ကျမ်းစာက ဧဖက် ၄း၂၄ နှင့် ကောလောသဲ ၃း၁၀ တို့တွင် အဖြေပေးပါသည်။ ကယ်တင်ခြင်းက ကျွန်တော်တို့ထံတွင် ဖန်ဆင်းရှင်

၏ပုံသဏ္ဍာန်တော်ကို အသစ်ပြန်ဖြစ်စေပါသည်။ ကျွန်တော်တို့ ကယ်တင်ခြင်းခံကြရသောအခါ၊ ဘုရားသခင်က ကျွန်တော်တို့ထံ၌ရှိနေသည့် စာတန်၏ပုံသဏ္ဍာန်ကို ခြေမှုန်းပစ်လိုက်ကာ၊ သူ၏ပုံသဏ္ဍာန်တော်ကိုကျွန်တော်တို့အထဲ၌ ပြန်၍ ဖန်ဆင်းတော်မူပါသည်။ သခင်ယေရှုခရစ်၏ဝိညာဉ်တော်ဖြင့် ကျွန်တော်တို့ကို အသစ်ပြန်လည် မွေးဖွားစေချိန်၊ ကျွန်တော်တို့ကို ပြန်လည်၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် စစ်မှန်သောအသိပညာတို့ကို ပြန်ပေးတော်မူချိန်တွင် ထိုသို့ ဖန်ဆင်းခြင်းဖြစ်သည်။ ထိုပုံသဏ္ဍာန်တော်ကို အသစ်မဖန်ဆင်းမခြင်း၊ ပြန်မရှိစေမခြင်း၊ အပြစ်ထဲသို့ ကျဆုံးနေသော၊ လုံးလုံးလျှားလျှား ပျက်စီးနေသော လူသားသည် ထိုအစွမ်းသတ္တိများကို တခုမှမပိုင်ဆိုင်ပါ။ သခင်ခရစ်တော်၌ အသစ်ပြန်ဖြစ်လာစေသူတို့သာ ထိုအရာများကို ပိုင်ဆိုင်ကြပါသည်။

သင်ကော ဘုရားသခင့်ပုံသဏ္ဍာန်တော်၌ အသစ်ပြန်ဖြစ်စေခြင်းကို ခံရပြီးဖြစ်ပါသလား? ဖြစ်ပါသည်ဟု ပြောလျှင်၊ သင့် စကားပြောပုံ၊ ပြုမူပုံတို့က သင်သည် ဘုရားသခင်နှင့်တူသူဖြစ်သည်ဟု ပြနေကြပါသလား? မပြကြပါလျှင် မည်မျှရှက်စရာကောင်းပါသနည်း? ကျွန်တော်တို့သည် ကယ်တင်ခြင်းရကြပြီ၊ ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကို ပိုင်ဆိုင်ကြပြီဟု ပြောနေလျှက်နှင့် နတ်ဆိုးကဲ့သို့ ဆက်လက်အသက်ရှင်နေခြင်းသည် မည်မျှရှက်စရာ ကောင်းပါသနည်း? ထိုမှဆန့်ကျင်စွာ ကျွန်တော်တို့သည် ဘုရားသခင်နှင့်တူကြသည့်အခါ၊ ကယ်တင်တော်မူသော ဘုရားသခင့်ကျေးဇူးတော်ကို အံ့သြစရာကောင်းလှသည်ဟု သက်သေခံကြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် ချစ်ရသော သားသမီးများအနေနှင့် သူ့(ဘုရားသခင်)ကို အတုခိုးကြသူများဖြစ်ကြပါသည် (ဧဖက် ၅း၁)

## အာဒံနှင့်လူသားမျိုးနွယ်တရပ်လုံး၏ ဆက်နွယ်မှုအကြောင်း

(Adam's Relationship to the Human race)

အာဒံ့ကို ဖန်ဆင်းသည့်အခါ သူ့ကို လူသားတရပ်လုံးနှင့် တမျိုးတဖုံသောဆက်နွယ်မှုရှိရန် ထားရှိပါသည်။ ထို့အတူ သူ့မျိုးနွယ်ဆက်များနှင့်လည်းဖြစ်ပါသည်။ ထို့ကြောင့် သူလုပ်ခဲ့သည့်အရာသည် ကျွန်တော်တို့ထံ နောက်ဆက်တွဲအကျိုးရလဒ် ဖြစ်စေပါသည်။ ထိုတမျိုးတဖုံသောဆက်နွယ်မှုသည် မည်သည့်အရာဖြစ်ပါသနည်း?

အာဒံသည် ကျွန်တော်တို့၏ ခေါင်းဆောင် (သို့) ကိုယ်စားလှယ် ဖြစ်ပါသည်။ ထိုအချက်ကို သူလုပ်သောအပြစ်အတွက် ကျွန်တော်တို့ကလည်း တာဝန်ယူရခြင်းမှ သိရပါသည် (ရောမ ၅း၁၂)။ ထို့အတူ သားသမီးငယ်တို့၏ အကျင့်စရိုက်အတွက် မိဘများက တာဝန်ယူရလေ့ရှိပါသည်၊ အဘယ်ကြောင့်ဆိုသော် မိဘများက သားသမီးများကို ကိုယ်စားပြုရသောကြောင့်ဖြစ်ပါသည်။ သခင်ခရစ်တော်သည်လည်း ဘုရားသခင့်ရှေ့မှောက်တွင် ကျွန်တော်တို့၏ ကိုယ်စားလှယ်၊ "နောက်ဆုံးအာဒံ"ဖြစ်ကြောင်း သိရပါသည် (၁ကော ၁၅း၄၅)။

အာဒံသည် ကျွန်တော်တို့ကိုယ်စားလှယ်ဖြစ်သည်ဟု ပြောသည့်အခါ၊ သူသည် ကျွန်တော်တို့၏နေရာတွင် နေရာယူပေးရသူဖြစ်သည်၊ ထို့ကြောင့် သူလုပ်သမျှသည် ကျွန်တော်တို့အတွက်ဖြစ်သည်ဟု ပြောခြင်းဖြစ်သည်။ ထို့ကြောင့် အာဒံလုပ်ခဲ့သမျှသည် ကျွန်တော်တို့ကိုယ်တိုင်က လုပ်ကြသလို တာဝန်ယူကြရခြင်းဖြစ်သည်။ ထိုနည်းလမ်းဖြင့် အာဒံ့အပြစ်သည် ကျွန်တော်တို့အပြစ်အဖြစ် သတ်မှတ်ခြင်းခံရပါသည်။ ကျွန်တော်တို့ယူရသောတာဝန်ဖြစ်လာပါသည်။

လူအချို့က ထိုသို့ဖြစ်ခြင်းသည် မတရားပါဟု စောဒကတက်ချင်ပါသည်။ တကယ်ပင် မတရားရာကျပါသလား? ထိုသို့သောဆက်နွယ်မှုသည် ဤမြေကမ္ဘာပေါ်ရှိ ကျွန်တော်တို့၏အသက်ရှင်မှုတွင်လည်း တစိတ်တပိုင်းဖြစ်နေကြောင်း နေ့တိုင်းတွေ့နေရပါသည်။ မိဘတို့က ကလေးတို့အဖို့ ကိုယ်စားပြုရပါသည်၊ သူတို့အတွက် ဘာမဆို ပြုမူပေးကြရပါသည်။ နိုင်ငံရေးသမားများသည် တတိုင်းပြည်လုံးအတွက် ကိုယ်စားပြုကြရပါသည်။ စစ်ဖြစ်မည်ဟု ကြေညာသောအခါ၊ တချို့က နိုင်ငံရေးသမားများဆုံးဖြတ်သည့် စစ်တိုက်မည်ဆိုခြင်းကို စောဒကတက်ကြသော်လည်း တတိုင်းပြည်လုံး စစ်တိုက်ကြရပါသည်။ မည်သို့ဖြစ်ပါစေ အရေးကြီးဆုံးအချက်မှာ လူအချို့က အာဒံသည် ကျွန်တော် တို့၏ကိုယ်စားလှယ်ဖြစ်ခြင်းသည် တရားမျှတမှုမရှိပါ၊ မမှန်နိုင်ပါဟု ပြောကြလျှင်၊ သခင်ခရစ်တော်သည်လည်း ကျွန်တော်တို့၏ကိုယ်စားလှယ် ဖြစ်တော်မူခြင်းသည် တရားမျှတမှုမရှိပါ၊ မမှန်နိုင်ပါဟု ပြောရာရောက်နေခြင်းဖြစ်ပါသည်။ ခရစ်တော်သည် အာဒံ၏နေရာကို ယူပေးသည်ဆိုသည့်အချက်နှင့် သူ့လူများအတွက်ကိုယ်စားလုပ်ကိုင်ပေးသည် ဆိုသည့်အချက်ကို မေ့နေ၍မဖြစ်ပါ။ ထို့ကြောင့် ခရစ်တော်လုပ်သမျှကို သူ့လူများအတွက် မှတ်ယူပေးပါသည်။ သူ့လူများသည် သူ့အတွက်ကြောင့် ဘုရားသခင့်ရှေ့တော်မှောက်တွင် ဖြောင့်မတ်ခြင်းကိုရှာတွေ့ကြပါသည်၊ အပြစ်တင်ခံရခြင်းမှ လွတ်မြောက်ကြပါသည်။၀

ထို့အပြင် ကျွန်တော်တို့ထံ၌ အာဒံနှင့်တူသောဇာတိသဘာဝရှိသကဲ့သို့၊ ခရစ်တော်ထံတွင်လည်း ကျွန်တော်တို့နှင့်တူသောဇာတိသဘာဝ ရှိနေပါသည်၊ အပြစ်ထဲတော့ ကျဆုံးခြင်းမရှိပါ။ ထို့ကြောင့် ကျွန်တော်တို့သာဆိုလျှင် အာဒံထက်သာအောင် လုပ်နိုင်ပါလိမ့်မည်၊ သူနှင့်မတူစွာ နေနိုင်ပါလိမ့်မည်ဟု ပြော၍မရပါ။ ထို့အပြင် အာဒံသည် ဖြောင့်

မတ်လျှက် ပြည့်စုံခဲ့ပါသည်။ အာဒံအပြစ်ထဲသို့ကျဆုံးသည့်အခါ၊ သူ၏အပြစ်ကို တရားစွာဖြင့် ကျွန်တော်တို့အတွက် မှတ်ယူပေးပါသည်၊ ကျွန်တော်တို့၏အပြစ်လည်း ဖြစ်လာပါသည်။

အာဒံသည် ကျွန်တော်တို့၏ဖခင်လည်း ဖြစ်ပါသည်။ ထိုသို့ဖြင့် - ပျက်ဆီးနေသော၊ ယိုယွင်းနေသော၊ အပြစ်တရားထဲကျဆုံးနေသော ကျွန်တော်တို့၏ လူသား၏ဇာတိသဘာဝကို သူ့ထံမှ ရရှိကြပါသည်။ ကျွန်တော်တို့သည် ကျူးလွန်ခြင်းများနှင့်အပြစ်များထဲတွင် သေလျှက် မွေးဖွားလာကြပါသည်၊ အဘယ်ကြောင့်ဆိုသော် အာဒံကိုယ်တိုင်ပင် အပြစ်ထဲသို့ ကျဆုံးသောအခါ ဝိညာဉ်ရေးရာအားဖြင့် သေဆုံးခဲ့၍ဖြစ်ပါသည် (ကမ္ဘာ ၅း၃)။

ကျွန်တော်တို့သည် ဆိုးညစ်ခြင်း ဘာဆိုဘာမှမလုပ်ကြသေးခင်၊ ကျူးလွန်ခြင်းများ၊ အပြစ်များထဲတွင် သေလျှက် မွေးဖွားလာကြပါသည်၊ အပြစ်၏ဒဏ်ခတ်ခြင်းများကို ခံစားနေကြရပြီးဖြစ်ပါသည်။ အဘယ်သို့ဖြစ်နိုင်ပါသနည်း? အဖြေမှာ ကျွန်တော်တို့၏ကိုယ်စားလှယ်အဖြစ် အာဒံနှင့်ကျွန်တော်တို့၏ဆက်နွယ်နေခြင်းတွင် ရှိပါသည်။ ကျွန်တော်တို့ မမွေးခင်ကပင် (သို့) ကောင်းခြင်းဆိုးခြင်း တခုကိုမှမလုပ်ခင်ကပင်၊ အာဒံ၏အပြစ်အတွက် တာဝန်ရှိ ကြပြီးဖြစ်သည်၊ ထို့ကြောင့် အပြစ်အတွက်ဒဏ်ခတ်ခံရခြင်းကို ခံစားရလျှက် မွေးလာကြပါသည်။ သူ့ထံတွင် ကျရောက်ခဲ့သည့် အပြစ်ဒဏ်နှင့် တူညီသောအပြစ်ဒဏ်ဖြစ်ပါသည်။ အပြစ်အတွက် ဒဏ်ခတ်ခံရခြင်းအဖြစ် သူသည် ဝိညာဉ်ရေးအရ သေဆုံးခဲ့ပါသည်၊ လုံးလုံးလျှားလျှား ပျက်ဆီးသူဖြစ်လာပါသည်။ ကျွန်တော်တို့လည်း သူ့အပြစ် အောက်တွင် အပြစ်ရှိနေကြပါသည်၊ သူခံရသောပြစ်ဒဏ်နှင့်တူညီသောပြစ်ဒဏ်ခံရခြင်းအောက်တွင် မွေးဖွားလာကြပါသည်။

အပြစ်လုပ်ခွင့်မရခင်ကပင် ကျွန်တော်တို့သည် အာဒံ၏အပြစ်အောက်တွင် အပြစ်ရှိနေခဲ့ကြသည်၊ ထို့ကြောင့် ပျက်ဆီးခြင်း၊ ဆိုးညစ်ခြင်း၌မွေးလာကြသည်၊ အပြစ်အတွက်ဒဏ်ခတ်ခံရခြင်းကို ခံစားရပြီးဖြစ်နေပါသည်ဟူသော ပြောဆိုချက်လောက် ကျွန်တော်တို့၏ မျှော်လင့်ချက်မဲ့နေသောအဖြစ်ကို မည်သည်ကမှ ပြောမပြနိုင်ပါ။ ထိုအချက်ကို သေချာစွာနားလည်ခြင်းကသာ၊ အပြစ်၏ချုပ်ကိုင်ခြင်းမှကင်းလွတ်ခြင်းသည် ဘုရားသခင့်ထံမှသာလာရမည် ဆိုသည့်အချက်ကို သဘောပေါက်စေနိုင်ပါမည်။ ထိုအချက်ကို သေချာစွာ နားမလည်သ၍၊ အပြစ်၏ချုပ်ကိုင်ခြင်းမှ ပျောက်ကင်းနိုင်ခြင်းသည် ကျွန်တော်တို့၏ စွမ်းဆောင်နိုင်မှု၊ စွမ်းအင်၊ အလိုဆန္ဒတွင် ရှိနေပါသည်ဟု ဆက်၍တွေး ထင်နေကြပါလိမ့်မည်။

## ထိုက်တန်ခြင်းအကြောင်း (Merit)

အများစုက အာဒံသည် ပါရာဒိုက်စ်(ဧဒင်ဥယာဉ်)တွင် အစမ်းခန့်ကာလ(probation)၌ရှိနေခဲ့သည်ဟု ယုံကြည်ကြသည်။ ထိုကာလ၌ ဆက်လက်၍သာ နာခံလိုက်လျှောက်ခဲ့လျှင် နောက်ဆုံးတွင် သူသည် ထာဝရအသက်ကို ထိုက်တန်နိုင်ပါမည်၊ ကောင်းကင်ဘုံ၏အသက်ကို ရနိုင်ပါမည်ဟု ထင်နေကြပါသည်။ ကျွန်တော်တို့ကတော့ ထိုအယူအဆသည် ကျမ်းစာနှင့်လွဲနေသည်ဟု ယုံကြည်ကြပါသည်။

၁ကော ၁၅း၄၇၊၄၈ အရ ထာဝရအသက်၊ ကောင်းကင်ဘုံ၏အသက်သည် "ကောင်းကင်မှလာသောသခင်"ထံမှသာ ရနိုင်ကြောင်း သိနိုင်ပါသည်။ ထိုသခင်သည် ကျွန်တော်တို့၏ သခင်ယေရှုခရစ်တော်ဖြစ်ပါသည်။ သခင်ယေရှုခရစ်တော်သာမပါလျှင် အာဒံသည် အမြဲတမ်း မြေကြီးပေါ်မှာသာ ဆက်၍နေပါမည်။

မည်သို့ဖြစ်ပါစေ၊ ပို၍အရေးကြီးသည့်အချက်မှာ ထိုက်တန်နိုင်ခြင်းဆိုသည့် အိုင်ဒီယာသည် မှားပါသည်။ ကျမ်းစာတွင် ထိုက်တန်ခြင်းအတွက် အခန်းမရှိပါ။ မျက်မှောက်ခေတ်လူသား၏ အပြစ်ထဲကျဆုံးပြီးသည့် အခြေအနေ၌ဖြစ်စေ၊ ပါရာဒိုက်စ်အရပ် ပြည့်စုံသောအဖြစ်၌ ရှိစဉ်ကဖြစ်စေ၊ ကျမ်းစာ၌ ထိုက်တန်ခြင်းအတွက် နေရာမပါပါ။

လူသည် ဘုရားသခင်ထံ မည်သည့်အခါတွင်မျှ ထိုက်တန်ခြင်းမရှိနိုင်ပါ။ လူ၏ပြည့်စုံသောအဖြစ်ရှိခဲ့စဉ်ကပင် ထိုက်တန်မှုကို ပြုလုပ်နိုင်ခဲ့ပါမည်ဟု ထင်နေသောအတွေးကိုပင် ကျွန်တော်တို့၏အတွေးအခေါ်ထဲမှ ရှင်းထုတ်ပစ်ရပါမည်။ ထိုအတွေးအခေါ်၏ အမြစ်၊ ပင်စည်၊ အကိုင်းအခက် အားလုံးကို ရှင်းထုတ်ပစ်ပါ။

အပြစ်မရှိခဲ့သောအချိန်၌ပင် မည်သည့်လူသားမျှ ထိုက်တန်ဖို့အတွက် ဘာမှမရှိပါ။ ထိုက်တန်ဖို့အတွက် (သို့) ရထိုက်ဖို့အတွက် ပထမအနေနှင့် သူ့ထံတွင် တစုံတခုကို ပိုင်ဆိုင်ထားရပါမည်၊- အချိန်၊ တတ်ကျွမ်းမှု၊ ခွန်အား - တခုခုရှိမှ ထိုက်တန်ဖို့အတွက် အသုံးပြုနိုင်ပါမည်။

သို့သော် မည်သည့်လူသားမျှ မိမိ၏ကိုယ်ပိုင်ဟု ပြောနိုင်သည့်အရာ တခုမှမရှိကြပါ။ "သူတပါးလက်မှ မခံမယူဘဲ အလိုအလျှောက်ရသောအရာ တစုံတခုမျှ သင်၌ရှိသလော"ဟု ပေါလုက ၁ကော ၄း၇ တွင် မေးထားပါသည်။ အပြစ်ထဲမကျဆုံးသေးခင်ကလည်း အာဒံသည် ထိုမေးခွန်းကို "ဘာမှမရှိပါ"ဟုသာ ဖြေရပါမည်။ ဘုရားသခင်ကိုယ်တိုင်ကလည်း "လောကဓါတ်နှင့်လောကဥစ္စာသည်၊ ငါ၏ဥစ္စာဖြစ်၏"ဟု ဆာလံ ၅၀း၁၂ တွင်ပြောပါသည်။ ထို့ကြောင့် ထိုက်

တန်မှုရရန်အတွက် ဘုရားသခင့်ထံ ပေးဖို့ကြိုးစားသမျှသည် အရင်ကထည်းက သူ့ဥစ္စာ ဖြစ်နှင့်ပြီးသား ဖြစ်ပါသည်။ သူ့ထံသို့ သူပိုင်ပြီးအရာများကို ပေးလျှက်၊ သူက ကျေနပ်မည်ဟု သင်ထင်ပါသလား?

ဘုရားသခင်၏ထံတော်တွင် လူသားက ထိုက်တန်မှုရရန် ဘာဆိုဘာမှမလုပ်နိုင်ခြင်းကို လုကာ ၁၇း၁၀ တွင် အလွန်ရှင်းစွာ သင်ပေးပါသည်။ ထိုနေရာတွင် ဘုရားသခင်က လူကို ကျွန်တဦးနှင့်နှိုင်းယှဉ်၍ ပြောနေပါသည်။ ကျွန်သည် သူ့ကိုယ်သူပင် မပိုင်ဆိုင်သဖြင့် ဘာကိုမျှ ထိုက်တန်ရန် မလုပ်နိုင်ပါ။ ထိုအဖြစ်မှနေ၍ ကျွန်တော်တို့သည် "မှာထားတော်မူသမျှကို ပြုလုပ်ကြပြီးလျှင်လည်း" ဆက်လက်၍ "ဝတ်ပြေရုံမျှသာ ရှိပါသေးကြောင်း၊ သခင်၌ ကျေးဇူးပြုသောအစေအပါး ဖြစ်သည်မဟုတ်ကြောင်းကို" သင်ယူကြရပါသည်။ ထိုသခင်ယေရှုပြောပြသော ဥပမာတော်က သခင်ဖြစ်သူ၏ ကျေးဇူးတင်ခြင်းကို မခံရသောအစေအပါကဲ့သို့ပင် ကျွန်တော်တို့သည်လည်း ဘုရားသခင် မှာထားသမျှကို လုပ်ခြင်းဖြင့် သူ့ထံတော်၌ ထိုက်တန်မှုကို မရနိုင်ကြောင်း သင်ကြရပါသည်။ ထို့အပြင် ထိုဥပမာတော်က အပြစ်ထဲ ကျဆုံးပြီး လူသား၏အခြေအနေကို ပြောနေခြင်းမဟုတ်ပါ၊ အပြစ်မပြုခင် ပြည့်စုံသောအဖြစ်၌ရှိနေခဲ့သည့် လူ၏အခြေအနေကို ပြောနေခြင်းဖြစ်သည်၊ "မှာထားတော်မူသမျှတို့ကို"ဆိုသည့်စကားစုအရ သိရခြင်းဖြစ်သည်။ ထို့ကြောင့် အာဒံအတွက်ပင် မဖြစ်နိုင်ခဲ့သော ကိစ္စသည် အဘယ်သို့လျှင် ကျွန်တော်တို့က ဖြစ်စေနိုင်ပါမည်နည်း?

ထို့ကြောင့် ကျွန်တော်တို့သည် ထို ဘုရားသခင်၏ဒဏ်ခတ်ခြင်းကိုခံထိုက်သည့် ထိုက်တန်ခြင်းအိုင်ဒီယာကို အတွေးထဲမှ ထုတ်ဖယ်ပစ်ရပါမည်၊ ကျွန်တော်တို့၏ဩဝါဒများထဲမှ၊ လက်တွေ့ကျင့်ကြံခြင်းမှ၊ တွေးခေါ်ခြင်းမှ ထုတ်ပစ်ရပါမည်။ ထိုသို့ပြုပြီးခါမှ ကျွန်တော်တို့သည် မိမိတို့၏ မျှော်လင့်ချက်မဲ့နေခြင်းအဖြစ်မှန်ကို သေချာစွာမြင်လာနိုင်ပါမည်။ ကျွန်တော်တို့သည် ဘုရားသခင့်ထံတော်တွင် ဘာကိုမှမထိုက်တန်နိုင်ကြပါဆိုသည်ကို သေချာစွာသဘောပေါက်ပြီးမှသာ၊ မိမိတို့၏ ကျေးဇူးတော်အပေါ် လုံးလုံးလျှားလျှားမှီခိုနေရခြင်းအဖြစ်ကို မြင်လာနိုင်ပါမည်၊ ထိုအခါမှ မိမိတို့၏ ကိုယ်ပိုင်အကျင့်၊ အလုပ်များ၊ အစွမ်းသတ္တိများကို စိတ်ချအားကိုးနေခြင်းမှ ရပ်ဆိုင်းနိုင်ကြပါမည်။ ထိုအခါမှ ကျွန်တော်တို့သည် "အာရှုရိမင်းသည် အကျွန်ုပ်တို့ကို မကယ်တင်ရ၊ အကျွန်ုပ်တို့သည် မြင်းစီးသူရဲ မလုပ်ပါ၊ ကိုယ်လက်ဖြင့် လုပ်သောအရာတို့အား ကိုယ်တော်တို့သည် အကျွန်ုပ်တို့၏ ဘုရားသခင်ဖြစ်၏ဟု နောက်တဖန်မဆိုပါ၊ အကြောင်းမူကား မိဘမရှိသောသူတို့သည် ကိုယ်တော်ထံ၌ ဂရုဏာကျေးဇူးကို ခံတတ်ကြပါ၏"ဟု ပြောနိုင်ကြပါ မည် (ဟောရှေ ၁၄း၃)။

## ပထမပါရာဒိုက်စ်အကြောင်း(Paradise the First)

အာဒံသည် ဖန်ဆင်းခြင်းတခုလုံး၏အထွဋ်အထိပ်ဖြစ်ကြောင်း၊ ဘုရားသခင်၏ မြေကြီးပေါ်တွင် လုပ်သမျှအားလုံး၌ အကောင်းဆုံးဖြစ်ကြောင်း၊ ဧဒင်ဆိုသောအရပ်၌ "ပါရာဒိုက်စ်"ဟုခေါ်သော ဥယာဉ်တခုတွင် သူနေဖို့ အထူးစပယ်ရှယ်အိမ်ကို ဖန်ဆင်းပေးခြင်းက ပြညွှန်နေပါသည်။ ထိုနေရာတွင် အာဒံနေပါသည်၊ အလုပ်လုပ်ပါသည်။ အပြစ်ထဲသို့ ကျဆုံးချိန်အထိ ထိုနေရာတွင် သူသည် ဘုရားသခင်နှင့်အတူ သွားလာနေထိုင်ခဲ့ပါသည်။

ထို ပထမပါရာဒိုက်စ်သည် မည်သို့ရှိခဲ့မည်ဆိုသည်ကို တွေးရန် ခက်ခဲလှပါသည်။ မည်သည့်ဒေသတွင်ရှိခဲ့ကြောင်းကိုပင် ကျွန်တော်တို့ မသိနိုင်ကြပါ၊ ထိုနေရာကိုတည်ဆောက်သော ကမ္ဘာကြီးသည်ပင် မည်သို့မည်ပုံရှိခဲ့မည်ကို မသိရပါ။ ထိုနေရာတွင် သေခြင်း၊ ဝေဒနာခံစားရခြင်း၊ နာကျင်ခြင်းတို့ မရှိခဲ့ပါ။ အားလုံးသည် ပြည့်စုံနေသဖြင့်၊ မျက်မှောက် ကျွန်တော်တို့နေထိုင်နေသော ကမ္ဘာကြီးနှင့် အင်မတန် ခြားနားလှပါသည်။ အာဒံကိုယ်၌ကပင် ထိုပြည့်စုံသောအိမ်တွင် ပြည့်စုံသူဖြစ်ခဲ့ပါသည်။

အာဒံသည် ထိုအရာများအားလုံးကို အပြစ်ထဲသို့ကျဆုံးခြင်းဖြင့် လွင့်ပစ်ခဲ့ပါသည်။ ဘုရားသခင်၏ အထူး လက်ဆောင်ဖြစ်သော လှပသည့်ဥယာဉ်ကို ဆုံးရှုံးခဲ့ပါသည်။ ဘုရားသခင်၏အမှုတော်မြတ်ကို ထမ်းဆောင်နိုင်သောနေရာ၊ ကောင်းချီးမင်္ဂလာအပြည့်ခံစားလျှက် ဘုရားနှင့်မိတ်သဟာယဖွဲ့နိုင်သောနေရာဟုခေါ်သည့် နေရာတို့ထဲတွင် အမြင့်ဆုံးသော နေရာကိုလည်း ဆုံးရှုံးခဲ့ပါသည်။ ၎င်းသည် နာခံမှုမရှိခြင်းသို့ အာဒံကျဆုံးခြင်း၏ ဝမ်းနည်းစရာ တစိတ်တပိုင်းဖြစ်ပါသည်။ ဥယာဉ်ထဲသို့ဝင်ရောက်ခြင်းမှ တားမြစ်ခြင်းဖြင့် ဘုရားသခင်သည် အာဒံ၏မနာခံခြင်းအတွက် ဒဏ်ခတ်ခဲ့သည်၊ အပြစ်သားတယောက်အနေနှင့် သူသည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့နိုင်ခွင့် မရှိတော့ကြောင်း ပြသခြင်းဖြစ်ပါသည်။

အာဒံနှင့်ဧဝ အပြစ်ပြုကြသောအခါ၊ ထိုပထမပါရာဒိုက်စ်မှ မောင်းထုတ်ခံခဲ့ရခြင်းဖြစ်သည် ကမ္ဘာ ၃း၂၃၊၂၄။ ထိုပါရာဒိုက်စ်သည် မြေကြီးပေါ်တွင် ရှိသောအရာဖြစ်သော်လည်း၊ ထိုနေရာမှမောင်းထုတ်ခြင်းတွင် ဝိညာဉ်ရေးရာအဓိပ္ပါယ်ရှိပါသည်။ ကောင်းကင်နှင့်ဆိုင်သော ပါရာဒိုက်စ်တွင် အပြစ်နှင့် အပြစ်သားတို့အတွက် နေရာမရှိပါဟု ပုံဆောင်နေပါသည်။ အပြစ်အားဖြင့် ၎င်းတို့နှင့်၎င်းတို့၏ ဆွေစဉ်မျိုးဆက်များသည် ရှင်သန်ခြင်းအားလုံးကို ဆုံးရှုံးရသည်၊ ဘုရားသ

ခင်နှင့် မိတ်သဟာဖွဲ့ခြင်းအားလုံးကိုလည်း ဆုံးရှုံးရသည်၊ ဘုရားသခင်ထံအမှုတော်ဆောင်ခွင့်အားလုံးကိုလည်း ဆုံးရှုံးရပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ကသာ ကောင်းကင်နှင့်ဆိုင်သောပါရာဒိုက်စ်သို့ ဝင်ရာလမ်းကို ပြန်ဖွင့်ပေးနိုင်ပါသည်။

ကျေးဇူးတော်ရရှိသူများအတွက် နောက်ရောက်လာမည့်ပါရာဒိုက်စ်သည် ပထမပါရာဒိုက်စ်တွင် ပုံဆောင်ချက်ဖြင့် ဖွင့်ပြလျှက်ရှိပါသည်။ ထိုနှစ်ခုလုံးသည် နာမည်အတူတူပင်ဖြစ်ပါသည် (ဗျာ ၂း၇)။ နှစ်ခုလုံးတွင် တမျိုးတည်းသောအပင် ပေါက်နေပါသည် (ဗျာ ၂း၇၊ ၂၂း၂)။ ဒုတိယပါရာဒိုက်စ်တွင်လည်း သေခြင်း၊ ဝေဒနာခံစားရခြင်း၊ နာကျင်ခြင်းတို့ မရှိပါ (ဗျာ ၂၁း၄)။ ပထမပါရာဒိုက်စ်က နောက်ရာလာမည့်ပါရာဒိုက်စ်သည် မည်သို့မည်ပုံရှိမည်ကို သေးငယ်သော အရောင်မှိန်မှိန်ကလေးဖြင့် ကျွန်တော်တို့ကို ပြောပြနေပါသည်။ ထို့အပြင် အာဒံက အပြစ်ပြုခြင်းဖြင့် ကျွန်တော်တို့အတွက် ပျောက်ဆုံးစေခဲ့သည်များကို၊ ကျွန်တော်တို့၏ သခင်နှင့်ကယ်တင်ရှင်ဖြစ်သူ သခင်ခရစ်တော်၏အလုပ်များဖြင့် ပြန်လည်ရရှိကြမည်ကိုလည်း သေချာနေစေပါသည်။

ပထမပါရာဒိုက်စ် တည်ရှိခြင်းက ဘုရားသခင်သည် ဧဒင်အရပ်တွင် ဥယာဉ်ကို စိုက်ပျိုးစဉ်ကပင် ပို၍ကောင်းသောအရာတခုကို စိတ်ထဲတွင် ထားရှိပြီးဖြစ်သည်ကို ပြောပြနေပါသည်။ ထိုပထမပါရာဒိုက်စ်မှစတင်၍ အရာခပ်သိမ်းသည် သူတို့အား ဘုရားသခင်ချမှတ်ထားသောသမိုင်းကြောင်းအတိုင်း စတင်၍ လှုပ်ရှားနေကြပါသည်၊ ထိုသမိုင်းသည် ဒုတိယပါရာဒိုက်စ်ဖြစ်သော ကောင်းကင်နှင့်ဆိုင်သော ပါရာဒိုက်စ်တွင်သာ ပြီးဆုံးမည်ဖြစ်သည်။ ထိုအချက်သည် ဘုရားသခင်က မိမိ၏လှုပခန်းနားမှုကို တစိတ်တပိုင်း ဖေါ်ထုတ်ရာဖြစ်ပါသည်၊ ဖန်ဆင်းခြင်း၊ အပြစ်၊ ကျေးဇူးတော်၊ ကယ်တင်ခြင်းနှင့် အားလုံးသောအရာတို့သည် သူတို့ဘာသာ သူ၏ရည်ရွယ်ချက်မပါဘဲ ဖြစ်မလာကြပါ။ ပထမပါရာဒိုက်စ်သည် ဒုတိယပါရာဒိုက်စ်လာမည့်အကြောင်း ကတိတော်ဖြစ်ပါသည်၊ ကြိုတင်ဖေါ်ပြနေခြင်းဖြစ်ပါသည်။

သခင်ခရစ်တော်အားဖြင့်၊ သူ၏တန်ခိုးတော်ကိုသက်သေပြခြင်းအနေဖြင့် ဒုတိကပါရာဒိုက်စ်သည် ပထမ ပါရာဒိုက်စ်ထက် ပိုကောင်းပါသည်။ ကောင်းကင်ဘုံနှင့်ဆိုင်သော ပါရာဒိုက်စ်တွင် အပြစ်ပြုနိုင်စရာဖြစ်နိုင်ခြေသည်ပင် မရှိတော့ပါ။ အကောင်းဆုံးမှာ ဘုရားသခင်သည် သူ့လူတို့အလယ်တွင် သူတို့၏ဘုရားအဖြစ်နှင့် အမြဲတမ်း နေနေတော့မည်ဖြစ်သည် (ဗျာ ၂၁း၃)။ ထိုနေရာတွင် သူတို့ချစ်လှသောသခင်ခရစ်တော်ကိုလည်း တွေ့ကြရမည်ဖြစ်ပါသည်။ ထိုအချက်သည် နားလည်၍မကုန်နိုင်သော ဝမ်းမြောက်ခြင်းနှင့်ပျော်ရွှင်ခြင်းဖြစ်ပါသည်။

## သစ်ပင်နှစ်မျိုးအကြောင်း(Two Trees)

ဘုရားသခင်သည် ဧဒင်ဥယာဉ်ကို အာဒံနှင့်ဧဝတို့နေအိမ်အဖြစ် ဖန်ဆင်းသောအခါ၊ အထူးသစ်ပင်နှစ်မျိုးကို ထားရှိတော်မူသည်၊ အသက်ရှင်ခြင်းအပင်၊ ကောင်းခြင်းနှင့်ဆိုးခြင်းတို့ကိုသိစေသောအပင်တို့ ဖြစ်သည်။ ထိုသစ်ပင်တို့သည် ဧဒင်ဥယာဉ်၏အလယ်တွင် ရှိကြခြင်းက ၄င်းတို့၏အရေးကြီးမှုကို ပြောနေပါသည် (ကမ္ဘာ ၂း၉)။

ထိုသစ်ပင်နှစ်မျိုးနှင့်ပတ်သက်သည့် မေးခွန်းတိုင်းကို အဖြေပေးဖို့တော့ ခက်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ၄င်းတို့၏အကြောင်းကို အနည်းငယ်သာသိရ၍ဖြစ်သည်။ ဥပမာမေးခွန်းကိုပြောရလျှင် အသက်ရှင်ခြင်းအပင်၏အသီးတို့တွင် တန်ခိုးအာနိသင်ရှိပါသလား? ထိုအပင်၏အသီးကို စားသူတိုင်းအား အသက်ကိုပေးပါသလား? ဆက်လိုက်လာသော မေးခွန်းတို့မှာ ထိုအပင်၏အသီးတို့တွင် ထိုသို့တန်ခိုးရှိသည်ဆိုလျှင် အာဒံနှင့်ဧဝသည် ထိုအသီးကို တခါသာ စားရပါသလား? သို့မဟုတ် မဆုံးသောအသက်ကိုရဖို့ ထပ်ခါထပ်ခါ စားကြရပါသလား? ကောင်းခြင်းနှင့်ဆိုးခြင်းတို့ကို သိစေသည့်အပင်၏အသီးက စားကြသော အာဒံနှင့်ဧဝကို အဆိပ်မိသကဲ့သို့ မသေစေခဲ့လျှင်(ကမ္ဘာ ၃း၆)၊ အသက်ရှင်ခြင်းအပင်၏အသီးကလည်း အသက်ကိုတိုက်ရိုက်ပေးနိုင်ခြင်းတော့ မရှိသည်ကို ပြောနေဟန်ရှိပြန်ပါသည်။ မည်သို့ပင်ဖြစ်စေ ကမ္ဘာ ၃း၂၂ က တိုက်ရိုက်အသက်ရှင်ခြင်းကို ပေးနိုင်သည်ဟု ပြောသည်။ သို့သော် အသက်ရှင်ခြင်းအပင်၏အသီး၌ အသက်ရှင်စေခြင်းတန်ခိုး ရှိသည်ဆိုခဲ့လျှင်၊ (သို့) အာဒံကို မဆုံးနိုင်သောအသက်ရှင်ခြင်းကို ပေးနိုင်သည်ဆိုခဲ့လျှင်၊ ထိုအပင်သည် ကောင်းခြင်းဆိုးခြင်းကိုသိစေသည့်အပင်နှင့် အတော်ပင် ခြားနားသောအပင်ဖြစ်ရပါမည်၊ အဘယ်ကြောင့်ဆိုသော် ထိုအပင်၏အသီးက ရှင်ခြင်းကို မဖျက်ဆီးနိုင်သောကြောင့်ဖြစ်သည်။

ထိုမေးခွန်းများ၏အဖြေကို ကျွန်တော်တို့ အားလုံးအဖြေပေးနိုင်ကြမည်မဟုတ်ပါ၊ ကျမ်းစာက အနည်းငယ်သာ ပြောပြပါသည်။ သို့သော် ပထမပါရာဒိုက်စ်အလယ်တွင် ရှိနေခဲ့သည့် ထိုအပင်တို့၏ တခုသောအကြောင်းသည် ထင်ရှားစွာတွေ့နေရပါသည်။ ၄င်းမှာ ထိုအပင်တို့က အာဒံကို ဆန့်ကျင်တိုက်လှန်သောအသက်ရှင်မှု(antithesis)အား ပြောပြနေခြင်းဖြစ်ပါသည်။ ထိုဆန့်ကျင်တိုက်လှန်အသက်ရှင်မှုသည် ဘုရားသခင်နှင့်စာတန်တို့အကြား၊ ကောင်းမြတ်ခြင်းနှင့်ဆိုး

ညစ်ခြင်းအကြား၊ အသင်းတော်နှင့်ကမ္ဘာကြီးအကြား၊ ယုံကြည်သူနှင့်မယုံကြည်သူတို့အကြား ဆန့်ကျင်နေမှုနှင့် ကွဲပြားနေမှု ဖြစ်ပါသည်။

ဘုရားသခင့်လူများနှင့်ပတ်သက်၍ ဆန့်ကျင်တိုက်လှန်အသက်ရှင်မှုက ပေးအပ်သောတာဝန်မှာ ဘုရားသခင်နှင့်သူ၏ပညတ်ဥပဒေသများကို "ဟုတ်ကဲ့"(Yes)၊ နတ်ဆိုးနှင့်အပြစ်ကို "မဟုတ်ဘူး"(No)ဟုပြောရန်ဖြစ်ပါသည်။ ထိုအချက်သည် သူတို့နေသော အပြစ်ကမ္ဘာကြီးထဲတွင်၊ ဝိညာဉ်ရေးအရ ခြားနားစွာအသက်ရှင်ရခြင်း၏ အနှစ်သာရ ဖြစ်ပါသည်(၂ကော ၆း၁၄-၁၈)။ ထိုအချက်သည် ဘုရားသခင်နှင့်ပတ်သက်၍ လူသား၏ အမြဲတမ်းတာဝန် ဖြစ်ပါသည်။

ဥယျာဉ်အလယ်ရှိသစ်ပင်နှစ်မျိုးလုံးက အာဒံနှင့်ဧဝအတွက် တူညီသောတာဝန်ကို ထားရှိပါသည်။ အသက်ရှင်ခြင်းအပင်၏အသီးကိုစားခြင်းဖြင့် သူတို့သည် ဘုရားသခင်ထံ "ဟုတ်ကဲ့"ဟုပြောရာရောက်ပါသည် (မည်သည့်အချိန်တွင်၊ မည်ကဲ့သို့စားသည် ဆိုသည်က ဘာမှအရေးမကြီးပါ)။ ကောင်းခြင်းနှင့်ဆိုးခြင်းကို သိစေသောအပင်၏အသီးကို မစားခြင်းဖြင့် သူတို့သည် နတ်ဆိုး၊ အပြစ်နှင့် မနာခံခြင်းတို့ထံ "မဟုတ်ဘူး"ဟု ပြောရာရောက်ပါသည်။ ထိုအကြောင်းကြောင့် မစားရခြင်းဖြစ်သည်။ ဘုရားသခင်ပေးသောအမိန့်မှလွဲ၍ ထိုအပင်၏အသီးကို မစားရမည့်အကြောင်းမရှိပါ။ ထိုအသီးတို့ကို ဒီအတိုင်းကြည့်လျှင် စား၍ကောင်းသည်ဟုတွေ့ရသည်၊ မျက်စိဖြင့်လည်း ကြည့်၍ ကောင်းပါသည်။

အာဒံနှင့်ဧဝတို့ ထိုအသီးကိုစားလျှက်၊ ဆုံးရှုံးကြကာ၊ အပြစ်ထဲသို့ကျဆင်းသွားကြပါသည်။ ကျွန်တော်တို့လည်း နတ်ဆိုးကို "ဟုတ်ကဲ့"ဟုပြောတိုင်း၊ ဘုရားသခင်နှင့်သူ၏ပညတ်ဥပဒေသများကို "မဟုတ်ဘူး"ဟုပြောတိုင်း အာဒံနှင့်ဧဝတို့ အပြစ်ကို ဆက်လက်ပြုနေကြခြင်းဖြစ်ပါသည်။ ထိုသို့ဖြစ်သော်လည်း ထိုသစ်နှစ်ပင်က ကိုယ်စားလှယ် ပြုနေသည့် သူတို့၏တာဝန်ရှိခြင်းသည် ဘယ်တော့မှ ပြောင်းမသွားခဲ့ပါ။ ထိုသို့မပြောင်းသောကြောင့် ကယ်တင်ခြင်းသည် ကျွန်တော်တို့၏ သခင်ယေရှုခရစ်တော်ထံမှသာ လာရောက်နိုင်ရခြင်းဖြစ်ပါသည်။ သူ၏အသက်တာသည် ဘုရားသခင်နှင့် သူ၏ပညတ်ဥပဒေသများထံ ကြီးသော"ဟုတ်ကဲ့"ဖြစ်သလို၊ အပြစ်အားလုံးနှင့် နတ်ဆိုးထံသို့လည်း ကြီးသော"မဟုတ်ဘူး"ဖြစ်သည်ကို သဲကန္တာရထဲ အပြစ်သွေးဆောင်ခံရခြင်းအဖြစ်မှ ရှင်းနေအောင်တွေ့ရပါသည်။ ဒုတိယအာဒံနှင့် သူလုပ်ခဲ့သည်များအတွက် ဘုရားသခင့်ထံ ကျေးဇူးတင်ရပါသည်။

## နတ်ဆိုး၏လိမ်ညာခြင်းအကြောင်း(The Devil's Lie)

ဘုရားသခင်က ဧဒင်ဥယျာဉ်တွင် ထားတော်မူသော အထူးသစ်နှစ်ပင်မှ တပင်သည် ကောင်းခြင်းနှင့်ဆိုးခြင်းကို သိစေသောအပင်ဖြစ်ပါသည်။ ထိုအပင်၏အသီးကိုစားခြင်းမှ အာဒံနှင့်ဧဝကို တားမြစ်ပါသည်။ စားကြသောအခါ သူတို့သည် ဘုရားသခင့်မျက်နှာသာပေးခံရခြင်းမှ ရွေ့လျော့ကြကာ၊ အပြစ်နှင့်သေခြင်းသို့ ကျဆုံးကြပါသည်။

ထိုအပင်ကို အဘယ်ကြောင့် ကောင်းခြင်းနှင့်ဆိုးခြင်းကိုသိစေသောအပင်ဟု ခေါ်ရပါသနည်း? ထိုမေးခွန်းကို ဖြေရပါမည်၊ အဘယ်ကြောင့်ဆိုသော် စာတန်က ညာပြော၍ဖြစ်ပါသည်(ကမ္ဘာ ၃း၅)။ နတ်ဆိုးက "သင်တို့သည် ဘုရားများကဲ့သို့ ဖြစ်ကြမည်၊ ကောင်းခြင်းနှင့်ဆိုးခြင်းကို သိမည်"ဟုပြောခဲ့သည်ကို အာဒံနှင့်ဧဝတို့က နားထောင်ခဲ့ကြသည်။

နတ်ဆိုးက ညာခဲ့ခြင်းဖြစ်သည်။ သူသည် အမြဲ ညာပြောလေ့ရှိပါသည်။ ကျွန်တော်တို့သည် ဆိုးခြင်းကို မြည်းစမ်းခြင်းဖြင့်၊ ဘုရားသခင်ကို မနာခံခြင်းဖြင့် ကောင်းခြင်းနှင့်ဆိုးခြင်းကို သိကြရသည်မဟုတ်ပါ။ သို့သော်ယနေ့တိုင်အောင် နတ်ဆိုးသည် ညာလျှက်ရှိသလို၊ လူတို့ကလည်း နားထောင်လျှက် ရှိနေကြပါသည်။ နတ်ဆိုးက လူတို့ကို မင်းတို့ မကောင်းတာကို အတွေ့အကြုံရမှ၊ စမ်းလုပ်ကြည့်မှ ဆိုးခြင်းကို တကယ်သိလာမှာဟု ပြောနေပါသည်။ လူတို့ က ထိုစကားကို ကျေနပ်အားရစွာ နားထောင်ကြပါသည်။

ထိုအချက်သည် ယေဇဗေလက သွာတိရအသင်းတော်ကို သင်ပေးနေသည့်အရာဖြစ်သည်(ဗျာ ၂း၂၀-၂၄)။ ထိုအမျိုးသမီးသည် ဘုရားသခင့်စေခံကျွန်များကို မိန်းမရှုပ်ရန်၊ ရုပ်တုရှေ့ပူဇော်သောအရာကိုစားရန် သင်ပေးနေခြင်းဖြစ်သည်။ ထိုသို့ပြုခြင်းဖြင့် "စာတန်၏နက်နဲမှု"ကို သိနိုင်ကြမည်ဟု၊ သူမနှင့်၄င်း၏နောက်လိုက်များက ပြောနေသည်။

ခရစ်ယာန်မိဘများက မိမိတို့ကလေးများကို မိမိတို့နေထိုင်ကြသော ဆိုးညစ်သည့်ကမ္ဘာကြီးတွင် မှီခိုခြင်းမပြုကြဖို့ မပြောကြသည့်အခါ ထိုသို့ညာပြောခြင်းကို နားထောင်ရာရောက်ကြပါသည်။ သူတို့ကလေးများကို လောကကြီးသို့ သွားကြပါ၊ တကယ့်ကမ္ဘာကြီးကို လက်တွေ့စူးစမ်းကြပါဟု ပြောနေကြသည်။ ကမ္ဘာကြီးကိုသိဖို့ အတွေ့အကြုံရှိကြရမည်ဟု ပြောနေကြပါသည်၊ သို့သော် ထိုနည်းလမ်းသည် ကျွန်တော်တို့နှင့် ကျွန်တော်တို့သားသမီးများကောင်းခြင်းနှင့်ဆိုးခြင်းကို သင်ယူရသည့် လမ်းမှန် မဟုတ်ပါ။

အမှန်မှာ၊ ဆိုးခြင်းကို မမြည်းစမ်းခြင်းဖြင့်၊ စွန့်ပစ်ခြင်းဖြင့်၊ ထွက်ပြေးခြင်းဖြင့်၊ ကျွန်တော်တို့သည် ကောင်းခြင်းနှင့်ဆိုးခြင်းကို သိကြပါသည်။ အပြစ်ထဲကျဆုံးပြီးသောလူသားကိုကြည့်ပါ။ ကောင်းခြင်းနှင့်ဆိုးခြင်းကို သိစေသော အပင်

၏အသီးကို စားပြီးသောအခါ၊ သူသည် ကောင်းခြင်းနှင့်ဆိုးခြင်းကို မခွဲခြားတတ်တော့ပါ။ ဘုရားသခင်သည် ဆိုးခြင်းကို မိမိထံမှ လုံးလုံးလျှားလျှား ဖယ်ခွာထားခြင်းဖြင့် ဆိုးခြင်းကို သိတော်မူသလို၊ ကျွန်တော်တို့လည်း သိကြရပါမည်။

မည်သို့ပင်ဖြစ်ပါစေ၊ နတ်ဆိုးပြောသမျှသည် ထိုမျှမကပါ။ အာဒံနှင့်ဧဝတို့သည် ကောင်းခြင်းနှင့်ဆိုးခြင်းကို မိမိတို့ဘာသာဆုံးဖြတ်နိုင်သောအခွင့် ရမည်ဟုလည်း ပြောခဲ့ပါသည်။ အသီးကိုစားခြင်းဖြင့် ကောင်းခြင်းနှင့်ဆိုးခြင်းကို ထိုရှုထောင့်မှနေ၍ သိကြမည်ဟုပြောခြင်းဖြစ်သည်။ ထိုသို့ဖြင့် သူတို့သည် ဘုရားနှင့်တူလာမည်ဟု နတ်ဆိုးက ပြောခဲ့ခြင်းဖြစ်သည်။ ကျရှုံးပြီးလူသားသည် နတ်ဆိုးကိုနာခံခြင်းအနေဖြင့် ထိုအမှားကိုနားထောင်ကာ၊ မှန်ခြင်းနှင့် မှားခြင်းကို မိမိဘာသာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု ဆက်လက်၍ ပြောဆိုနေပါသည်။

ဘုရားသခင်ကလည်း "လူသည် ငါတို့ထဲမှတယောက်ကဲ့သို့ ဖြစ်လာပြီ"ဟု ထိုရှုထောင့်မှနေ၍ ပြောခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်က ဆိုလိုသည်မှာ ဘုရားကသာပိုင်သည့် ကောင်းခြင်း၊ ဆိုးခြင်း ဆုံးဖြတ်နိုင်ခွင့်ကို လူသားက သူ့ထံတွင်လည်းရှိသည်ဟု ထင်နေသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထိုသို့ထင်နေခြင်းကြောင့် လူသည် အသက်ရှင်ခြင်း အပင်၏အသီးကို မစားရတော့ဟု ဆုံးဖြတ်တော်မူသည်။ လူသည် ဘုရားသခင်ကို ဘွင်းဘွင်းကြီးဆန့်ကျင်ပုန်ကန်သူ တယောက်အနေနှင့် အမြဲတမ်းဆက်၍အသက်ရှင်ရန် အသက်ရှင်ခြင်းအပင်၏အသီးကို စားခြင်းအခွင့်မပြုတော့ပါဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် လူကို ဥယာဉ်နှင့် အသက်ရှင်ခြင်းအပင်မှ နှင်ထုတ်လိုက်ပါသည်။

လူသားတရပ်လုံးထံသို့ ရောက်လာသောဆိုးညစ်ခြင်းအပေါင်းသည် စာတန်၏ညာပြောခြင်းကို ပထမ ဧဝ၊ နောက် အာဒံက နားထောင်ခဲ့ကြ၍ ရောက်လာကြခြင်းဖြစ်သည်။ ဘုရားသခင်၏နတ်ကပတ်တော်ထဲတွင် အမှန်ကို ပြောပြထားပြီးဖြစ်သဖြင့်၊ ထိုလိမ်ညာခြင်းကို နားမထောင်တော့ဘဲနေကြပါမည်။ ဘုရားသခင်ပြောပြသည်ကို နားထောင်ခြင်းဆိုသည့်နည်းလမ်းမှန်ဖြင့်၄င်း၊ မိမိတို့၏နှလုံးသားအားလုံးဖြင့် ဆိုးညစ်ခြင်းကို စွန့်လွှတ်ကာ၊ သီးသန့်နေထိုင်ခြင်း ဆိုသည့် နည်းလမ်းမှန်ဖြင့်၄င်း ကောင်းမြတ်ခြင်းနှင့်ဆိုးညစ်ခြင်းတို့ကို သိနားလည်ကြပါမည်။

## ကောင်းခြင်းနှင့်ဆိုးခြင်းတို့ကိုသိစေသောအပင်အကြောင်း

(The Tree of Knowledge of Good and Evil)

အာဒံနှင့်ဧဝတို့၏ ပထမအိမ်အဖြစ် ဘုရားသခင်ပြုလုပ်ပေးသော ဧဒင်ဥယာဉ်တွင် အထူးသစ်ပင်နှစ်ပင်ကို စိုက်ပျိုးထားကြောင်း ကျွန်တော်တို့ ပြောခဲ့ကြပြီးဖြစ်သည်။ ယခုတွင် ကောင်းခြင်းနှင့်ဆိုးခြင်းတို့ကိုသိစေသောအပင်၏ ရည်ရွယ်ချက်ကို တရားဟောရာကျမ်း ၈း၃၊ ၂ မှနေ၍ ပြောပါမည်။ ဤကျမ်းပိုဒ်မှနေ၍ ထိုအပင်သည် ဝိညာဉ်ရေး အရအရေးကြီးမှုရှိသည်ကို တွေ့ရပါသည်၊ "သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်ကိုနှိမ့်ချစုံစမ်း၍၊ ပညတ်တော်တို့ကို ကျင့်ချင်သောစိတ်ရှိသည်မရှိသည်ကို သိမည်အကြောင်း၊ လွန်ခဲ့ပြီးသော အနှစ်လေးဆယ်ပတ်လုံး တော၌ပို့ဆောင်တော်မူသော လမ်းခရီးတလျှောက်လုံးကို အောက်မေ့ရမည်၊ ထိုသို့သင့်ကိုနှိမ့်ချ၍ အငတ်အမွတ်ခံစေ တော်မူသောအခါ၊ သင်သည် ကိုယ်တိုင်မသိ၊ သင်၏ဘိုးဘေးမသိဘူးသော မန္နနှင့်ကျွေးမွေးတော်မူသဖြင့် လူသည် မုန့်အားဖြင့်သာ အသက်ကို မွေးရသည်မဟုတ်၊ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်ကို သိစေတော်မူ၏။"

ပထမဆုံးအနေနှင့် ထိုအပင်၏အသီးကို ဒီအတိုင်းကြည့်ပါက ကောင်းသောအသီးဖြစ်သည်ကို သတိပြုရပါမည်။ ဧဝက ထိုအသီးကိုကြည့်ကာ တွေးလိုက်သည်များသည် မမှန်ပါဟု ပြောနိုင်စရာမရှိပါ။ စားရန်ကောင်းသည်၊ မျက်မြင်တွင်လှသည်၊ စားသူကို ပညာရှိစေနိုင်သည် (ကမ္ဘာ ၃း၆)။ ထိုစဉ်ကထဲက ဧဝသည် ဘုရားသခင်ပြောသည်ကိုဆန့်ကျင်လျှက် စိတ်ထဲတွင် စားချင်နေပြီဖြစ်သည်။ ထိုသို့ကောင်းနေပါလျှက် ဘုရားသခင်က အဘယ်ကြောင့် မစားခိုင်းပါသနည်း?

အဖြေကို တရားဟောရာကျမ်း ၈း၂၃ တွင်တွေ့ရပါသည်။ ဘုရားသခင်သည် အာဒံနှင့်ဧဝကို လူသည် အစားအစာဖြင့်သာ အသက်မရှင်၊ ဘုရားသခင်၏နတ်ကပတ်တော်အားဖြင့်သာ အသက်ရှင်သည်ကို သင်ပေးနေပါသည်။ ဘုရားသခင်ပြောနေခဲ့သည်မှာ အသက်ရှင်ခြင်းထက် ပို၍အရေးကြီးသည်များရှိသည်၊ အစာစားခြင်းဖြင့် ရရှိသောကိုယ်ခန္ဓာအသက်ရှင်ခြင်း၊ ဖြစ်တည်ခြင်းထက်အရေးကြီးသည်များ ရှိနေပါသည်။ လူ၏အသက်ရှင်ခြင်းသည် ဘုရားသခင်၏စကားကိုနာခံလျှက် အသက်ရှင်သောဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းဖြစ်သည်။

သီဩလော်ဂျီပညာရှင် ဟိုးမားဟုတ်စ်စီမာ က "ထိုအပင်က အာဒံထံ အစာကို ပေးပါသည်၊ မြေကြီးမှပြင်ဆင်သည့် ကောင်းသောအစာဖြစ်သည်၊ သို့သော် သူမစားရမည့်အစာကို ပေးနေခြင်းဖြစ်သည်၊ ထိုသို့မဟုတ်ဘဲ ဘုရားသခင်၏နတ်ကပတ်တော်လာသည်မှာ၊ သင် ထိုအပင်တခုကိုတော့ ရှောင်ရမည်ဟူ၍ဖြစ်သည်၊ ထိုကောင်းခြင်းနှင့် ဆိုးခြင်းကိုသိစေသောအပင်ကို ရှောင်ခြင်းဖြင့်၊ အာဒံသည် သူ့အသက်ရှင်ခြင်း၏ ပို၍မြင့်သော ဝိညာဉ်အပိုင်းကို လက်တွေ့

ဖေါ်ဆောင်အသက်ရှင်နိုင်ခဲ့ပါသည်၊ သူ၏ဘုရားသခင်ကို သူငယ်ချင်းအားချစ်သလိုချစ်လျှက်၊ မိတ်သဟာယဖွဲ့ကာ၊ နာခံလျှက် အမှုတော်ကိုထမ်းဆောင်ခြင်းဆိုသော တကယ့်အသက်ရှင်ခြင်း၌ ရှင်နိုင်ခဲ့ပါသည်"ဟု ပြောပါသည်။

အာဒံ၏ရွေးချယ်မှုသည် ဘုရားသခင်အားနာခံခြင်းမဟုတ်ဘဲ၊ မိမိ၏ကိုယ်ခန္ဓာတပ်မက်ခြင်းကို ဖြည့်စည်းပေးသော ရွေးချယ်မှုဖြစ်သည်။ သူသည်(ဧဝနှင့်အတူ) "သူတို့၏ဘုရားသည် သူတို့၏ဝမ်းပေးတည်း"ဟု ပထမဆုံးအခေါ်ခံရသူဖြစ်လာပါသည်။ "လောကပစ္စည်းများကိုအဓိကထားသူ"ဟု ပထမဆုံးအခေါ်ခံရသူဖြစ်လာသည်(ဖိ ၃း ၁၉)။ ထိုအချိန်မှစ၍ လူသည် မိမိကိုယ်ခန္ဓာနှင့်စိတ်ကူးအလိုဆန္ဒများကို ဖြည့်စည်းဖို့ရန်သာ အသက်ရှင်လာသည်မှာ ယနေ့ထိဖြစ်ပါသည်။ ဘုရားသခင်၏မျက်နှာသာပေးခြင်းသည် အသက်ရှင်ခြင်းထက်ပိုကောင်းသည်ဟု ဘယ်တော့မှ မထင်တော့ပါ။ ယနေ့တိုင်အောင် လူသည် ဘုရားသခင့်နှုတ်ကပတ်တော်မပါဘဲ၊ အစားအစာအားဖြင့်သာ အသက်ရှင်ဖို့ ကြိုးစားနေဆဲဖြစ်ပါသည်။

သို့သော် အာဒံ ကျဆုံးသောနေရာတွင် ခရစ်တော် ရပ်နေပါသည်။ ခရစ်တော်က လူသည် အစားအစာအားဖြင့်သာ အသက်မရှင်ကြောင်း ပြောပြယုံတင်မကပါ (မဿဲ ၄း၄)၊ သဲကန္တာရထဲတွင် ရက်ပေါင်းလေးဆယ် ဘာမှမစားဘဲ သေလုမတတ် စာလောင်ခြင်း၌ပင်၊ သူကိုယ်တိုင် ထိုဥပဒေသဖြင့် အသက်ရှင်သွားခဲ့ပါသည်။ ကမ္ဘာကြီး၏ စာလောင်နေမှုကို ဖြည့်စည်းပေးရန် ကျောက်တုံးများကို အစာများအဖြစ်သို့ ပြောင်းစေလျှက် သဲကန္တာရတခုလုံးကို အစားအစာများဖြင့် ပြည့်နှက်သွားစေနိုင်ခဲ့သော်လည်း၊ ထိုသို့ပြုခြင်းသည် သူ့အတွက် ဘုရားသခင်ကိုနာခံခြင်းထက် ပို၍အရေးမကြီးခဲ့ပါ။ ဒီနေ့အသင်းတော်သည်လည်း ထိုသို့ပင်ယူဆနိုင်ပါမည်လား?

သဲကန္တာရထဲဖြစ်ပျက်ခဲ့သည့် ထိုအဖြစ်သည် သခင်ခရစ်တော်၏အမှုတော်ဆောင်ခြင်းတခုလုံးကို ခြုံငုံပြော ပြနေပါသည်။ သူ၏အသေခံခြင်းသည်ပင် သူ့အတွက် ဘုရားသခင်၏စကားကိုနားထောင်ခြင်းသည် ကမ္ဘာပေါ်တွင် အသက်ရှင်ခြင်းထက်၊ ထိုအသက်ကို ထောက်ပံ့မစနေသောဥစ္စာပစ္စည်းများထက် ပို၍အရေးကြီးသည်ဟု သက်သေပြခြင်းဖြစ်ပါသည်။ သူသည် သေသည်အထိ နာခံပါသည်။ ထိုသို့ဖြင့် သူသည် သူရွေးကောက်ထားသူများကို အပြစ်ထဲကျဆုံးနေသော အာဒံ၏သားသမီးများထဲမှ ကယ်တင်တော်မူခဲ့ပါသည်။

## အသက်ရှင်ခြင်းအပင်အကြောင်း (The Tree of Life)

ဘုရားသခင်ကိုယ်တိုင် ဧဒင်ဥယာဉ်ထဲ၌ စိုက်ခဲ့သော အခြားစပယ်ရှယ်အပင်မှာ အသက်ရှင်ခြင်းအပင် ဖြစ်ပါသည်။ ထိုအပင်ကလည်း အာဒံနှင့်ဧဝအတွက် အထူးတလည် အရေးကြီးလှပါသည်။

ထိုအပင်၏အသီးတွင် ကမ္ဘာပေါ်၌အသက်ရှင်စေနိုင်သောတန်ခိုး ရှိနေပါသလား?ဟု မေးတတ်ကြပါသည်။ အာဒံနှင့်ဧဝကို ထိုအပင်၏အသီးမစားရန် နှင်ထုတ်သောအချိန် ဘုရားသခင်ပြောသောစကားများအရ ရှိသည်ဟုယူဆနိုင်ပါသည်(ကမ္ဘာ ၃း၂၂)၊ သို့သော် ထိုအပင်၏အရေးပါမှုသည် ထိုတချက်ထဲတော့မဟုတ်ပါ။

ထိုအပင်က အာဒံနှင့်ဧဝထံ ကိုယ်စားပြု၍ပြောချင်သည်မှာ အသက်ရှင်ခြင်းသည် ဘုရားသခင်ကိုနာခံခြင်း၌ သာရှိပါသည် ဆိုသောအမှန်တရားဖြစ်ပါသည်။ ပညတ်တော်များကပင် ထိုအချက်ကို သက်သေခံနေပါသည် (ဂလာ ၃း၂၁)။ အာဒံနှင့်ဧဝက မနာခံခြင်းကို ရွေးချယ်ကြသည့်အခါ၊ "အသက်ရှင်ခြင်း"အစစ်အမှန်ထဲတွင် ဆက်လက်၍ အသက်မရှင်နိုင်ကြတော့ပါ။ သူတို့သည် သေရတော့မည်ဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်သည် အခြားအခွင့်အရေးများနှင့်အတူ ထိုအသက်ပင်အား စားရခြင်းအခွင့်ကိုလည်း ရုတ်သိမ်းခဲ့ခြင်းဖြစ်သည်။

ထိုအပင်က သူတို့ကိုပြောနေသည်မှာ၊ ကျွန်တော်တို့ကိုလည်းတချိန်ထဲတွင်ပြောနေပါသည်၊ နာခံခြင်းဆိုသည်မှာ ဆိုးညစ်ခြင်းကို စွန့်ပစ်ယုံမျှမကပါ၊ ဘုရားသခင်တားမြစ်သည်ကို မလုပ်ယုံမျှသာမကပါ ဆိုသည့်အကြောင်း ဖြစ်သည်။ ဘုရားသခင်ထံပြောင်းလဲခြင်းမရှိဘဲ အရက်ကိုဖြတ်ပစ်လိုက်သောအရက်သမားသည် ဘုရားသခင်ကိုနာခံသည်ဟု ပြော၍ရနိုင်သလိုရှိပါသည်၊ သို့သော် မဟုတ်ပါ၊ သူသည် ဘုရားကိုနာခံခြင်း မမည်ပါ။

နာခံခြင်းတွင် အမြဲတမ်း အပြုသဘောဆောင်သော ဆောင်ရွက်မှု ပါနေပါသည်။ ဘုရားသခင်ထံ "ဟုတ်ကဲ့" ဟု ပြောခြင်းဖြစ်ပါသည်။ ဘုရားသခင်ကိုချစ်ခြင်းမပါဘဲ၊ သူစိတ်ကျေနပ်အောင်နေထိုင်မည် ဟူသည့်စိတ်ဓါတ်မပါဘဲ၊ အပေါ်ယံ အပြင်ပမ်းမှုနာခံခြင်းသည် ရွံစရာဖြစ်ပါသည်။ ပရောဖက်ဟေရှာယက ဘုရားသခင်ကိုမချစ်ဘဲ ယဇ်ပူဇော်ခြင်းသည် ဘုရားသခင့်ရှေ့တော်မှောက်တွင် လူသတ်သည်နှင့် (သို့) ခွေးတကောင်၏လည်ပင်းကို လှီးသည်နှင့် ဘာမှမခြားနားပါဟု ပြောခဲ့ပါသည် (ဟေရှာ ၆၆း၃)။ ပေါလုကလည်း ထို့အတူ "မည်သည့်အရာမဆို၊ ယုံကြည်ခြင်း မပါလျှင် အပြစ်ဖြစ်သည်"ဟု ကျွန်တော်တို့ကို သတိပေးခဲ့ပါသည် (ရောမ ၁၄း၂၃)။

ဘုရားသခင်ကို မချစ်သောသူများ၊ သူ့ထံသို့ “ဟုတ်ကဲ့”ဟု မိမိတို့၏ နှလုံးသား၊ စိတ်၊ ဝိညာဉ်၊ ခွန်အား ရှိရှိသမျှနှင့်မပြောသောသူတို့သည်၊ မည်သည့်ကောင်းခြင်းကိုမျှ မလုပ်သူများဖြစ်သည်။ သူတို့၏ အပေါ်ယံအပြင်ပမ်း ဘုရားသခင့် ပညတ်တော်များအတိုင်း နေထိုင်ခြင်းက သူတို့သည် ပညတ်များကိုတော့သိကြသည်၊ သို့သော် ဘုရားသခင်ကို မသိကြပါ၊ မချစ်ကြပါဆိုသည်ကို ပြနေပါသည်။ ထိုသို့သော နာခံမှုဖြင့် သူတို့သည် မိမိတို့၏တရားစီရင် ခံရမည်ဖြစ်ခြင်းကို ပို၍တိုးစေကြပါသည်။ စစ်မှန်သောနာခံခြင်းသည် အပြစ်မှ လှည့်ထွက်ခြင်း၊ သို့သော် ဘုရားသခင့်ထံသို့ နှလုံးသားအားလုံး ခွန်အားရှိသမျှနှင့် လှည့်ထွက်ခြင်းဖြစ်သည်။

အသစ်သောဖန်ဆင်းခြင်းသို့ရောက်သော် အသက်ပင်သာရှိပါတော့မည် (ဗျာ ၂၂း၂)။ ကောင်းခြင်းနှင့်ဆိုးခြင်းကို သိစေသောအပင်သည် ရှိတော့မည်မဟုတ်ပါ။ အပြစ်၊ သေခြင်းနှင့် စာတန်သည် ထိုအရပ်တွင် မရှိတော့ပါ။ ကျွန်တော်တို့၏ နာခံခြင်းသည်လည်း ၎င်းတို့ကို “မဟုတ်ဘူး”ဟုပြောခြင်းတွင် မတည်တော့ပါ။ ကျွန်တော်တို့၏ နာခံခြင်းသည် ဘုရားသခင်ကိုယ်တိုင်ကို ချစ်မြတ်နိုးစွာ အမှုဆောင်ခြင်းသက်သက်သာ ဖြစ်ပါတော့မည်။

ထို့ကြောင့် ကျွန်တော်တို့အတွက် အသက်ရှင်ခြင်းအပင်က သခင်ခရစ်တော်ကို ကိုယ်စားပြုပါသည်။ ပထမ ရှိခဲ့သောအသက်ပင်က အာဒံနှင့်ဧဝတို့၏အသက်ရှင်ခြင်းအတွက် အရင်းအမြစ်ဖြစ်ခဲ့သလို၊ သူသည် ကျွန်တော်တို့ရရှိသောထာဝရအသက်၏အရင်းအမြစ်ဖြစ်ယုံသာမကပါ၊ ကျွန်တော်တို့၏ ဘုရားသခင်အားနာခံခြင်းတွင် ပြည့်စုံခြင်းကို ဖြစ်စေသူလည်း ဖြစ်တော်မူပါသည်။ သူသည် ကျွန်တော်တို့ကိုယ်စား ဘုရားသခင်ထံ “ဟုတ်ကဲ့”ဟု ပြောပေးသူ ဖြစ်ပါသည်။ အသေခံသည်အထိ ထိုသို့ပြောပေးပါသည်။ သူသည် ကျွန်တော်တို့၏ဝိညာဉ်အစာ၊ ကျွန်တော်တို့ဝိညာဉ်များကို ထာဝရအသက်ဖြင့် ဝဖြိုးစွာကျွေးမွေးသူလည်း ဖြစ်ပါသည်။ ထိုသို့ဖြင့် ကျွန်တော်တို့လည်း ဘုရားသခင်ကို မိမိတို့၏ဖြစ်တည်မှုရှိသမျှနှင့် မိမိတို့၌ရှိရှိသမျှနှင့် “ဟုတ်ကဲ့”ဟု ပြောနိုင်ကြပါမည်။ အသစ်သောဖန်ဆင်းခြင်းတွင် ကျွန်တော်တို့သည် သူ၏ကျွေးမွေးခြင်းကို ခံကြလျှက်၊ သူ့အား ဝမ်းမြောက်စွာခံစားလျှက်၊ ဘုရားသခင်ထံ “မဟုတ်ဘူး”(No)ဟုပြောဆိုခြင်းသည် ဖြစ်နိုင်ခြေမျှပင် ရှိတော့မည်မဟုတ်ပါ။

အံ့ဩစရာကောင်းသည်မဟုတ်ပါလား!

## လူသား၏ကျဆုံးခြင်းအကြောင်း(The Fall of Man)

ကမ္ဘာ့သမိုင်းတွင် ကြေကွဲစရာအကောင်းဆုံးအဖြစ်အပျက်သည် ဟိုလိုခေါ့စ်(ဒုတိယကမ္ဘာစစ်က နာဇီဂျာမနီများက ဂျူးလူမျိုးသန်းပေါင်းများစွာကို အဆိပ်ငွေ့ပေးသတ်ဖြတ်ခြင်း) မဟုတ်ပါ၊ ကမ္ဘာစစ်ကြီးများလည်း မဟုတ်ပါ၊ စည်းပွားပျက်ကပ်ကြီးများလည်း မဟုတ်ပါ၊ သဘာဝကပ်ဒုက္ခကြီးများကြောင့် လူများ၊ သဘာဝတရားများ ပျက်ဆီးကြခြင်းလည်း မဟုတ်ပါ၊ လူသား အပြစ်ထဲသို့ကျဆုံးခြင်းသာ ဖြစ်ပါသည်။ ထိုတခုသောအဖြစ်အပျက်သည် ကမ္ဘာလောကထဲတွင် ဖြစ်ပျက်နေသည့် ဒုက္ခဆင်းရဲခြင်းအပေါင်း၊ ပြဿနာအပေါင်း၊ ဝေဒနာခံစားရခြင်းရှိသမျှတို့၏ ဖြေရှင်းချက်လည်း ဖြစ်ပါသည်။ အပြစ်ထဲကျဆုံးခြင်းသာမရှိပါက၊ ဤကမ္ဘာတွင် သေခြင်းလည်း ရှိမည်မဟုတ်ပါ၊ ဖျားနာခြင်းလည်း ရှိမည်မဟုတ်ပါ၊ စစ်ပွဲများလည်း ရှိမည်မဟုတ်ပါ၊ ဆေးရုံများလည်း ရှိမည်မဟုတ်၊ နာကျင်စွာခံ စားရခြင်းများလည်းရှိမည် မဟုတ်သလို၊ ဘုရားသခင်နှင့် ခွဲခွာရခြင်းလည်း ရှိမည်မဟုတ်ပါ။

လူသားအပြစ်ထဲကျဆုံးခြင်းက ထိုအရာအလုံးစုံကို ယူဆောင်လာခြင်းဖြစ်ကြောင်း သတိပြုရပါမည်။ ဘုရားသခင်ကို အပြစ်မတင်ဘဲနေကြရအောင်၊ အကယ်၍သာ ဘုရားသည် ချစ်ခြင်း၊ ဂရုဏာထားသောဘုရားဖြစ်ပါလျှင် ထိုသို့သော ဒုက္ခဆင်းရဲခြင်းများကို ဖြစ်စေမည်မဟုတ်ပါဆိုသော အပြစ်တင်ခြင်းမျိုး ပြော၍မရပါ။ တရားခံသည် ဘုရားမဟုတ်ပါ၊ လူသား ဖြစ်ပါသည်။

ကျွန်တော်တို့အပေါ်သို့ ရောက်လာသော ဒုက္ခဆင်းရဲခြင်းများသည် အာဒံအပြစ်ပြု၍သာမဟုတ်ပါ၊ သူ၏အပြစ်သည် အားလုံး၏အပြစ်ဖြစ်လာ၍ဖြစ်သည် (ရောမ ၅း၁၂)။ သူအပြစ်ပြုသောအခါ၊ ကျွန်တော်တို့လည်း သူနှင့် အတူပြုကြပါသည်၊ ထို့ကြောင့် အပြစ်၏နောက်ဆက်တွဲများအားလုံးသည် လူအားလုံးအပေါ်သို့ ရောက်လာပါသည်။ “လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ရကြ၏။”

ထို ကျမ်းစာ၏သက်သေခံချက်ကို၊ ကမ္ဘာဦးကျမ်း (၃)၌ မှတ်တမ်းတင်ထားသော အပြစ်ထဲသို့ကျဆုံးခြင်းအကြောင်းသည် တကယ့်အဖြစ်အပျက်မဟုတ်ပါဟု ထင်ကျေးပေးခြင်းက မဖျက်ဆီးနိုင်ပါ။ ထိုသို့ထင်နေလျှင် လူ၏အခြေအနေမှန်အကြောင်းကို ရှင်းပြနိုင်တော့မည်မဟုတ်ပါ၊ ထိုလူသားအသက်ရှင်နေသည့် မျက်မှောက်ခေတ် ကမ္ဘာကြီး၏ အခြေအနေမှန်ကိုလည်း ရှင်းပြနိုင်တော့မည်မဟုတ်ပါ၊ ဒုတိယအာဒံအဖြစ် သခင်ခရစ်တော်လာရခြင်းသည် မရှိမဖြစ်လိုအပ်ခြင်းဟု ပြောနိုင်တော့မည်မဟုတ်ပါ။

အပြစ်ထဲကျဆုံးခြင်းနှင့်ပတ်သက်၍ အမြဲတမ်းတည်ရှိနေမည့် အခြားအမှန်တရားအချို့တို့ကိုလည်း ကျွန်တော်တို့ သိသင့်ပါသည်၊-

ပထမ၊ ဧဝက စမှားသည်၊ ထို့အတွက် အမျိုးသမီးတို့သည် အသင်းတော်တွင် ငြိမ်ငြိမ်နေရပါသည် (၁တိ ၂း၁၁-၁၄)၊ ကလေးမွေးရာတွင် ဝေဒနာများစွာခံရပါသည် (ကမ္ဘာ ၃း၁၆)။

ဒုတိယ၊ ပထမဆုံးအပြစ်သည် နတ်ဆိုး၏သွေးထိုးခံရမှုကြောင့် ဖြစ်ပေါ်လာသည်။ သူ၏လိမ်ညာခြင်း၊ ကောက်ကျစ်ခြင်းဖြင့် နတ်ဆိုးသည် အာဒံ၊ ဧဝနှင့် သူတို့မျိုးနွယ်ဆက်အားလုံးကို သတ်ဖြတ်သူဖြစ်လာသည် (ယော ၈း၄၄)။ သူတို့ကလည်း လိုချင်စွာနားထောင်ခဲ့သဖြင့် သူတို့ထံတွင်လည်း အပြစ်ထဲကျဆုံးခြင်းနှင့် ၎င်း၏နောက်ဆက်တွဲရလဒ်များအတွက် တာဝန်ရှိပါသည်။

တတိယ၊ လူ၏အပြစ်ထဲကျဆုံးခြင်းသည်၊ မိမိ၏ဝိညာဉ်ရေးရာအခြေအနေအတွက် လူသားက ဘုရားသခင်ထံ အပြစ်မတင်နိုင်ရသောအကြောင်းအရင်းဖြစ်ပါသည်။ လူသားအားလုံးသည် အပြစ်ထဲတွင် "သေ"လျှက် မွေးလာကြသည်မှန်သော်လည်း၊ ဘုရားသခင်သည် လူကို ပြည့်စုံစွာဖန်ဆင်းခဲ့သည်၊ အာဒံအားဖြင့် ပြည့်စုံသောကိုယ်စား လှယ်ကိုလည်း ပေးခဲ့ပါသည်။ အာဒံထံ၌ လူသည် ဘုရားသခင်အားဆန့်ကျင်ခြင်းကို လိုချင်စွာ ရွေးချယ်ခဲ့ပါသည်။ ဘုရားက သူ့ကို ပေးထားသော ကောင်းမြတ်သည့်လက်ဆောင်အားလုံးကို လွှင့်ပစ်ခဲ့ပါသည်။

စတုတ္ထ၊ လူသားကိုကျဆုံးစေခဲ့သော လိမ်ညာခြင်းကို ယနေ့ခေတ်တိုင်အောင် လူတို့က နားထောင်နေဆဲ၊ ယုံကြည်နေဆဲဖြစ်သည်၊ "သင်သည် ဘုရားများကဲ့သို့ဖြစ်လာမည်" (ကမ္ဘာ ၃း၅)။ မိမိ၏ "လွတ်လပ်စွာရွေးချယ်နိုင်ခြင်း"ကို ချီးမြှောက်လျှက်၊ မိမိသည် မိမိဘဝ၏ဦးဆောင်သူဖြစ်သည်ဟုဆိုလျှက်၊ မိမိ၏ ဘုရားမဲ့ သွန်သင်ခြင်းများ၊ ဒဿနများ၊ အသက်ရှင်ပုံစံများအားဖြင့် လူသည် သူ့ကိုယ်သူ ပညတ်များချမှတ်သော အရှင်သခင်ကြီးဖြစ်သည်ဟု ထင်ယောင် ထင်မှား ဖြစ်နေပါသည်၊ ဘုရားသခင်၏ အစိုးရတော်မူခြင်းနှင့်အုပ်ချုပ်ခြင်းကို ငြင်းပယ်နေပါသည်။ ထို့သို့ဖြင့် သူသည် ယနေ့တိုင်အောင် စာတန်၏လိမ်ပြောခြင်းကို ယုံကြည်နေဆဲဟု ဖေါ်ထုတ်နေပါသည်။

သင်သည် အာဒံနှင့်အတူ ကျဆုံးခဲ့ပါသည်ဟု ယုံကြည်ပါသလား? သူ၏ကျဆုံးခြင်းသည် လူသားတရပ်လုံး၏ ကျဆုံးခြင်းသာမက သင်၏ကျဆုံးခြင်းလည်းဖြစ်ပါသည်ဟု ယုံကြည်ပါသလား? သင်ယုံကြည်သည်ဆိုလျှင်၊ အဘယ်ကြောင့် သခင်ခရစ်တော်တပါးတည်းကသာ ကျွန်တော်တို့ကို ကယ်တင်နိုင်ကြောင်းကို သိလာမည်ဖြစ်သည်။ အဘယ်ကြောင့် သူ့ကို ကျွန်တော်တို့ ယုံကြည်ရပါသနည်းဆိုသည်ကိုလည်း သိလာပါမည်။

### အပြစ်နှင့်နောက်ဆက်တွဲရလဒ်များအကြောင်း (Sin and Its Consequences)

ကမ္ဘာကြီးသည်အခြေအနေဆိုးရွားနေသည်ဟုပြောလျှင် လူများစုက သဘောတူကြပါမည်။ လူမှုရေးမငြိမ်သက်မှုများ တကမ္ဘာလုံး၌ဖြစ်နေကြသည်။ ရာဇဝတ်မှုများ ဆက်လက်၍တိုးပွားနေသည်။ ကျွန်တော်တို့သည် မူးယဇ်ဆေးဝါး၊ အကြမ်းဖက်ဝါဒ၊ ဆူပူမှုများ စသည်တို့နှင့် တိုက်ပွဲဝင်နေရပါသည်။ ဖန်ဆင်းခြင်းကိုယ်၌က ဖျက်ဆီးခြင်းခံနေရပါသည်၊ ကမ္ဘာ့ရာသီဥတုပုံစံသည်ပင် ပြောင်းလဲနေဟန်တွေ့နေရပါသည်။

တချို့က ထိုပြဿနာများ၏အဖြေသည် အစိုးရများကို (သို့) အစိုးရတို့၏ပေါ်လစီများကို အောက်ခြေမှပြောင်းလဲပစ်ခြင်း၌၎င်း၊ သဘာဝပတ်ဝန်းကျင်ကို ဂရုစိုက်ခြင်းနှင့် ပညာရေးတို့တွင်၎င်း တွေ့နိုင်မည်ဟု အသေအချာပြောနေကြပါသည်။ တချို့ကတော့ လိုအပ်သောပြောင်းလဲခြင်းများ သေချာစွာဖြစ်လာရန် ငွေကြေးပမာဏများစွာ ရင်းနှီးမြှုတ်နှံရမည်ဟု တောင်းဆိုနေကြပါသည်။ လူထုအား လုံလောက်သင့်တော်သော ပညာရေး၊ နေထိုင်ရေးနှင့် အခြားသော မရှိမဖြစ်အရာများကို သေချာပေါက်ကတိပေးရမည်။ ထိုသို့ပြုပြီးကာမှ ပို၍ကောင်းလာဖို့ ပြောင်းလဲ နိုင်ပါမည်ဟု ပြောနေကြပါသည်။

လူအများက သိမြင်ဖို့ ငြင်းဆန်နေကြသည်မှာ လူသားတွင် "နှလုံးသားပြဿနာတခုရှိနေသည်" ဆိုသည့်အချက်ဖြစ်သည်။ ထိုနှလုံးသားပြဿနာ၏အစကို ကျွန်တော်တို့၏ပထမဆုံးမိဘများ(အာဒံနှင့်ဧဝ) အပြစ်ထဲကျဆုံးခြင်း၊ မနာခံခြင်းတို့တွင် ခြေရာကောက်နိုင်ပါမည်။ ထိုနှစ်ယောက်ကို ဘုရားသခင်သည် ပြည့်စုံခြင်း၌ဖန်ဆင်းခဲ့ပါသည်၊ ဘုရားသခင်ကို ချစ်မြတ်နိုးလျှက်၊ အပြစ်မပါဘဲ အမှုတော်ဆောင်နိုင်ခဲ့ကြပါသည်။

သို့သော် အာဒံသည် မစားရဟုတားမြစ်ထားသောအပင်၏အသီးကိုစားခြင်းဖြင့် အပြစ်ပြုခဲ့သည် (ကမ္ဘာ ၃)။ ကျွန်တော်တို့၏ ပထမဆုံးမိဘနှစ်ပါးသည်၊ သူတို့ထံသို့ မြွေအားဖြင့်လာသော စာတန်၏လိမ်ပြောခြင်းကို ယုံခဲ့ကြသည် (ကမ္ဘာ ၃း၁-၅၊ ဗျာ ၁၂း၉)။ မိမိသည် ဘုရားကဲ့သို့ဖြစ်နိုင်သည်ဟု လူသားက ယုံခဲ့ပါသည်။

ဘုရားသခင်က ကြိုတင်သတိပေးခဲ့သောအရာသည် အပြစ်ကြောင့် အာဒံ့ထံ ရောက်လာပါသည်၊ သူ သေပါသည်။ ထိုသေခြင်းက သူ၏ကိုယ်ခန္ဓာဖြစ်တည်မှုကို စတင်သက်ရောက်မှုဖြစ်ပါသည်၊ နောက်ဆုံး သချိုင်း၌အဆုံးသတ်ချိန်ထိ ဖြစ်သည်။ အကယ်၍သာ လွတ်မြောက်ခြင်းလမ်းကို မပံ့ပိုးပေးပါက၊ ထိုသေခြင်းက ငရဲထဲတွင် ထာဝရ အပြစ်ဒဏ်ခံရခြင်းသို့ ခေါ်ဆောင်သွားမည်ဖြစ်သည်။

ထိုအာဒံ့အပြစ်၏နောက်ဆက်တွဲရလဒ်များက လူသားတရပ်လုံးကို ကြီးမားသောပျက်ဆီးခြင်းသို့ ရောက်စေပါသည်။ အာဒံသည် အားလုံး၏ကိုယ်စားလှယ်နှင့် ဖခင်ကြီးဖြစ်သည်။ သူ၏တကြိမ်အပြစ်ပြုခြင်းက သေခြင်းတရားကို အားလုံးထံသို့ ရောက်လာစေပါသည် (ရောမ ၅း၁၂)။ ဝမ်းနည်းစရာရလဒ်မှာ လူအားလုံးသည် ဝိညာဉ်ရေးအရ သေလျှက် မွေးလာကြခြင်းဖြစ်သည်၊ မည်သူမျှ ကောင်းခြင်းကို မလုပ်နိုင်ကြတော့ပါ (ရောမ ၃း၁၀-၁၉)။

လူသား၏ နှလုံးသားပြဿနာကို “လုံးလုံးလျှားလျှားပျက်စီးခြင်း”ဟုခေါ်ပါသည်၊ ဘုရားသခင့်ရှေ့တော်မှောက်တွင် မည်သည့်ကောင်းခြင်းကိုမှ မလုပ်နိုင်တော့ပါဟု ဆိုလိုခြင်းဖြစ်သည်။ ထိုအကြောင်းကို ကျမ်းစာက “ကျောက်နှလုံးသား”ဟု ခေါ်ပါသည် (ယေဇ ၁၁း၁၉)၊ “ဆိုးညစ်သောနှလုံးသား”ဟုလည်း ခေါ်ပါသည် (ယေရမိ ၁၆း၁၂)။ ဘုရားသခင်နှင့်ဆက်ဆံခြင်းတွင် လူသား၌ ကျောက်နှလုံးသားရှိခြင်းသည်၊ လူ့ပြဿနာအားလုံးအတွက် အကြောင်းအရင်း ဖြစ်ပါသည်။

အပြစ်၏ ထိုနောက်ဆက်တွဲရလဒ်များက လူသား၏မျက်မှောက်ဘဝအသက်ရှင်ခြင်းကိုသာ ထိခိုက်သည်မဟုတ်ပါ၊ နောက်လာမည့်ကမ္ဘာနှင့်ပတ်သက်၍ထားရှိသော သူ၏မျှော်လင့်ခြင်းအားလုံးကိုလည်း ထိခိုက်ပါသည်။ လူသည် နောက်တခါပြန်မမွေးလျှင် ကောင်းကင်နိုင်ငံတော်ကို မြင်ပင်မမြင်ရပါ (ယော ၃း၃)။ လူသား၏ဘဝ ပြန်လည်ကောင်းချီးခံရဖို့ဆိုလျှင်၊ အသက်တာအသစ်၊ နှလုံးသားအသစ် (သို့) စင်ကြယ်သောနှလုံးသာ ပြန်ရှိရပါမည် (ဆာလံ ၅၁း၁၀)။ ထိုကိစ္စသည် ဘုရားသခင်ထံမှသာ စတင်ဖြစ်ပွားနိုင်ပါသည်။

ဘုရားသခင်က သူ၏ကြီးမြတ်သောကျေးဇူးတော်လုပ်ဆောင်မှု၊ မိမိလူများကို အသစ်ပြန်လည်ဖန်ဆင်းမှု၊ ပြောင်းလဲစေမှုတို့ ပြီးသည့်အခါမှသာ အပြစ်၏ဆိုးညစ်သောနောက်ဆက်တွဲရလဒ်များမှ အဆုံးသတ်နိုင်ခြင်းကို မျှော်လင့်၍ရပါမည်။ အပြစ်ကြောင့် ဤကမ္ဘာကြီးသည်ပင် သန့်စင်ပစ်ရပါမည်၊ သခင်ခရစ်တော်၏ ထာဝရနိုင်ငံတော် ရောက်လာရပါမည်။ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေးတို့ ပြောင်းလဲပြုပြင်ယုံမျှဖြင့် ထိုကိစ္စကို မဖြစ်စေနိုင်ပါ။

## မူလအပြစ်အကြောင်း (Original Sin)

ကျွန်တော်တို့ မည်သည့်အခါတွင်မျှ အပြစ်မလုပ်လျှင်လည်း - မှားယွင်းခြင်းတခုမှ မလုပ်လျှင်လည်း - ဘုရားသခင့်ရှေ့တော်မှောက်တွင် အပြစ်သားများဟု သတ်မှတ်ခံရမည်သာဖြစ်ပါသည်။ ၎င်းကို ကျမ်းစာ၏ဩဝါဒ “မူလအပြစ်”ဟု ခေါ်ပါသည်။

သင် မူလအပြစ်ဆိုသည့်စကားလုံးကိုတွေ့တိုင်း အာဒံ့အပြစ်ကို ရည်ညွှန်းကြောင်း သိနားလည်ရပါမည်၊ ထိုအပြစ်ကို ဘုရားသခင်က ကျွန်တော်တို့တွင်လည်း တာဝန်ရှိကြောင်း သတ်မှတ်ပါသည်။ ကျွန်တော်တို့သည်လည်း အာဒံ ပထမဆုံးမနာခံသကဲ့သို့ အပြစ်ရှိကြပါသည်။ အပြစ်ရှိလှသဖြင့် သူအားဒဏ်ပေးသကဲ့သို့ ဒဏ်ပေးခြင်းကို ခံကြရပါသည်။ ကျွန်တော်တို့သည် အပြစ်နှင့်လွန်ကျူးမှုများထဲတွင် မွေးဖွားလာကြသည်၊ အစပထမက ဘုရားသခင် ကြေညာခဲ့သည့်ပုံစံအတိုင်း ပြစ်ဒဏ်ကို ခံစားကြရသည် (ကမ္ဘာ ၂း၁၇)။

ထိုမူလအပြစ်ဩဝါဒကို ရောမ ၅း၁၂ တွင်တွေ့ရပါသည်။ ထိုနေရာတွင် အာဒံအပြစ်ပြုသောအခါ သေခြင်းသည် လူသားတရပ်လုံးထံရောက်လာသည်ဟု သတိပေးထားပါသည်။ ထိုနေရာတွင် လူများတို့က အပြစ်ပြုကြသောအခါ သေကြသည်ဟု ပြောမထားပါ၊ ထိုမှဆန့်ကျင်စွာ သေခြင်းသည် လူအားလုံးတို့အပေါ် ရောက်နှင့်ပြီးဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် လူအားလုံးအပြစ်ပြုကြ၍ဟု ပြောနေပါသည်။ အတိတ်တချိန်တခါက လူအားလုံး အပြစ်ပြုခဲ့ကြပြီးဖြစ်သည်၊ မမွေးကြသေးသူများပင် အပြစ်ပြုခဲ့ကြပြီးပြီ၊ ထို့ကြောင့် အားလုံး အပြစ်များနှင့်လွန်ကျူးခြင်းများထဲ၌ သေလျှက်မွေးလာကြသည်။ အားလုံးသေလျှက်မွေးလာကြဖို့ မည်သည့်အချိန်တွင် တယောက်မကျန် အပြစ်ပြုခဲ့ ကြပါသနည်း? ဖြစ်နိုင်ခြေရှိသည့်တခုတည်းသောအဖြေမှာ ရောမ ၅း၁၂ ဖြစ်သည်၊ အားလုံး အာဒံထံ၌ အပြစ်ပြုခဲ့ ကြပြီးဖြစ်သည်။

မူလအပြစ်တွင် အပိုင်းနှစ်ပိုင်းရှိပါသည်။ ပထမ၊ အားလုံး အာဒံထံ၌အပြစ်ပြုကြသည်၊ သူ၏အပြစ်တွင် အားလုံးပါဝင်ကြသည်။ ၎င်းကို “မူလအပြစ်ရှိမှု”(Original guilt)ဟုခေါ်ပါသည်။ လူတိုင်းအတွက် အာဒံက ကိုယ်စားပြုသဖြင့် ဖြစ်လာသောရလဒ်ဖြစ်သည်။ ဒုတိယ၊ လူတိုင်းအပြစ်ရှိကြပြီးဖြစ်၍ မမွေးခင်ကပင် လူတိုင်းသည် အပြစ်အတွက် ဒဏ်ခတ်ခံရခြင်းကို ခံစားကြလျှင် မွေးဖွားလာကြသည်၊ ၎င်းကို ထာဝရသေခြင်းဟုခေါ်သည်။ လူတို့သည် အပြစ်များနှင့်

ကျူးလွန်ခြင်းများထဲတွင် မွေးလာကြသည် (ဧဖက် ၂း၁)။ ထိုမူလအပြစ်၏အစိတ်အပိုင်းတခုဖြစ်သော မွေးစကပင်ရောက်လာသည့်ဒဏ်ပေးခံရခြင်းကို “မူလညစ်ညမ်းခြင်း” (သို့) “လုံးဝပျက်စီးနေခြင်း”ဟုခေါ်သည်။

လူအများက ဤသြဝါဒကို မကြိုက်ကြပါ၊ အဘယ်ကြောင့်ဆိုသော် သူတို့အတွက် အတော်ကလေးပင် မတရားသကဲ့သို့ မြင်နေကြပါသည်။ သို့သော် တကယ်တမ်းတွင် မတရားခြင်းမမည်ပါ။ ဘဝတွင် ကျွန်တော်တို့သည် တခြားသူများ ပြုသောကြောင့် ဖြစ်ပေါ်လာသောတာဝန်များကို မတရားပါဟု တခါမှပင်မတွေးမိဘဲ ယူနေကြရသည်များ ရှိနေပါသည်။ ကျွန်တော်တို့၏ နိုင်ငံရေးခေါင်းဆောင်များက ဥပဒေများချမှတ်ကြသောအခါ၊ လိုက်နာဖို့ ကျွန်တော်တို့တွင် တာဝန်ရှိလာပါသည်။ ကလေးများ၏ပြုမူကျင့်ကြံခြင်းများအတွက် နေရာအတော်များများတွင် မိဘများက တာဝန်ယူရပါသည်။ ထိုသို့တာဝန်ယူရမှုသည် ဘဝ၏တကယ့်အဖြစ်မှန်ဖြစ်သည်။ ကယ်တင်ခြင်းတွင်လည်း ထိုအမှန်တရားသည် လက်တွေ့မှန်နေပြန်ပါသည်။ သခင်ခရစ်တော်က ကျွန်တော်တို့အတွက် တာဝန်ယူပေးခြင်း၊ ကျွန်တော်တို့အပြစ်များတွက် ကယ်တင်ရှင်အဖြစ် တာဝန်ယူအသေခံပေးခြင်းအပေါ် မည်သူကမျှ မကျေမနပ် ညီးတွားမနေကြပါ၊ မတရားတာလုပ်နေသည်ဟုလည်း မတွေးကြပါ။ ကယ်တင်ခြင်းသည် ကျွန်တော်တို့ထံ ခရစ်တော်အားဖြင့် ရောက်လာသည့်နည်းတူ၊ အပြစ်သည်လည်း ကျွန်တော်တို့ အာဒံအားဖြင့် ရောက်လာခဲ့ပါသည်။

မူလအပြစ်အကြောင်းသည် ကျမ်းစာ၏ အတော်အရေးကြီးသောသြဝါဒဖြစ်ပါသည်။ တယောက်ချင်းစီအတွက်လည်း အလွန်အရေးကြီးပါသည်။ ထိုဝါဒက ကျွန်တော်တို့သည် အပြစ်သားများအဖြစ် လုံးလုံးလျှားလျှား ပျောက်ဆုံးနေခဲ့ကြကြောင်း၊ သခင်ခရစ်တော်အားဖြင့်မှလွဲ၍ ကယ်တင်ခြင်း မရှိနိုင်ကြောင်း၊ မဖြစ်နိုင်ကြောင်းကို သင်ပေးပါသည်။ ဤသြဝါဒမှနေ၍ ကျွန်တော်တို့ မည်သည့်အပြစ်ကိုမှမလုပ်ကြလျှင်လည်း ဘုရားသခင်သည် ကျွန်တော်တို့အပေါ် အမျက်ထွက်တော်မူကြောင်း၊ ထာဝရအပြစ်ဒဏ်ကို ပေးမည်သာဖြစ်ကြောင်း သင်ကြရပါသည်။ ထိုသို့သိရခြင်းက ကျွန်တော်တို့ကို ကယ်တင်ခြင်းနှင့်အကူအညီရဖို့ ခရစ်တော်၏လက်ဝါးကပ်တိုင်ထံသို့မှလွဲ၍ မည်သည့်နေရာကိုမှ မသွားကြရန် သဘောပေါက်စေပါသည်။

သင်သည် မူလအပြစ်နှင့်အတူမွေးလာခဲ့ကြောင်း သိပါသလား? သင့်ကလေး အငယ်ဆုံးကလေးထံသို့ပင် ထိုအရာသည် ကူးဆက်နေပြီးဖြစ်ကြောင်း သိပါသလား? ထိုထိတ်လန့်စရာကောင်းသော ရောဂါဆိုးကြီးကို ပျောက်ကင်းစေနိုင်သည့် တခုတည်းသောနည်းလမ်းမှာ သခင်ယေရှုခရစ်တော်၏အလုပ်သာဖြစ်ကြောင်း သင်သိပါသလား? ထို့အတွက်ကြောင့် ကျမ်းစာက ကယ်တင်ခြင်းရရန် သူ့ကိုသာယုံကြည်ရမည်ဟု ပြောနေခြင်းဖြစ်ပါသည်။

## လုံးလုံးလျှားလျှားပျက်စီးနေခြင်းအကြောင်း (Total Depravity)

ဤစာစောင်ကိုဖတ်ကြသူများသည် ကဲလ်ဗင်းသြဝါဒငါးချက်ကို ရင်းနှီးကြပါမည်။ ၎င်းကို တခါတရံ “ကျေးဇူးတော်၏သြဝါဒများ”ဟုလည်း ခေါ်ကြပါသည်။ ထိုအချက်ငါးချက်က သင်ပေးသည်မှာ ကယ်တင်ခြင်းတွင် ဘုရားသခင်သည် အစိုးရတော်မူသည်ဆိုသည့်အကြောင်းဖြစ်သည်။ နောက်တမျိုးပြောရလျှင် ကယ်တင်ခြင်းသည် အစမှအဆုံး ဘုရားသခင်အပေါ်သာ တည်ပါသည်၊ ကျွန်တော်တို့၏အလိုဆန္ဒနှင့်လုပ်ဆောင်မှုများအပေါ်တွင် မတည်ပါ။

ထိုအချက်ငါးချက်၏ ပထမဆုံးအချက်မှာ “လုံးလုံးလျှားလျှားပျက်စီးနေခြင်း”ဖြစ်သည်။ ဤအချက်က ကယ်တင်ခြင်းသည် အစမှအဆုံး အဘယ်ကြောင့် ဘုရားသခင်နှင့် သူ၏ကျေးဇူးတော်အပေါ်၌သာ တည်မှီနေရခြင်းကို ပြောပြပါသည်။

“ပျက်စီးနေခြင်း”ဆိုသည့်စကားလုံးက ကျွန်တော်တို့၏ အပြစ်များခြင်းနှင့်ဆိုးညစ်ခြင်းအခြေအနေကို ရည်ညွှန်းပါသည်။ ထိုစကားလုံးကို ကျွန်တော်တို့သုံးသည့်အခါ ဘုရားသခင်၏ရှေ့တော်မှောက်တွင် ကျွန်တော်တို့သည် အလွန်ဆိုးညစ်ကြကြောင်း၊ သူ၏ကယ်တင်ပေးခြင်းကို အလွန်လိုအပ်နေကြကြောင်း အထူးပြုချင်၍သုံးခြင်းဖြစ်သည်။

ထိုပျက်စီးနေခြင်းကို လုံးလုံးလျှားလျှားဆိုသည့်စကားစုထပ်ထည့်၍သုံးကြသည့်အခါ၊ ဆိုလိုချက်သုံးခုရှိသည်၊-

ပထမ၊ လူအားလုံး၊ သခင်ယေရှုမှလွဲ၍၊ ပျက်စီးနေကြသည်၊ ဆိုးညစ်ကြသည် (ဆာလံ ၁၄း၂၊ ၃)။

ဒုတိယ၊ လူတိုင်း၏ အစိတ်အပိုင်းတိုင်းသည် ပျက်စီးနေကြသည်။ သူတို့၏အမူအကျင့်များသာ ဘုရားသခင့်ရှေ့တွင် ဆိုးညစ်ကြသည်မဟုတ်၊ သူတို့၏အတွေးခေါ်များ(ကမ္ဘာ ၆း၅)၊ သူတို့၏အလိုဆန္ဒများ(သူတို့၏ရွေးချယ်ခြင်း၊ ဆန္ဒရှိခြင်း) (ဧဖက် ၂း၃၊ ၄း၂၂)၊ သူတို့၏ စိတ်လှုပ်ရှားခံစားချက်များနှင့် သူတို့၏နှလုံးသားများသည်လည်း (ယေရမိ ၁၇း၉) ဘုရားသခင်၏ရှေ့တွင် ဆိုးညစ်ကြပါသည်။ အလိုဆန္ဒသည်လည်း ပျက်စီးနေကြောင်းကိုသိရခြင်း သည်အထူးအရေးကြီးပါသည်၊ အဘယ်ကြောင့်ဆိုသော် ကျေးဇူးတော်သာမပါလျှင် မည်သူမျှ ကယ်တင်ခြင်းရဖို့ ရွေးချယ်ကြမည်မဟုတ်ကြောင်းကို ဆိုလိုနေသောကြောင့်ဖြစ်သည်။

တတိယ၊ လူသားတို့ပျက်စီးနေခြင်းသည် အစိတ်အပိုင်းအားလုံး၊ ပြည့်ဝစွာပျက်စီးနေခြင်းဖြစ်သည်။ အလိုဆန္ဒ၊ နှလုံးသားနှင့်အခြားကျန်ရှိသမျှတို့ တခုချင်းစီသာပျက်စီးနေကြသည်မဟုတ်ပါ၊ အစိတ်အပိုင်းအားလုံး ပျက်စီးနေသဖြင့် ကောင်းသောအရာသည် မည်သည့်အစိတ်အပိုင်းတွင်မျှ ရှိမနေတော့ပါ။ ထိုအမှန်တရားကို မကြာခဏ ငြင်းတတ်ကြပါသည်။ လူသားထဲတွင် ဆိုးညစ်ခြင်းအမြောက်အများရှိနေသော်လည်း၊ အနည်းငယ်ကလေးတော့ ကောင်းခြင်း ကျန်ပါသေးသည်ဟု ပြောတတ်ကြသည်။ "ကျွန်တော်တို့၏အကောင်းဆုံးထဲတွင် ဆိုးခြင်းအနည်းငယ်၊ ကျွန်တော်တို့၏ အဆိုးရွားဆုံးထဲတွင် ကောင်းခြင်းတချို့"ဟု ပြောတတ်ကြသည်။ အထူးသဖြင့် လူသား၏ကယ်တင်ခြင်းနှင့်ပတ်သက်၍ ထိုသို့ ပြောကြခြင်းဖြစ်သည်။ သူတို့ပြောသည်မှာ၊ လူသည် သူ့ဘာသာတော့ မကယ်တင်နိုင်တော့ပါ၊ သို့သော် ကယ်တင်ခံရခြင်းကိုရွေးချယ်ဖို့တော့ လုံလောက်သောကောင်းခြင်းရှိပါသည် ဟူ၍ဖြစ်သည်။

လူသားတို့လုပ်ကိုင်ခြင်းများ၌ လူသားတို့အမြင်တွင် ကောင်းမြတ်ခြင်းများရှိပါသည်ဆိုခြင်းကို ကျွန်တော်တို့ မငြင်းပါ။ သို့သော် ဘုရားသခင်က အားလုံးကို ဆိုးညစ်သည်ဟု တရားစီရင်ပါသည်။ သူ့အမြင်တွင် မည်သူမျှ ကောင်းမြတ်ခြင်းကို မလုပ်ကြပါ။ ကောင်းခြင်းလုပ်ဖို့ကိုပင် အလိုမရှိကြပါဟု မြင်တော်မူသည်။ ကျွန်တော်တို့က ဆိုးဖြတ်သည်ထက် ပို၍မြင့်မားသောစံနှုန်းဖြင့် ဘုရားသခင်က ဆုံးဖြတ်တော်မူပါသည်၊ ဘုရားသခင်က ကျွန်တော် တို့လုပ်သမျှသည် သူ့ကိုယုံကြည်ခြင်းဖြင့် သူ၏ဘုန်းတော်ထင်ရှားဖို့ လုပ်ကြရမည်ဟု တောင်းဆိုပါသည်။ ထိုသို့ မဟုတ်လျှင် ဘယ်အပြုအမူမှ ကောင်းခြင်းမဟုတ်ပါ (ရောမ ၁၄း၂၃၊ ၁ကော ၁၀း၃၁)။

လူသားတို့လုပ်သမျှအပေါ် ဘုရားသခင်၏တရားစီရင်ခြင်းကို ဆာလံ ၁၄ ၌ မှတ်တမ်းတင်ထားပါသည်။ ကျမ်းစာတအုပ်လုံးတွင် အစမှအဆုံး ပြန်လည်ကိုးကားသောဆာလံ ထိုတခုသာရှိပါသည် (ဆာလံ ၅၃)။ ဆာလံ ၁၄ က ဘုရားသခင် ကျွန်တော်တို့ကို မည်သို့စီရင်ကြောင်း ဤသို့ပြောပါသည်၊ "နားလည်သောသူ၊ ဘုရားသခင်ကိုရှာသောသူ တစုံတယောက် ရှိသည်မရှိသည်ကို သိမြင်ခြင်းငှာ ထာဝရဘုရားသည် ကောင်းကင်ပေါ်မှ လူသားတို့ကို ငုံ့၍ ကြည့်တော်မူ၏"(၂)။ သူမည်သို့ဆုံးဖြတ်ပါသနည်း? "လူအပေါင်းတို့သည် လမ်းလွဲကြပြီ၊ တညီတညွတ်တည်း ဆွေးမြေ့ယိုယွင်းခြင်းရှိကြ၏၊ ကောင်းသောအကျင့်ကို ကျင့်သောသူမရှိ၊ တယောက်မျှမရှိ"(၃)။

ဧဖက်သြဝါဒစာ ၂း၁ က လုံးလုံးလျှားလျှားပျက်စီးခြင်းသြဝါဒကို ဤသို့အကျဉ်းချုပ်၍ပြောပါသည်၊ "ငါတို့သည်အပြစ်များနှင့် လွန်ကျူးခြင်းများတွင် သေနေကြသည်။" ကျွန်တော်တို့၏အခြေအနေသည် ပို၍ဆိုးဝါးနိုင်ခြင်း မရှိတော့သည့် အခြေအနေဖြစ်သည်။ အပြစ်ထဲတွင်သေနေကြသည်၊ ဝိညာဉ်ရေး၌ အနည်းငယ်ကလေးမျှလှုပ်ရှားနိုင်သည့်အရာ ရှိမနေပါ။ ကျွန်တော်တို့သည် လုံးလုံးလျှားလျှားပျက်စီးနေကြပါသည်။

ကျေးဇူးတော်ကြောင့် ထိုအမှန်တရားကို သိလာကြသောအခါ၊ ကျွန်တော်တို့သည် သခင်ယေရှုခရစ်တော်၏ လက်ဝါးကပ်တိုင်ကို မည်မျှလိုအပ်နေကြကြောင်း စတင်၍သိလာကြပါသည်။ ထိုအရာမှလွဲ၍ မည်သည်ကမျှ လုံးလုံးလျှားလျှားပျက်စီးနေသောအပြစ်သားတို့ကို မကယ်တင်နိုင်ပါ။

## လူသား၏လွတ်လပ်သောဆန္ဒဟုခေါ်ကြသောအရာ၏အကြောင်း
(Man's So-called Free Will)

ပရိုတက်စတင့်ပြန်လည်ပြုပြင်ခြင်းခေတ်၌(၁၆ရာစု)၊ မာတင်လူသာသည် "အလိုဆန္ဒ၏ကျွန်ဖြစ်မှု"ဆိုသည့် စာအုပ်ကို ရေးခဲ့ပါသည်။ ရေးရသည့်အကြောင်းမှာ အီရပ်စမတ်စ် ဆိုသူက လူ၏အလိုဆန္ဒသည် လွတ်လပ်သည်ဟု ပြောဆိုသွန်သင်ရေးသားခြင်းကို ဆန့်ကျင်လျှက် ရေးခဲ့ခြင်းဖြစ်သည်။ အီရပ်စမတ်စ်က လူသည်လွပ်လပ်သည်ဟု ပြောသည့်အခါ ဆိုလိုချင်သည်မှာ ကယ်တင်ခြင်းရဖို့ မရဖို့ကို လူသားက ရွေးချယ်နိုင်စွမ်းရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထိုစာအုပ်တွင် မာတင်လူသာက အီရပ်စ်မတ်စ်အား လူသား၌လွတ်လပ်သောအလိုဆန္ဒ ရှိမရှိကို မေးသောမေးခွန်းသည် ပြန်လည်ပြုပြင်ခြင်းလုပ်ဆောင်မှုကြီး၏ အဓိကအကျဆုံးသောပြဿနာဖြစ်ကြောင်း ပြောပြခဲ့သည်။ မာတင်လူသာက အီရပ်စမတ်စ်ကို "ခင်ဗျားက ကျွန်တော့်ကို ပုတ်ရဟန်မင်းကြီး၏သြဇာ၊ ပါဂတ်တိုရီဆိုတဲ့ ငရဲကလေးအကြောင်း၊ အပြစ်လွတ်ဖို့ အာပတ်ဖြေတဲ့အကြောင်း စတဲ့အသေးအဖွဲ့ကိစ္စတွေနဲ့ စိတ်မဆင်းရဲစေဘဲ တကယ့်ပြဿနာ အနှစ်သာရနဲ့ စိတ်ဆင်းရဲစေပါတယ်၊ ခင်ဗျားတယောက်ထဲကဘဲ အားလုံးကိုချိတ်ထားတဲ့ချိတ်ကို တွေ့နိုင်တယ်၊ တကယ့်အဓိကအချက်ကို တွေ့နိုင်တယ်၊"ဟု ပြောခဲ့ပါသည်။

အီရပ်စမတ်စ်၏ သွန်သင်မှုကိုဆန့်ကျင်လျှက်၊ အပြစ်ထဲကျဆုံးပြီးလူသည် ဘုရားသခင်စိတ်ကျေနပ်ဖို့၊ ကောင်းသည်ဆိုသောအရာကို ရွေးချယ်ဖို့ရန် မလွတ်လပ်ပါ၊ သူ၏အလိုဆန္ဒ၊ ရွေးချယ်နိုင်သောစွမ်းအားသည် အပြစ်၌ကျွန်ခံနေရပါသည်ဟု မာတင်လူသာက ရေးသားခဲ့ပါသည်။ မာတင်လူသာက ထိုသို့ရေးခဲ့ပါသော်လည်း လူသား၏လွတ်လပ်သော

ဆန္ဒနှင့်ပတ်သက်သည့် ယနေ့ခေတ် ပရိုတက်စတင့်ဂိုဏ်းအများစု၏ သွန်သင်ချက်သည် အီရပ်စမတ်စ်၏ သွန်သင်ချက်သာ ဖြစ်နေကြပါသည်။

ကျွန်တော်တို့သည် လူသာနှင့်အတူ လူ၏အလိုဆန္ဒသည် အပြစ်၌ကျွန်ခံနေရသည်၊ သူသည် ကောင်းခြင်းကို မလုပ်နိုင်ယုံသာမက၊ လုပ်ချင်သောစိတ်ဆန္ဒပင်မရှိပါဟု ယုံကြည်ကြပါသည် (ရောမ ၈း၇-၈)။ အထူးသဖြင့် လူသည် ကြီးမားသောကောင်းမြတ်ခြင်းဖြစ်သည့် သခင်ခရစ်တော်နှင့်ဘုရားသခင်ကို မရွေးချယ်နိုင်ပါ။ ထို့ကြောင့် လူသည် ကောင်းကင်မှနေ၍ ယုံကြည်ခြင်းကို မပေးပါက၊ သခင်ခရစ်တော်ကို မယုံကြည်နိုင်ပါဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ (ယော ၆း၄၄ နှင့်နှိုင်းယှဉ်ဖတ်ကြည့်ပါ)

ထို့အပြင် ကယ်တင်ခြင်းတွင် လူ၏အလိုဆန္ဒသည် အဓိကဆုံးဖြတ်ပေးသူမဟုတ်ပါ၊ ဘုရားသခင်၏အစိုးရသော၊ ထာဝရဖြစ်သော အလိုဆန္ဒ(ခွဲခန့်မှတ်သားခြင်း)သာလျှင် အဓိကအဆုံးအဖြစ်ပေးသူ ဖြစ်သည်ဟုလည်း ကျွန်တော်တို့ ယုံကြည်ကြပါသည်(တမန် ၁၃း၄၈၊ ဖိ ၂း၁၃)။ လူက ကယ်တင်ခံရရန် မရွေးချယ်နိုင်သဖြင့်၊ ဘုရားသခင်က သူ့အတွက် ရွေးချယ်ပါသည်။ ထိုရွေးချယ်ခြင်းကို ဘုရားသခင်က သူ၏အစိုးရတော်မူစွာ မည်သူကယ်တင်ခြင်း ခံရမည်ဟု ဆုံးဖြတ်သည့်အခါတွင်ပြုတော်မူပါသည်၊ ထိုကယ်တင်ခြင်းခံရသည့်သူအား သူ၏အစိုးရတော်မူခြင်းနှင့် တန်ခိုးအလုံးစုံရှိသောကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်း၏ကောင်းချီးမင်္ဂလာများအားလုံးကိုပေးရန် ဆုံးဖြတ်တော်မူသည်။

ထို့ကြောင့် "လွတ်လပ်စွာရွေးချယ်နိုင်သည်"ဟုပြောသည့် မှားယွင်းသောဩဝါဒက အရေးကြီးသောအမှန်တရားအများကို ငြင်းပယ်နေပါသည်။

ပထမ၊ ထိုဝါဒက ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းကို ငြင်းပယ်သည်။ ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်း ဆိုသည်မှာ ဘုရားသခင်၏အလိုဆန္ဒ(ဘုရားသခင်၏ရွေးချယ်မှု)က မည်သူတို့ကယ်တင်ခြင်းရမည်အပါအဝင် အရာအားလုံးကို ဆုံးဖြတ်သည်ဟုဆိုလိုခြင်းဖြစ်သည် (ဧဖက် ၁း၃-၆)။ "လွတ်လပ်စွာရွေးချယ်နိုင်ခြင်းဝါဒ"က ကယ်တင်ခြင်းတွင် လူ၏ရွေးချယ်ခြင်းသာအရေးကြီးသည်ဟု ပြောသည်။

ဒုတိယ၊ ၎င်းဝါဒက ကယ်တင်ခြင်းရစေနိုင်သောယုံကြည်ခြင်းသည် ဘုရားသခင်ပေးသောလက်ဆောင်ဖြစ်၏ ဆိုခြင်းကို ငြင်းပယ်သည်(ဧဖက် ၂း၈-၁၀)။ ထိုသွန်သင်ခြင်းက ယုံကြည်ခြင်းဆိုသည်မှာ သခင်ယေရှုကိုအားကိုးမည်ဟု လူသားက ဆုံးဖြတ်ချက်ချခြင်းဖြစ်သည်ဟု ပြောသည်။

တတိယ၊ ၎င်းဝါဒက သခင်ခရစ်တော်သည် မိမိလူတို့အတွက်သာအသေခံသည် ဆိုသောအမှန်တရားကို ငြင်းပယ်သည် (မဿဲ ၁း၂၁)။ လွတ်လပ်စွာရွေးချယ်နိုင်သည်ဟု ယုံကြည်သောသူတို့က သခင်ခရစ်တော်သည် လူသား အားလုံးအတွက်သေသည်ဟုပြောကြသည်၊ ထို့ကြောင့် လူတို့ကယ်တင်ခံရခြင်းသည် ၎င်းတို့၏ရွေးချယ်မှုအပေါ်သာတည်သည်ဟု ပြောသည်။

စတုတ္ထ၊ ၎င်းဝါဒသည် ကျေးဇူးတော်အားဖြင့်သာကယ်တင်ခြင်းရသည်ဆိုသော အံ့ဩစရာအမှန်တရားကို ငြင်းပယ်သောဝါဒဖြစ်ပါသည်(ဧဖက် ၂း၈-၁၀)။ လွတ်လပ်စွာရွေးချယ်နိုင်သည်ဆိုသောဝါဒက ကယ်တင်ခြင်းရရန် လူသားက တခုခုလုပ်ရမည်ဟု သင်၍၊ ကျမ်းစာက ကယ်တင်ခြင်းသည် "လိုချင်သောသူတတ်နိုင်သည်မဟုတ်၊ ပြေးသောသူလည်း တတ်နိုင်သည်မဟုတ်" ဘုရားသခင်ကသာတတ်နိုင်ပါသည်ဟု သင်ပါသည် (ရောမ ၉း၁၆)။

လွတ်လပ်စွာရွေးချယ်နိုင်သည်ဆိုသောဝါဒကို ယုံကြည်ကြကြောင်း ယနေ့ခေတ် ပေါ်ပြူလာဖြစ်နေသော တရားဟောခြင်းများ၊ ဧဝံဂေလိဟောခြင်းများတွင် တွေ့နိုင်ပါသည်။ ၎င်းတို့က အပြစ်သားများကို သခင်ခရစ်တော်အား လက်ခံကြရန် တောင်းပန်နေကြသည်၊ တရားပလ္လင်မှဖိတ်ခေါ်ခြင်းများပြုကြသည်၊ တောင်ဆိုခြင်းများ၊ စိတ်ဆုံးဖြတ်ချက်ချခြင်းများ၊ လက်ထောင်ပြခြင်းများနှင့် ၎င်းတို့နှင့်တူသောနည်းလမ်းများကို သုံးကြလျှက် သခင်ခရစ်တော်ကို သူတို့ကယ်တင်ရှင်အဖြစ်လက်ခံကြရန် လူအများကို စည်းရုံးနေကြပါသည်။ ထိုသို့ပြုကြခြင်းက လူသည် ကယ်တင်ခြင်းရရန် သူ့ဘာသာ ဆုံးဖြတ်ချက်ချနိုင်သည်ဟု ယုံကြည်ကြ၍ပြုနေကြခြင်းဖြစ်သည်။

ထိုသို့ပြောသည့်အခါ၊ အချို့က ထိုသို့ဖြစ်လျှင် ဧဝံဂေလိဟောစရာ လိုပါဦးမည်လား?ဟုမေးချင်ပါလိမ့်မည်။ သို့သော် ဧဝံဂေလိတရားဆိုသည်မှာ "ကယ်တင်ခြင်းကိုပေးသောဘုရားသခင်၏တန်ခိုးတော်"ဖြစ်ပါသည်(ရော၁း၁၆)၊ ဘုရားသခင်က ထာဝရကာလကပင် ရွေးချယ်လျှက် သခင်ခရစ်တော်ထံ၌ကယ်တင်ထားသူများကို ယုံကြည်ခြင်းနှင့် နောင်တတရားကို ပေးသောနည်းလမ်းဖြစ်ပါသည်။ ထို့ကြောင့် ဧဝံဂေလိတရားသည် လူအများကို ကယ်တင်ခြင်းသို့ ပို့ဆောင်သောတန်ခိုးဖြစ်ပါသည်။